# ကြေးမုံ

The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။


Established in 1957

၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်၊ စနေနေ့၊ (5-9-2015) (၈၃၁၄)


## မေတ္တာသည် ရန်ကင်းငြိမ်း၏

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တာသုတ်-၄၄၃။)



# ဧရာဝတီမြစ်အောက်ပိုင်း ရေကြီးရေလျှံကာကွယ်ရန် ဖွံ့ဖြိုးရေးအကူအညီ ယွမ်သန်း ၉၀၀ ခန့် ကျခံဆောင်ရွက်မည့် အလားအလာများ ဆွေးနွေးခဲ့

ပေကျင်း စက်တင်ဘာ ၄

ကမ္ဘာ့ဖက်ဆစ်စနစ်ဆန့်ကျင်မှုအောင်မြင်သည့် နှစ် (၇၀)ပြည့် နှစ်ပတ်လည်အခမ်းအနားသို့ တက်ရောက်ခဲ့သည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ပေကျင်းမြို့ရှိ တီယန်မင်ရင်ပြင် ပြည်သူ့ခန်းမဆောင်ကြီး၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးသည်။ **(ဓါတ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ရေဘေးသင့်ပြည်သူများ လူမှုစီးပွားဘဝ ပြန်လည်ထူထောင်ရေး၊ ဧရာဝတီမြစ်ဝကျွန်းပေါ် အပါအဝင် ဧရာဝတီမြစ်အောက်ပိုင်းဒေသများတွင် ရေကြီးရေလျှံမှု ကာကွယ်ရန်အတွက် ရေတားတမံများ အဆင့်မြှင့်တင်ရေးအပါအဝင် လုပ်ငန်းများအတွက် ဖွံ့ဖြိုးရေးအကူအညီ ယွမ် သန်း ၉၀၀ ခန့် အကုန်အကျခံဆောင်ရွက်နိုင်မည့် အလားအလာများ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံပြည်သူချင်း ဆက်ဆံမှုတိုးမြှင့်ရေး၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နယ်စပ်ဒေသ စီမံခန့်ခွဲမှုများအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ ဘဏ္ဍာရေး၊ စီးပွားရေးနှင့် ကုန်သွယ်မှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီခချန်းနှင့် တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-တရုတ်၊ အာဆီယံ-တရုတ် ဆက်ဆံမှုတိုးမြှင့်ရေး၊ ပြည်သူချင်းဆက်ဆံမှုတိုးမြှင့်ရေး၊ ရေကြီးရေလျှံမှုကာကွယ်ရေးနှင့် ပတ်သက်ပြီး တရုတ်နိုင်ငံ၏ အတွေ့အကြုံနှင့် နည်းပညာများဖလှယ်ရေး၊ ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရေး၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ တရုတ်နိုင်ငံသို့ မြန်မာလူငယ် ပညာတော်သင် ၁၀၀ ဦး စေလွှတ်ရေးနှင့် မြန်မာလူငယ် ၁၀၀ အား တရုတ်နိုင်ငံသို့ လေ့လာရေးခရီးစေလွှတ်ရေး၊ စီးပွားရေးနှင့် ကုန်သွယ်မှုမြှင့်တင်ရေး၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

# နှစ်နိုင်ငံ နယ်စပ်ဒေသ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်သွားရန် နှစ်ဖက်စလုံးသဘောတူညီခဲ့

ပေကျင်း စက်တင်ဘာ ၄

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့က တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပခဲ့သည့် ကမ္ဘာ့ဖက်ဆစ်စနစ်ဆန့်ကျင်မှုအောင်မြင်သည့် နှစ်(၇၀)ပြည့် နှစ်ပတ်လည်အခမ်းအနားသို့ တက်ရောက်ခဲ့သည်။**

**နိုင်ငံတော်သမ္မတသည် စက်တင်ဘာလ ၄ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ၊ ဝန်ကြီးချုပ်တို့ နှင့် သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့ပြီး မြန်မာ-တရုတ် နှစ်နိုင်ငံပူးတွဲသတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။**

## တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တို့၏ ပူးတွဲသတင်းထုတ်ပြန်ချက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၂ ရက်နေ့မှ ၄ ရက်နေ့အထိ တရုတ်နိုင်ငံတွင် ကျင်းပသည့် ကမ္ဘာ့ဖက်ဆစ်စနစ်ဆန့်ကျင်မှု အောင်မြင်သည့် နှစ်(၇၀)ပြည့် နှစ်ပတ်လည်အခမ်းအနားသို့ ပါဝင်တက်ရောက်ခဲ့ပါသည်။ သမ္မတ ရှီကျင့်ဖျင်နှင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်တို့သည် နှစ်နိုင်ငံအမြင်ချင်းဖလှယ်ခဲ့ပြီး တရုတ်-မြန်မာ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးပိုမိုတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် ကဏ္ဍပေါင်းစုံတွင် ခင်မင်ရင်းနှီးသော အပြန်အလှန်ဖလှယ်မှုများ ပြုလုပ်နိုင်ရေးအတွက် အရေးကြီးသော တူညီဆန္ဒများကို ရရှိခဲ့ပါသည်။ တရုတ်ဝန်ကြီးချုပ် မစ္စတာ လီခချန်း သည်လည်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်တွေ့ဆုံခဲ့ပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံအကြား တည်ရှိသည့် အစဉ်အလာရှိသည့် ပေါက်ဖော်ဆက်ဆံရေးနှင့်ပတ်သက်၍ နှစ်ဖက်စလုံးမှ ချီးကျူးပြောဆိုခဲ့ပြီး လွန်ခဲ့သည့် (၆၅)နှစ်မှစတင်ကာ သံတမန်ဆက်သွယ်ခဲ့ချိန်မှစ၍ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ် အပေါ် ခိုင်မာစွာရပ်တည်ကိုင်စွဲမှု၊ အပြန်အလှန်ယုံကြည်မှု၊ အပြန်အလှန်အကျိုးဖြစ်ထွန်းမှုနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများအပေါ် အခြေခံပြီး နှစ်နိုင်ငံဆက်ဆံရေးတွင် သိသာထင်ရှားသော တိုးတက်မှုများ ရရှိခဲ့ပါသည်။ နှစ်နိုင်ငံပြည်သူများ၏ အခြေခံအကျိုးစီးပွားများကို ဦးစားပေးပြီး တရုတ်-မြန်မာဆက်ဆံရေး လမ်းကြောင်းမှန်ပေါ်တွင် ဆက်လက်ချီတက်နိုင်ရန်အတွက် မဟာဗျူဟာမြောက်နှင့် ရေရှည်အမြင်ဖြင့် ပြောင်းလဲဆောင်ရွက်သွားရန် နှစ်နိုင်ငံစလုံး၏ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အပြန်အလှန်ကူညီမှုနှင့် အေးအတူပူအမျှ ရပ်တည်မှုအစဉ်အလာကို ဆက်လက်ကိုင်စွဲသွားရန် နှစ်ဖက်စလုံးက ထပ်လောင်းအတည်ပြု ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် မကြာသေးမီက ရေလွှမ်းမိုးမှုဒဏ်ခံစားခဲ့ရစဉ်အတွင်း တရုတ်နိုင်ငံမှ အချိန်နှင့်တစ်ပြေးညီ ထိရောက်သော အကူအညီများ ပေးအပ်ခဲ့ခြင်းအတွက် မြန်မာနိုင်ငံအနေဖြင့် ကျေးဇူးတင်ရှိပါသည်။ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကြိုးပမ်းမှုများတွင် အကူအညီများ ဆက်လက်ပေးအပ်သွားရန် အဆင်သင့်ရှိပြီး မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှု၊ ပြည်သူများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ကူညီပေးသွားရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ထုတ်ဖော်ပြောကြားခဲ့သည်။

မကြာသေးမီက တီယန်ကျင်းဓာတုသိုလှောင်ရုံဖြစ်စဉ်တွင် သေဆုံး၊ ထိခိုက်ဒဏ်ရာ ရရှိမှုများအတွက် သက်ဆိုင်သည့် ပြည်သူများသို့ မြန်မာနိုင်ငံအနေဖြင့် ဝမ်းနည်းစာနာကြောင်း ဖော်ပြခဲ့သည်။

**စာမျက်နှာ ၃ ကော်လံ ၄ သို့**




## အတွေးအမြင်

**ကြေးမုံစာတည်းရှေ့ထောင့်** — ၅-၉-၂၀၁၅၊ စနေနေ့

# မောင်းသူမဲ့လေယာဉ်

"ဒရုန်း"ဟုခေါ်သော မောင်းသူမဲ့လေယာဉ်များကို တိုးတက်သည့်နိုင်ငံကြီးများအနက် စစ်ရေးနယ်ပယ်တွင် အမေရိကန်နိုင်ငံက အများဆုံးအသုံးပြုကြသည်ကို တွေ့ရပါသည်။ သိပ္ပံနှင့်နည်းပညာများ တိုးတက်ခေတ်မီလာသောအခါ လူလိုက်ပါသော လေယာဉ်ကိုအသုံးမပြုတော့ဘဲ အဝေးမှထိန်းချုပ်သည့်စနစ်ဖြင့် မိမိတို့လိုရာကို ထိရောက်စွာအသုံးချလာကြပါသည်။

မောင်းသူမဲ့လေယာဉ်ဆိုသည်မှာ အရွယ်အစားအမျိုးမျိုးရှိပြီး မြေပြင်မှအကွာအဝေးအလိုက် ထိန်းချုပ်မောင်းနှင်နိုင်သော လေယာဉ်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အပျော်တမ်းမောင်းသူမဲ့လေယာဉ်ငယ်လေးများ ဈေးကွက်သို့ဝင်ရောက်လာသော်လည်း တရားဝင်အသုံးပြုခွင့်မရှိချေ။ ယခုအခါ မြန်မာနိုင်ငံအထက်ပိုင်း၌ သဘာဝဘေးကျရောက်လျက်ရှိရာ သွားလာရန်ခက်ခဲသောဒေသများအတွက် မောင်းသူမဲ့လေယာဉ်ငယ်ဖြင့် ထောက်လှမ်းပြီးနောက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်နိုင်ရန် စတင်ဆောင်ရွက်လာသည်ကိုတွေ့ရသည်။

မြန်မာနိုင်ငံ၌ သဘာဝပတ်ဝန်းကျင်ဆိုင်ရာလုပ်ငန်းများတွင် မောင်းသူမဲ့လေယာဉ်ငယ်များကို အသုံးပြုခြင်းသည် ပိုမိုထိရောက်စွာဆောင်ရွက်နိုင်သဖြင့် နိုင်ငံတော်အပိုင်းကလည်း နေရာအကန့်အသတ်နှင့်သတ်မှတ်သောနေရာတွင် စနစ်တကျအသုံးပြုရန် ခွင့်ပြုပေးလာပြီဖြစ်သည်။ အသုံးဝင်သော ထိုလေယာဉ်ငယ်လေးကို မြန်မာနိုင်ငံတွင် မထုတ်လုပ်နိုင်သဖြင့် ပြည်ပမှတင်သွင်းကြသော်လည်း ယခုအခါ မောင်းသူမဲ့လေယာဉ်ငယ်လေးများကို မြန်မာနိုင်ငံတွင် တီထွင်ထုတ်လုပ်သည်ကို ကြားသိရသဖြင့် များစွာဝမ်းမြောက်မိသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် မောင်းသူမဲ့လေယာဉ်သုတေသနဌာနက ပြေးလမ်းသုံးမောင်းသူမဲ့လေယာဉ် ငါးစင်း၊ လက်ပစ် မောင်းသူမဲ့လေယာဉ် သုံးစင်း၊ ပန်ကာလေးလုံးတပ် မောင်းသူမဲ့လေယာဉ်နှစ်စင်းနှင့် ပန်ကာ ရှစ်လုံးတပ် မောင်းသူမဲ့လေယာဉ် နှစ်စင်းတို့ကို အချိန်ကိုက် အောင်မြင်စွာတီထွင်နိုင်ခဲ့သဖြင့် ယခုကဲ့သို့ သဘာဝဘေးကျရောက်ချိန်တွင် ထိရောက်စွာ အသုံးပြုနေပြီဖြစ်သည်။

ကလေးမြို့နယ်ရေဘေးသင့်ဒေသများအတွင်း ကောင်းကင်မြေပုံထုတ်ယူ တွက်ချက်တိုင်းတာနိုင်ရန်အတွက် သက်ဆိုင်ရာပညာရှင်များက ဩဂုတ် ၂၄ ရက်မှစတင်ကာ တိုင်းတာဆောင်ရွက်မှုများကို ပြုလုပ်နေပြီဖြစ်သည်။ အထူးသဖြင့် သွားလာရခက်ခဲနေပြီး ဝေးလံခေါင်းပါးသောနေရာများ၊ တောင်ပေါ်ဒေသများ၊ ရွှံ့ညွန်များဖြင့် သွားလာမရဖြစ်နေသောနေရာများအား ကောင်းကင်ဓာတ်ပုံရိုက်၍ ဆောင်ရွက်ရမည့်နည်းလမ်းများကို ရှာဖွေခြင်းသည် လွန်စွာထိရောက်ပေသည်။

ချောင်း၊ မြောင်းများ၏ ရေစီးကြောင်းများ ပြောင်းလဲနေပုံများ၊ တောင်ပေါ်ရေကန်များ ရှိ မရှိ၊ ပျက်စီးသွားသောကျေးရွာများ၊ အသစ်ဖြစ်ပေါ်လာသော မြစ်ချောင်းကျိုး နှင့် ရေကန်များ၊ ရေပိုလွှဲချောင်းများနှင့် ရွှေ့ပြောင်းကျေးရွာများအတွက် မြေကွက်သစ်ဖော်ထုတ်ရှာဖွေရေးလုပ်ငန်းများတွင် ကောင်းကင်ဓာတ်ပုံများဖြင့် အသုံးပြုနိုင်ခဲ့သည်။ ရရှိလာသောဓာတ်ပုံများကို တက္ကသိုလ်များနှင့် အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး အကျိုးပြုမြေပုံများ ထုတ်လုပ်ပေးနိုင်ခြင်းသည် ရှာဖွေရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ အနာဂတ်ကာလ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအတွက် အကျိုးရှိသော ဆောင်ရွက်ချက်များဖြစ်သည်။

မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်၏ ကြိုးပမ်းဆောင်ရွက်ချက်သည် ယခုအခါ လက်တွေ့ကျကျ အသုံးဝင်လာသည်။ ပြည်သူ့အကျိုးပြု၊ နိုင်ငံ့အကျိုးပြုလုပ်ငန်းများတွင် ထိရောက်စွာအသုံးပြုခွင့်ရပြီဖြစ်သောကြောင့် တီထွင်ခဲ့ကြသူများအား ကျေးဇူးတင်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် လက်ရှိကာလတွင်ရော အနာဂတ်ကာလတွင်ပါ ရာသီဥတုဖောက်ပြန်မှုများနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များ ရှိနေဦးမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံမှပညာရှင်များ၏ နိုင်ငံ့အကျိုးပြုစွမ်းဆောင်မှုများ အနာဂတ်ကာလတွင် ပိုမိုထိရောက်တိုးတက်ဆောင်ရွက်နိုင်ရန်အတွက် နည်းပညာ၊ အတတ်ပညာ၊ အရင်းအနှီးများ ပိုမိုတိုးတက်ရရှိလာကြလိမ့်မည်ဟု ယုံကြည်ပါသည်။ ။

## နေပြည်တော် ခုတင် (၁၀၀) အပြီးမ်းစားနိုင်ငံ့ဝန်ထမ်းများ ဆေးရုံကြီးတွင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများအား အခမဲ့ခွဲစိတ်ကုသ

**နေပြည်တော် စက်တင်ဘာ ၄**

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမေရိကန်နိုင်ငံအခြေစိုက် Rotaplast အဖွဲ့၊ ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ နေပြည်တော် ခုတင် (၁၀၀) အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ဆေးရုံကြီးတွင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများနှင့် အခြားချို့ယွင်းချက်ရှိသောလူနာများအား ဩဂုတ် ၂၇ ရက်မှ စက်တင်ဘာ ၃ ရက်အထိ အခမဲ့ ခွဲစိတ်ကုသပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့မှ လူနာစုစုပေါင်း ၅၈ ဦးကို ခွဲစိတ်ကုသပေးခဲ့ကြောင်း၊ ယနေ့တွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနာယက ဒေါ်ထွေးထွေးညွန့်၊ ဒုတိယဥက္ကဋ္ဌဒေါ်မူမူဆွေနှင့် ဗဟို အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် ခွဲစိတ်ပြီးလူနာနှင့် ခွဲစိတ်မည့်လူနာများအား သွားရောက်ကြည့်ရှုအားပေးစကားပြောကြားပြီး ငွေကျပ် ၁၈၁၃၅၀၀ တန်ဖိုးရှိ ထောက်ပံ့ငွေနှင့် အာဟာရပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ပြည်သူ့ဝန်ဆောင်မှုရုံး ဇမ္ဗူသီရိမြို့နယ်၌ ဖွင့်လှစ်

**နေပြည်တော် စက်တင်ဘာ ၄**

ပြည်သူတို့၏ လိုအပ်ချက်များကို ဝန်ဆောင်မှုပြုရာတွင် အချိန်တိုအတွင်း ထိထိရောက်ရောက် ဝန်ဆောင်မှုပေးနိုင်ရန် ရည်ရွယ်၍ ဇမ္ဗူသီရိမြို့နယ်တွင် ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shops) ဖွင့်ပွဲကို အဆိုပါရုံးရှေ့တွင် ယမန်နေ့နံနက်ပိုင်းက ကျင်းပရာ နေပြည်တော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်၊ ဇမ္ဗူသီရိမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနေဝင်းနှင့် ဇမ္ဗူသီရိမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးညီညီဝင်းတို့က အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shops) ကို ဌာနဆိုင်ရာ ၁၀ ခုဖြစ်သော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မြို့နယ် လျှပ်စစ်ဌာန၊ မြို့နယ်အခွန်ဦးစီးဌာန၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ဖြင့် ဖွဲ့စည်းထားပြီး ပြည်သူများ၏ လိုအပ်ချက်များကို အချိန်တိုအတွင်း ထိထိရောက်ရောက် ဝန်ဆောင်မှု ပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **(သန့်မောင်)**




## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။ မဲစာရင်းများယွင်းမှု ရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။ မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ၅၀(ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၄**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၆၂၅၀၀ | - | ၇၆၂၅၀၀ |
| မန္တလေး | ရွှေဈေး | ၇၆၂၅၀၀ | - | ၇၆၂၅၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၄၀/၆၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၀၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၀၀/၇၁၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၇၈.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၂၂.၄ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၁.၀၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၅.၆၆၈ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၁.၄၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉.၃၁၅ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၀၆၆.၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၇.၃၈ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၉၅.၆၂ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၀၂.၈၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

## မိုးရာသီ သီးနှံချေးငွေထုတ်ချေး

**အောင်လံ စက်တင်ဘာ ၄**

အောင်လံမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ကျေးရွာအုပ်စု ၉၇ အုပ်စု၊ အစုအဖွဲ့ ၆၅၁၁ ဖွဲ့ အဖွဲ့ဝင်တောင်သူ ၁၉၁၀၁ ဦးအတွက် ၂၀၁၅ ခုနှစ် မိုးရာသီ သီးနှံထုတ်လုပ်မှုဘဏ်ချေးငွေ စုစုပေါင်း ကျပ် ၄၉၇၃၃ ဒသမ ၂၀ သိန်းအား ဩဂုတ် ၂၆ ရက်တွင် အပြီးသတ် ထုတ်ချေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ကြေးမုံ
နေ့စဉ်သတင်းစာ
**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းများ** - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
**သတင်းထောက်မှူး** - ဦးငွေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
**အနုပညာစာတည်း** - ခင်ခင်သက်
**အားကစားစာတည်း** - မေလှဲ့သင်း
**ဆောင်းပါးစာတည်း** - စန္ဒာဝင်း
**အကြီးတန်းသတင်းထောက်များ** - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊
**အငယ်တန်းသတင်းထောက်များ** - သီသီမင်း၊ အောင်ကျော်ဦး၊ ခင်ဇာလီ၊ သန့်ဇင်ဝင်း၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
**အထူးသတင်းထောက်** - စုနှင်းလှဲ့၊ သီရိ

## ပြည်တွင်းရေးရာ

❒ရောဝတီမှ

အဆိုပါ တွေ့ဆုံမှုများတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတနှင့် ဝန်ကြီးချုပ်တို့က မြန်မာနိုင်ငံအနေဖြင့် မိမိနိုင်ငံ၏အခြေအနေနှင့် ကိုက်ညီသည့် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းကို ရွေးချယ်မှုအပေါ် ထောက်ခံကြောင်းနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ထပ်လောင်းအတည်ပြုပြောကြားခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲများသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးလှထွန်း၊ ဦးခင်မောင်စိုး၊ ဦးဇေယျာအောင်၊ ဦးရဲထွဋ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီခချန်းနှင့် တွေ့ဆုံဆွေးနွေးစဉ်။** (သတင်းစဉ်)

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဒါနရှေ့ဆောင်မြန်မာအဖွဲ့မှ တိုင်းရင်းသားလူငယ်များ လာရောက်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၄**

ဒါနရှေ့ဆောင်မြန်မာအဖွဲ့မှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမည့် တိုင်းရင်းသားလူငယ် ၅၀သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးသို့ လာရောက်လေ့လာကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ရှေးဦးစွာ ဒါနရှေ့ဆောင်မြန်မာအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက မိတ်ဆက်စကားပြောကြားပြီးနောက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌက ကော်မရှင်ဖွဲ့စည်းပုံနှင့် တာဝန်များ၊ ရွေးကောက်ပွဲစနစ်၊ မဲပေးမှုစနစ်၊ ကျင်းပပြီးခဲ့သည့် ရွေးကောက်ပွဲများအပေါ် သုံးသပ်၍ ဥပဒေ၊ နည်းဥပဒေများကို ပြန်လည်လေ့လာပြီး ဥပဒေနှင့်အညီ ရှင်းလင်းပွင့်လင်းမြင်သာမှုရှိသော နည်းဥပဒေများပြင်ဆင်ထားရှိမှု၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမည့် လူမှုအဖွဲ့အစည်းများအနေဖြင့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များနှင့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ လိုက်နာရမည့်ကျင့်ဝတ်တို့ကို သိရှိလိုက်နာပြီး လူထုကိုပညာပေးရန် လိုအပ်မှု၊ နိုင်ငံအကျိုးအတွက် ရွေးကောက်ပွဲ၏အနှစ်သာရနှင့်အညီ အရည်အချင်းပြည့်ဝသော လူထုကိုယ်စားလှယ်များ ရွေးချယ်ရေးတို့ကို ရှင်းလင်းပြောကြားသည်။

၎င်းနောက် တိုင်းရင်းသားလူငယ်များက မေးမြန်းခဲ့သည့် မဲဆန္ဒရှင်ပညာပေးဆင့်ပွားသင်တန်းများ ဆောင်ရွက်ရာတွင် ကော်မရှင်အဖွဲ့ခွဲများအနေဖြင့် ကူညီပေးနိုင်မှုနှင့်ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကလည်းကောင်း၊ လွတ်လပ်၍ တရားမျှတပြီး ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲဖြစ်အောင် ဆောင်ရွက်ထားရှိမှု၊ တပ်မတော်သားများ ကြိုတင်မဲပေးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုဖြေရှင်းရေး ခုံအဖွဲ့များ ဖွဲ့စည်းထားရှိမှုများနှင့် စပ်လျဉ်း၍ အဖွဲ့ဝင် ဦးမြင့်နိုင်က လည်းကောင်း၊ ဘာသာရေးကိုအကြောင်းပြု၍ မဲဆွယ်စည်းရုံးမှု မပြုရေး၊ ရွေးကောက်ပွဲတွင် ဆိုရှယ်မီဒီယာများ၏ တရားမဲ့ဝေဖန် ပြောဆိုမှုနှင့် ပတ်သက်၍ အဖွဲ့ဝင်ဦးဝင်းကိုက လည်းကောင်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

(သတင်းစဉ်)

❂ရွှေဖုံးမှ

နှစ်နိုင်ငံအကြား နိုင်ငံတော်အဆင့် လည်ပတ်မှုများနှင့် နိုင်ငံရေးပါတီများ၊အစိုးရအဖွဲ့အစည်းများ၊ တပ်မတော်များ၊ ဒေသများအကြားနှင့် ပြည်သူများအကြား ကဏ္ဍပေါင်းစုံတွင် ခင်မင်ရင်းနှီးသော အပြန်အလှန်လည်ပတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားရန် နှစ်ဖက်စလုံးမှ သဘောတူညီခဲ့သည်။ နှစ်နိုင်ငံကုန်သွယ်မှု တိုးမြှင့်ရေးနှင့် တန်းတူညီမျှမှုနှင့် အပြန်အလှန်အကျိုးဖြစ်ထွန်းမှုအပေါ် အခြေခံကာ စီးပွားရေး၊ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်သွားရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ တစ်ခုတည်းသောရပ်ဝန်း၊ တစ်ခုတည်းသော လမ်းကြောင်း(One Belt One Road)အစီအစဉ်နှင့် BCIM ပူးပေါင်းဆောင်ရွက်မှုမှုဘောင်များအတွင်းမှ ဆိပ်ကမ်းနှင့်လမ်းမများ၊ ရထားလမ်းများ အစရှိသည့် အခြေခံအဆောက်အအုံ ပေါင်းစည်းဆက်နွယ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရန်၊ တရုတ်-မြန်မာ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုကော်မတီနှင့် အစိုးရအဖွဲ့အစည်းများအကြား လျှပ်စစ်စွမ်းအားကဏ္ဍပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များအား အပြည့်အဝ အသုံးချကာ အကျိုးတူဖွံ့ဖြိုးတိုးတက်မှုနှင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအတွက် လယ်ယာကဏ္ဍ၊ လျှပ်စစ်စွမ်းအားကဏ္ဍ၊ ထုတ်လုပ်မှုစွမ်းရည်ကဏ္ဍ၊ ငွေကြေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားရန် နှစ်ဖက်စလုံးမှ သဘောတူညီခဲ့သည်။

တရုတ်-မြန်မာ သံတမန်ဆက်သွယ်မှု (၆၅)နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားဖြစ်သည့် "မြန်မာလူငယ် ၁၀၀၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အလည်အပတ်ခရီးစဉ်" အစီအစဉ်အောင်မြင်ရေး၊ ပြည်သူများအကြား အသွင်သဏ္ဍာန်မျိုးစုံဖြင့် အပြန်အလှန်ဖလှယ်မှုများ တိုးချဲ့ရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ သတင်း၊ အားကစား၊ ကျန်းမာရေး၊ ဘာသာရေးစသည့် ကဏ္ဍများတွင် နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှု စဉ်ဆက်မပြတ် နက်ရှိုင်းစေရန်အတွက် အပြန်အလှန် ပူးပေါင်းဆောင်ရွက်သွားရန် နှစ်ဖက်စလုံးမှ သဘောတူညီခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းအခြေအနေများနှင့် ကိုက်ညီသည့် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်း ရွေးချယ်သည်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ထောက်ခံပါသည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံရေးတည်ငြိမ်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် လူမှုရေးအရ သဟဇာတဖြစ်မှုများ ရရှိခံစားနိုင်မည်ဟု မျှော်လင့်ကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ထုတ်ဖော်ပြောကြားခဲ့ပါသည်။ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တိုးတက်အောင်မြင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အပြုသဘောပါဝင်မှုကို မြန်မာနိုင်ငံမှ ချီးကျူးပြောကြားခဲ့ပြီး အဆိုပါ လုပ်ငန်းစဉ်များတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အပြုသဘော ဆက်လက်ကြိုးပမ်းမှုများကို မြန်မာနိုင်ငံအနေဖြင့် ကြိုဆိုကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။ နှစ်နိုင်ငံနယ်စပ်ဒေသတွင် တည်ငြိမ်အေးချမ်းမှု ထိန်းသိမ်းရန်အတွက် အတူတကွ လက်တွဲဆောင်ရွက်ရန်နှင့် နယ်စပ်ဒေသစီမံခန့်ခွဲမှု ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်သွားရန် နှစ်ဖက်စလုံးမှ သဘောတူညီခဲ့ပါသည်။

# ရန်ကုန်တိုင်းဒေသကြီး၌ ယှဉ်ပြိုင်မည့် ရွေးကောက်ပွဲဝင်ကိုယ်စားလှယ်လောင်းများစာရင်း ထုတ်ပြန်မည်

**ရန်ကုန် စက်တင်ဘာ ၄**

၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၌ ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများစာရင်းကို (စက်တင်ဘာ ၅၊ ၆၊ ၇)အတွင်း ထုတ်ပြန်ကြေညာနိုင်ရန် စီစဉ်နေသည်ဟု ရန်ကုန်တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကိုကိုထံမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး၌လွှတ်တော်သုံးရပ်ဖြစ်သည့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်တို့အပြင် ကရင်တိုင်းရင်းသားရေးရာကိုယ်စားလှယ်နှင့် ရခိုင်တိုင်းရင်းသားရေးရာ ကိုယ်စားလှယ်တို့အတွက် ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းသူ စုစုပေါင်း ၈၃၆ ဦးရှိခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ သိရသည်။

ယင်းသို့ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းရာတွင် မိမိ၏သဘောဆန္ဒအလျောက် ပြန်လည်နုတ်ထွက်ခဲ့သူ ခြောက်ဦးရှိခဲ့ပြီး ကိုယ်စားလှယ်လောင်း အရည်အချင်းသတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိ၍ငြင်းပယ်ခြင်းခံရသူ ၂၈ ဦးရှိခဲ့သည်။ ထို့ကြောင့် လက်ရှိတွင် ကိုယ်စားလှယ်လောင်း အရည်အချင်းနှင့်ကိုက်ညီသူ ၈၀၂ ဦးရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကိုကိုက "ကိုယ်စားလှယ်လောင်းအဖြစ် စိစစ်ပြီးကျန်ရှိနေတဲ့ ၈၀၂ ဦးက အတည်လို့ ပြောလို့မရသေးဘူး။ ခရိုင်ကစိစစ်ပြီးငြင်းပယ်ခံထားရတဲ့ ၂၈ ဦးမှာ တချို့က တိုင်းဒေသကြီးကို အယူခံတက်ထားတာရှိနေတယ်။ အယူခံနိုင်ရင် လက်ရှိ ၈၀၂ ယောက်စာရင်းမှာ ထပ်ပေါင်းရမယ်ဆိုတော့ ထပ်တိုးလာတာတွေလည်း ရှိနိုင်တယ်" ဟု ပြောသည်။

မွေးဖွားစဉ်က မိဘနှစ်ပါး သို့မဟုတ် တစ်ပါးပါးသည် မြန်မာနိုင်ငံသားမဟုတ်ခြင်း၊ ကိုယ်စားလှယ်လောင်းသည် သတ်မှတ်ထားသည့် အသက်ပြည့်မီမှုမရှိခြင်း၊ မြန်မာနိုင်ငံအတွင်း တစ်ဆက်တစ်စပ်တည်း ၁၀ နှစ် နေထိုင်ခဲ့ခြင်း မရှိသူဖြစ်ခြင်း အစရှိသည့် အချက်များနှင့် ငြိစွန်းမှုများရှိသဖြင့် ကိုယ်စားလှယ်လောင်းအဖြစ်မှ ငြင်းပယ်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် လျှောက်ထားသူသည် အသက် (၂၅) နှစ်ပြည့်ပြီးသူ ဖြစ်ရမည်ဖြစ်သည်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်း အဖြစ်လျှောက်ထားသူသည် အသက် (၃၀) ပြည့်ပြီးသူ ဖြစ်ရမည် ဖြစ်သည်။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေအခန်း (၁၀) တွင် ဖော်ပြထားသည့် ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိသည့် အချက်များနှင့် ငြိစွန်းနေပါက ကိုယ်စားလှယ်လောင်းအဖြစ် ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်ခွင့်ရရှိမည် မဟုတ်ပေ။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က မဲဆွယ်စည်းရုံးခွင့်ကာလကို စက်တင်ဘာ ၈ ရက် နံနက် ၆ နာရီမှ နိုဝင်ဘာ ၆ ရက် ည ၁၂ နာရီအထိ ရက်ပေါင်း ၆၀ ခွင့်ပြုထားကြောင်း ဩဂုတ် ၁၇ ရက်က ထုတ်ပြန်ကြေညာထားသည်။

ယင်းထုတ်ပြန်ချက်တွင် လွှတ်တော်အသီးသီးအတွက် ရွေးကောက်ပွဲများကျင်းပရာတွင် ဥပဒေနှင့် အညီ လွတ်လပ်၍ တရားမျှတမှုရှိသော ရွေးကောက်ပွဲများဖြစ်စေရေးအတွက် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် မဲဆွယ်စည်းရုံးရာတွင် ထုတ်ပြန်ထားသော ညွှန်ကြားချက်နှင့် အညီဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ထို့အပြင် ၂၀၁၅ ခုနှစ် ဇွန် ၂၆ ရက်က သဘောတူ လက်မှတ်ရေးထိုးခဲ့ကြသော နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ် (Code of Conduct for political parties and candidates) ကို စောင့်ထိန်းလိုက်နာကြရန် လိုအပ်မည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

**မြတ်သန္တာမောင်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းပယ်ဖျက်ခြင်း အယူခံမှုများ ကြားနာစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စစ်ဆေးကြားနာရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့်အဖွဲ့ဝင်နှစ်ဦးတို့သည် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းစိစစ်ခြင်းနှင့် စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ပယ်ဖျက်ခဲ့သော လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးစိုင်းကျော်ဇောက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်သွင်းလာသည့် အယူခံမှုအပေါ် ယနေ့ နံနက် ၁၀ နာရီခွဲတွင် စစ်ဆေးကြားနာခဲ့သည်။ စစ်ဆေးကြားနာရေးအဖွဲ့မှ အယူခံပုဂ္ဂိုလ်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူတို့၏ လျှောက်ထားချက်များအားကြားနာခဲ့ပြီးနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ရုံးတော်သဟာယ၏ အကြံပြုချက်နှင့်အတူ တွေ့ရှိချက်၊ သုံးသပ်ချက်တို့အား အစီရင်ခံတင်ပြခဲ့ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်စုံညီအဖွဲ့မှ ၎င်းအား သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❒

# ဆီးရီးယားရှေးဟောင်း မျှော်စင်အုတ်ဂူသုံးလုံး ဖျက်ဆီးခံရ

**ဒမတ်စကတ် စက်တင်ဘာ ၄**

အစ္စလာမ့်စ်နိုင်ငံတော် (အိုင်အက်စ်)အဖွဲ့သည် ဆီးရီးယားနိုင်ငံရှိ ရှေးဟောင်းမြို့ကြီးဖြစ်သော ပယ်လ်မီယာမြို့၌ တည်ရှိသည့် မျှော်စင်ပုံသဏ္ဌာန် အုတ်ဂူသုံးလုံးကို ဖျက်ဆီးခဲ့ကြောင်း ရှေးဟောင်းယဉ်ကျေးမှုဌာန အကြီးအကဲက စက်တင်ဘာ ၄ ရက်တွင် ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အေဒီ ၄၄၊ အေဒီ ၈၃ နှင့် အေဒီ ၁၀၃ သက္ကရာဇ်နှစ်များက တည်ဆောက်ခဲ့ပြီး ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်လာခဲ့သော ရှေးဟောင်းအုတ်ဂူများကို အိုင်အက်စ်စစ်သွေးကြွများက ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း ဆီးရီးယားနိုင်ငံမြို့တော် ဒမတ်စကတ်ရှိ ရှေးဟောင်းယဉ်ကျေးမှုနှင့် ပြတိုက်များဌာန၏ အကြီးအကဲ အဗ္ဗဒူကာရင်က ပြောကြားသည်။

ရှေးဟောင်းယဉ်ကျေးမှုလက်ရာ အုတ်ဂူများသည် လွန်ခဲ့သည့် ၁၀ ရက်က ဖျက်ဆီးခံခဲ့ရခြင်းဖြစ်ကြောင်း၊ နှစ်ပေါင်း ၂၀၀၀ သက်တမ်းရှိ ဘဲလ်အမည် ဘာသာရေးကျောင်းတော် ဖောက်ခွဲဖျက်ဆီးခံရခြင်းမခံရမီ ယင်းအုတ်ဂူမျှော်စင်များ ဖျက်ဆီးခံခဲ့ရကြောင်း ၎င်းက ပြောကြားသည်။

သက်တမ်းထောင်ချီ တည်တံ့ခဲ့သော အိုအေစစ်မြို့ဖြစ်သည့် ပယ်လ်မီယာမြို့ရှိ ရှေးဟောင်းယဉ်ကျေးမှု အနုပညာမြောက် အဆောက်အအုံများ ဖျက်ဆီးခံရခြင်းသည် ရှေးဟောင်းမြို့ကြီးတစ်မြို့ စုံးစုံးမြုပ် ပျောက်ကွယ်သွားသည့် အဓိပ္ပာယ်ဖြစ်သည်ဆို၏။

အိုင်အက်စ်အဖွဲ့သည် အေဒီ ၂ ရာစုက တည်ဆောက်ခဲ့သော ဘားလ်ရှာမင်း ဘာသာရေးကျောင်းတော်ကိုလည်း ဖောက်ခွဲဖျက်ဆီးခဲ့သည်။ ယင်း အဆောက်အအုံကို ဖျက်ဆီးခြင်းသည် စစ်ရာဇဝတ်မှု ကျူးလွန်ခြင်းဖြစ်သည်ဟု ကုလသမဂ္ဂ ယူနက်စကိုအဖွဲ့က ပြစ်တင်ရှုတ်ချခဲ့သည်။

**ဆင်ဟွာ။**



# ကမ္ဘာတစ်ဝန်း စစ်ရေးပဋိပက္ခများကြောင့် ကလေးသူငယ် ၁၃ သန်းကျော် ကျောင်းမတက်နိုင်

**ဘေရွတ် စက်တင်ဘာ ၄**

အရှေ့အလယ်ပိုင်းဒေသနှင့် အာဖရိကမြောက်ပိုင်း ဒေသတို့၌ စစ်ရေးပဋိပက္ခများ ဖြစ်ပွားခြင်းကြောင့် ကလေးသူငယ် ၁၃ သန်းကျော်မှာ ကျောင်းတက်နိုင်ခြင်း မရှိကြောင်း၊ အကျိုးရလဒ်မှာ ကလေးများ၏ အနာဂတ်မျှော်မှန်းချက်များ ပျက်သုဉ်းနေရခြင်းဖြစ်ကြောင်း ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်)က စက်တင်ဘာ ၃ ရက်တွင် ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်၌ ဖော်ပြသည်။

ဆီးရီးယား၊ အီရတ်၊ ယီမင်နှင့် လစ်ဗျား နိုင်ငံတို့အပါအဝင် ကမ္ဘာ့နေရာဒေသ ကိုးခုမှ ကျောင်းနေအရွယ် ကလေးသူငယ်များအပေါ် ဒေသဆိုင်ရာ စစ်ရေးပဋိပက္ခများ၏ အကျိုးသက်ရောက်မှုနှင့် ပတ်သက်၍ “စစ်ရေးပဋိပက္ခအောက်ရှိ ပညာရေး”ဟူ၍ အမည်ပေးထားသော အစီရင်ခံစာကို ယူနီဆက်ဖ်အဖွဲ့က ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

ရင်သွေးငယ်ကလေးများ ပညာသင်ယူခွင့်ရရှိရေးသည် မိမိတို့၏ ဦးစားပေးမှုတစ်ရပ်ဖြစ်သည်ဟု ဒုက္ခသည်ဘဝ၌ ရှိနေကြသော မိဘများက အမြဲတစေပြောဆိုကြကြောင်း ယူနီဆက်ဖ်အဖွဲ့၏ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး ပီတာဆာလာရေးက ပြောသည်။

စာသင်ကျောင်းများ တိုက်ခိုက်ခံရမှုသည် ကလေးသူငယ်များ ကျောင်းတက်နိုင်ခြင်းမရှိသည့် အကြောင်းတရားတစ်ရပ်ဖြစ်ကြောင်း အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားသည်။

**ရိုက်တာ။**

# ဆီးရီးယားဒုက္ခသည်များအား ဗြိတိန်နိုင်ငံက ကယ်ဆယ်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ကတိပြု

**လစ္စဘွန်း စက်တင်ဘာ ၄**

လူသားချင်း စာနာထောက်ထားသည့်အနေဖြင့် ဆီးရီးယားဒုက္ခသည် မြောက်မြားစွာကို ဗြိတိန်နိုင်ငံအနေဖြင့် လက်ခံကယ်ဆယ်ထားမည်ဖြစ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်းက ကတိပေးပြောကြားခဲ့သည်။

ဥရောပတွင် ပြုလုပ်မည့် ဒုက္ခသည်များအား ညီတူညီမျှခွဲဝေလက်ခံကယ်ဆယ်ခြင်းအစီအစဉ်တွင် ယင်းအနေဖြင့် ပါဝင်မည်မဟုတ်သော်လည်း အရှေ့အလယ်ပိုင်းရှိ ကုလသမဂ္ဂအဖွဲ့၏ ဒုက္ခသည်စခန်းများမှ ဆီးရီးယားဒုက္ခသည်များအား တိုက်ရိုက်ခေါ်ယူမည်ဖြစ်သည်ဟု ဝန်ကြီးချုပ်က ဆိုသည်။

ဗြိတိန်နိုင်ငံသည် ဥရောပနိုင်ငံများတွင် ဒုက္ခသည်အများဆုံးကယ်ဆယ်ပေးသည့် နိုင်ငံဖြစ်ကြောင်း ဝန်ကြီးချုပ် ကင်မရွန်းက ပေါ်တူဂီနိုင်ငံဝန်ကြီးချုပ်နှင့် တွေ့ဆုံစဉ်က ပြောကြားခဲ့ကြောင်း သိရသည်။

ဗြိတိန်နိုင်ငံသည် ဒုက္ခသည် ၅၀၀၀ ခန့်ကို ကယ်ဆယ်ထားပြီးဖြစ်ကြောင်းနှင့် နောက်ထပ်ဒုက္ခသည်အများအပြားကို ကယ်ဆယ်ပေးမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က အခိုင်အမာပြောခဲ့သည်။

ဆီးရီးယားလူငယ်တစ်ဦး ရေနစ်သေဆုံးခဲ့သည့် အချိန်မှစပြီး ဆီးရီးယား ဒုက္ခသည်များ၏ အတိဒုက္ခသည် အင်တာနက်စာမျက်နှာပေါ်တွင် ပျံ့နှံ့သွားခဲ့ပြီး ဗြိတိန်နိုင်ငံအတွက်လည်း ဒုက္ခသည်များအား ကူညီမှုပြုရန် ဖိအားများဖြစ်စေခဲ့သည်။

ပေါ်တူဂီနိုင်ငံအနေဖြင့်လည်း ဒုက္ခသည်များအား ကူညီဆောင်မမှုများပေးရန် အသင့်ရှိကြောင်း ပေါ်တူဂီဝန်ကြီးချုပ်က ဆိုသည်။ သို့သော် ဇူလိုင်လက သဘောတူညီခဲ့သည့် ပေါ်တူဂီနိုင်ငံ၏ ခွဲတမ်းအနေဖြင့် ဒုက္ခသည် ၁၅၀၀ အပြင် နောက်ထပ်မည်မျှ ကယ်ဆယ်ထားမလဲ ဆိုသည်ကို ထုတ်ဖော်ပြောကြားခြင်းမရှိသေးပေ။ **ဆင်ဟွာ။**

# သီရိလင်္ကာအစိုးရသစ် ဝန်ကြီးများ သမ္မတ မိုင်သရီပါလာသီရိသေနာရှေ့မှောက်၌ ကျမ်းသစ္စာကျိန်ဆို

**ကိုလံဘို စက်တင်ဘာ ၄**

တိုင်းပြည်၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အတည်ပြုထားသော ဝန်ကြီးအရေအတွက် ၃၀ ထက် ပိုမိုခန့်အပ်ရန် လွှတ်တော်မှ အတည်ပြုမှုရရှိပြီးနောက် ဝန်ကြီး ၄၂ ဦးဖြင့် ဖွဲ့စည်းထားသော သီရိလင်္ကာအမျိုးသားညီညွတ်ရေး အစိုးရသစ်သည် ယနေ့ သမ္မတ မိုင်သရီပါလာသီရိသေနာ ရှေ့မှောက်၌ ကျမ်းသစ္စာကျိန်ဆိုလိုက်ပြီဖြစ်သည်။

နိုင်ငံခြားရေးဝန်ကြီး မန်ဂါလာဆန်မာရာဝီရာမှာ အစောပိုင်းက ကျမ်းသစ္စာကျိန်ဆိုပြီးဖြစ်သည်။ ထို့ကြောင့် သီရိလင်္ကာအစိုးရအဖွဲ့သစ်ကို ဝန်ကြီး ၄၃ ဦးဖြင့် ဖွဲ့စည်းထားပြီး ၄၂ ဦးမှာ ယနေ့မှစတင်၍ လုပ်ငန်းများ တရားဝင်ထမ်းဆောင်မည်ဖြစ်သည်။

ဩဂုတ် ၁၇ ရက်က ကျင်းပခဲ့သော ပါလီမန်ရွေးကောက်ပွဲတစ်ရပ်တွင် အနိုင်ရရှိခဲ့သည့် ဝန်ကြီးချုပ် ရာနေးလ်ဝက်ခ်ရီမီဆင်း၏ ဦးဆောင်သော အာဏာရ အမျိုးသားညီညွတ်ရေးပါတီ (UNP) သည် သီရိလင်္ကာနိုင်ငံ၌ အမျိုးသားအစိုးရတစ်ရပ် ဖွဲ့စည်းရန်နှင့် လာမည့်နှစ်နှစ်တာကာလအတွက် လွှတ်တော်၌ အတူတကွ လုပ်ကိုင်ရန် အတိုက်အခံ ပြည်သူ့လွတ်မြောက်ရေး မဟာမိတ်ပါတီ (UPFA) နှင့် ပူးပေါင်းလုပ်ကိုင်ရန် သဘောတူညီထားသည်။ **ဆင်ဟွာ။**





# မြောက်ကာရိုလိုင်းနား၌ ရဟတ်ယာဉ်မတော်တဆမှုဖြစ်ပွား ကမ်းတက်တပ်သား တစ်ဦးသေဆုံး၊ ၁၁ ဦး ဒဏ်ရာရ

**ဝါရှင်တန် စက်တင်ဘာ ၄**

အမေရိကန်ပြည်ထောင်စု မြောက်ကာရိုလိုင်းနားပြည်နယ်ရှိ လီဂျူး(န်)တပ်စခန်းတွင် စစ်ရဟတ်ယာဉ်တစ်စင်းသည် မြေပြင်သို့ ဒေါင်လိုက်အနေအထား၌ အရှိန်ဖြင့် အမြန်ဆုံး ဆင်းသက်သည့်လေ့ကျင့်ခန်း လုပ်ဆောင်စဉ် မတော်တဆမှုဖြစ်ပွားရာ ကမ်းတက်တပ်သားတစ်ဦး သေဆုံးပြီး ၁၁ ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ကမ်းတက်တပ်ဖွဲ့က စက်တင်ဘာ ၃ ရက်တွင် ပြောကြားသည်။

ယင်းမတော်တဆမှုမှာ စက်တင်ဘာ ၂ ရက် ည ၉ နာရီခန့်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ စစ်ရဟတ်ယာဉ်မှာ စီအိပ်ချ်-၅၃အီး အမျိုးအစားဖြစ်ပြီး ယင်းမတော်တဆမှုဖြစ်ရပ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးနေကြောင်း ယင်းတပ်ဖွဲ့က ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြသည်။

ထိခိုက်ဒဏ်ရာရသူ တပ်သားနှစ်ဦးမှာ ဆေးရုံတက်ကုသမှုခံယူနေရပြီး အခြေအနေမှာစိုးရိမ်ဖွယ်မရှိကြောင်း၊ အခြားထိခိုက်ဒဏ်ရာရသူ ကိုးဦးမှာ ကျန်းမာရေးစစ်ဆေးမှုခံယူပြီးနောက် ဆေးရုံမှ ဆင်းခွင့်ပြုရန် စီစဉ်ထားကြောင်း ကမ်းတက်တပ်ဖွဲ့၏ ကြေညာချက်တွင် ဖော်ပြသည်။

ထိခိုက်ဒဏ်ရာရရှိသည့် ကမ်းတက်တပ်သားများ၏ မိသားစုများနှင့် အဆက်အသွယ်ရရှိရေးဆောင်ရွက်နေပြီး သေဆုံးသူတပ်ဖွဲ့ဝင်၏ အမည်ကို အခင်းဖြစ်ပွားပြီး ၂၄ နာရီ မပြည့်မီအထိ ထုတ်ပြန်ခြင်းပြုမည်မဟုတ်ကြောင်း ယင်းစစ်စခန်း၏ကြေညာချက်တွင် ဖော်ပြသည်။

စုံစမ်းစစ်ဆေးမှုမှာ ရက်သတ္တပတ်အနည်းငယ် သို့မဟုတ် လအနည်းငယ်ကြာမြင့်မည်ဖြစ်ကြောင်း ကြေညာချက်တွင်ဖော်ပြသည်။

လီဂျူး(န်)စခန်းမှ အထူးစစ်ဆင်ရေးလုပ်ငန်းများ တပ်ဖွဲ့၏ တပ်သားလေးဦးနှင့် ကမ်းတက်တပ်ဖွဲ့ဝင် ခုနစ်ဦးတို့သည် ယခုနှစ် မတ်လအတွင်းက ယူအိပ်ချ်-၆၀ ဘလက်ဟော့ခ်ရဟတ်ယာဉ် လေ့ကျင့်ပျံသန်းစဉ် ဖလော်ရီဒါကမ်းလွန်ရှိ ရေပြင်တွင်းသို့ ပျက်ကျခဲ့ရာမှ သေဆုံးခဲ့သည်။

**ရိုက်တာ။**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ယနေ့ဒေသစံတော်ချိန် မွန်းလွဲ ၁၂နာရီ မိနစ် ၄၀ တွင် ပေကျင်းမြို့မှ အထူးလေယာဉ်ဖြင့် ထွက်ခွာလာရာ ဒေသစံတော်ချိန် ညနေ ၄ နာရီ ၅ မိနစ်တွင် ကူမင်းလေဆိပ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များ ကူမင်းလေဆိပ်သို့ရောက်ရှိစဉ် လေဆိပ်ဧည့်ခန်းမဆောင်၌ နိုင်ငံတော်သမ္မတအား ယူနန်ပြည်နယ် ပါတီအထွေထွေအတွင်းရေးမှူး မစ္စတာ လီကျီဟန်က လာရောက်ဂါရဝပြုတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်အကြား တရားဝင်ကုန်သွယ်မှုများ တိုးမြှင့်ရေး၊ ရွှေလီ-မူဆယ် စီးပွားရေးဇုန် အကောင်အထည်ဖော်နိုင်ရေးအလားအလာများ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ သစ်ခိုးထုတ်မှု၊ မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ လူကုန်ကူးမှုအပါအဝင် တရားမဝင်လုပ်ငန်းများကို တားဆီးဟန့်တားရေး၊ မြန်မာနိုင်ငံမှ ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မြန်မာအမျိုးသားလေကြောင်းအထူးလေယာဉ်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းလေဆိပ်မှ ပြန်လည်ထွက်ခွာရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ သံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများနှင့် မိသားစုများက ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ညနေ ၅ နာရီ မိနစ် ၅၀ တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညွှန့်ထွန်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ **(အပေါ်ယာပုံ)**



တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပခဲ့သည့် ကမ္ဘာ့ဖက်ဆစ်စနစ်ဆန့်ကျင်မှုအောင်မြင်သည့် နှစ်(၇၀)ပြည့် နှစ်ပတ်လည်အခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နိုင်ငံပေါင်း ၄၈ နိုင်ငံမှ နိုင်ငံ့အကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အထူးသံတမန်များ၊ နိုင်ငံတကာအဖွဲ့အစည်း ၁၀ ဖွဲ့မှ ခေါင်းဆောင်များနှင့်အတူ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

**(သတင်းစဉ်)**

# မြန်မာပြည်သူတွေက မိမိနိုင်ငံနဲ့သင့်လျော်တဲ့ နိုင်ငံရေးစနစ်ကို ရွေးချယ်မှုအပေါ်မှာ သူတို့အပြည့်အဝထောက်ခံ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၃ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပခဲ့သည့် ကမ္ဘာ့ဖက်ဆစ်စနစ်ဆန့်ကျင်မှုအောင်မြင်သည့် နှစ်(၇၀)ပြည့် နှစ်ပတ်လည်အခမ်းအနားသို့ တက်ရောက်ခဲ့သည့် ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသည့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးရဲထွဋ်နှင့် တွေ့ဆုံမေးမြန်းခဲ့မှုများအား ရေးသားဖော်ပြလိုက်ပါသည်။**

**ဦးရဲထွဋ် ပြည်ထောင်စုဝန်ကြီး
ပြန်ကြားရေးဝန်ကြီးဌာန**

"ကျွန်တော်တို့ တရုတ်နိုင်ငံကို သွားရောက်ပြီး စစ်ရေးပြအခမ်းအနား တက်ရောက်တဲ့ရည်ရွယ်ချက်ကတော့ ၁၉၃၁ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ နှစ်ပေါင်း ၁၄ နှစ်၊ ၁၅ နှစ်လောက် ဖက်ဆစ်စနစ်ကို တွန်းလှန်ခဲ့တဲ့ တရုတ်ပြည်သူတွေနဲ့ တရုတ်ကွန်မြူနစ်ပါတီရဲ့ အခန်းကဏ္ဍကို အသိအမှတ်ပြုတဲ့အနေနဲ့ ကျွန်တော်တို့ တက်ရောက်တာဖြစ်ပါတယ်။ ဒုတိယရည်ရွယ်ချက်ကတော့ ဒုတိယကမ္ဘာစစ်မှာ ကျွန်တော်တို့ ကြုံတွေ့ခဲ့ရတဲ့ သင်ခန်းစာတွေပါ။ မြန်မာနိုင်ငံကလည်း ဘာပဲပြောပြော ဖက်ဆစ်စနစ်အောက်မှာ သုံးနှစ်နီးပါးခန့် နေခဲ့ရတဲ့အတွက်ကြောင့်မို့ ဖက်ဆစ်စနစ်ကနေရရှိခဲ့တဲ့ သင်ခန်းစာတွေ နမူနာယူပြီးတော့မှ နောင်ကမ္ဘာပေါ်မှာ ဘယ်တော့မှ ဖက်ဆစ်စနစ် ပြန်လည်ထွန်းကားလာခြင်းမရှိအောင် ကာကွယ်ကြမယ်ဆိုတဲ့ သန္နိဋ္ဌာန်ချမှတ်မှုကို သက်သေပြတဲ့အနေနဲ့ တက်ရောက်ခဲ့တာပါ။ ဒီစစ်ရေးပြအခမ်းအနားကို တက်ရောက်ပြီးတဲ့နောက် စက်တင်ဘာ ၄ ရက် မနက်မှာ တရုတ်ပြည်သူ့သမ္မတကြီးနဲ့ တရုတ်ဝန်ကြီးချုပ်တို့နဲ့ နိုင်ငံတော်သမ္မတကြီးက တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ တွေ့ဆုံဆွေးနွေးတဲ့အခါမှာ အဓိက ဆွေးနွေးခဲ့တာကတော့ မြန်မာနိုင်ငံရဲ့ ရေဘေးသင့်ပြည်သူတွေရဲ့ဘဝ ပြန်လည်ထူထောင်ရေးအတွက် တရုတ်နိုင်ငံက ကူညီဆောင်ရွက်ပေးနိုင်မယ့်အလားအလာပါ။ တရုတ်နိုင်ငံအနေနဲ့ကတော့ ကျွန်တော်တို့ ရေဘေးပြန်လည်ထူထောင်ရေးကိစ္စရော၊ နောက်တစ်ခါ ဧရာဝတီမြစ်ကြောင်းအောက်ပိုင်းမှာရှိတဲ့ မြစ်ဝကျွန်းပေါ်ဒေသမှာ ရေကြီးရေလျှံမှုကို ကာကွယ်ဖို့အတွက် လိုအပ်တဲ့ ရေထိန်းတမံတွေဆောက်ရွက်ဖို့ ကျန်တဲ့ကိစ္စတွေ အားလုံးအတွက် ယွမ်သန်းပေါင်း ၉၀၀ လောက် ကူညီပေးနိုင်မယ့် အလားအလာတွေပါ။ ဒါတွေကို ကျွန်တော်တို့ ဆွေးနွေးခဲ့တာရှိပါတယ်။ နောက်တစ်ခုကတော့ တရုတ်ခေါင်းဆောင်တွေက မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံရဲ့ နယ်စပ်ဒေသလုံခြုံရေး၊ နယ်စပ်ဒေသမှာ တရားမဝင်လုပ်ငန်းတွေ ပပျောက်ရေး ဒါတွေကိုအားလုံး ပူးပေါင်းဆောင်ရွက်ဖို့ကိစ္စတွေကို ဆွေးနွေးခဲ့ကြပါတယ်။



တရုတ်နိုင်ငံ ခေါင်းဆောင်တွေကတော့ မြန်မာနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေကို သူတို့ထောက်ခံတဲ့အကြောင်းနဲ့ မြန်မာပြည်သူတွေက မိမိနိုင်ငံနဲ့ သင့်လျော်တဲ့နိုင်ငံရေးစနစ်ကို ရွေးချယ်မှုအပေါ်မှာ သူတို့အပြည့်အဝ ထောက်ခံကြောင်းထပ်လောင်းအတည်ပြုပြောကြားခဲ့ပါတယ်။

ဒီနေ့ အပြန်မှာတော့ ကူမင်းမှာ ခေတ္တရပ်နားပြီး ယူနန်ပြည်နယ်ရဲ့ပါတီအတွင်းရေးမှူးနဲ့ နိုင်ငံတော်သမ္မတတို့ တွေ့ပါတယ်။ တွေ့တဲ့အခါမှာ အဓိကပြောတဲ့အချက်ကတော့ ကျွန်တော်တို့နိုင်ငံရဲ့ ရေဘေးသင့်ပြည်သူတွေ ယူနန်ပြည်နယ်က ကူညီခဲ့တဲ့ကိစ္စကို ကျေးဇူးတင်ကြောင်းပြောပါတယ်။ နောက်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာ နှစ်ဖက်ပူးပေါင်းဆောင်ရွက်နိုင်မယ့် အလားအလာတွေကိုဆွေးနွေးခဲ့ပါတယ်။ နောက်တစ်ခုက ယူနန်ပြည်နယ်ကလည်း သဘာဝဘေးဒဏ်ကို မကြာခဏခံစားခဲ့ရတဲ့ ပြည်နယ်တွေထဲမှာပါတဲ့အတွက်ကြောင့် သူတို့မှာ အတွေ့အကြုံတွေအများကြီးရှိတယ်။ ဒါကြောင့် ဒီကိစ္စတွေမှာ အတွေ့အကြုံတွေဖလှယ်ဖို့နဲ့ ပူးပေါင်းဆောင်ရွက်ဖို့တွေလည်း ဆွေးနွေးခဲ့တယ်။ အထူးသဖြင့် ယူနန်ပြည်နယ်နဲ့ မြန်မာနိုင်ငံကြားမှာ တရားဝင် ကုန်သွယ်မှုတိုးမြှင့်နိုင်ဖို့တွေကို ဆွေးနွေးခဲ့ပါတယ်။ ကျွန်တော်တို့ဘက်က ထောက်ပြတဲ့အချက်ကတော့ နယ်စပ်ဒေသလုံခြုံအေးချမ်းမှ နယ်နိမိတ်ရဲ့ ဟိုဘက်ဒီဘက်မှာရှိတဲ့ ပြည်သူတွေ လွတ်လွတ်လပ်လပ်သွားလာနိုင်မယ်။ ကူးသန်းရောင်းဝယ်မှုတွေ လုပ်နိုင်မယ်။ စီးပွားရေးတိုးတက်မှုအတွက် အထောက်အကူပြုနိုင်မယ်ဆိုတဲ့အချက်တွေကို ဆွေးနွေးခဲ့ပါတယ်။ ယူနန်ပြည်နယ်ဘက်ကလည်း သဘောတူတဲ့အတွက် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေး ပွင့်ပွင့်လင်းလင်းပြောရရင် တရားမဝင်သစ်ခိုးထုတ်မှုအပါအဝင် တရားမဝင်ကိစ္စတွေရပ်တန့်သွားရေးအတွက် သူတို့လည်း အပြည့်အဝပူးပေါင်းမယ်လို့ ကတိပြုပြောကြားခဲ့ပါတယ်။ ခြုံပြီးတော့ ပြောရရင် ဒီခရီးစဉ်က နှစ်နိုင်ငံရှိပြီးဖြစ်တဲ့ ချစ်ကြည်ရင်းနှီးမှုကို ပိုပြီးခိုင်မာအောင် ထပ်လောင်းအတည်ပြုရာလည်း ရောက်ပါတယ်။ နောက်တစ်ခုက ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ ကမ္ဘာပေါ်မှာ ဘယ်တော့မှ ဖက်ဆစ်စနစ်ပြန်လည်မထွန်းကားစေဖို့၊ ပူးပေါင်းဆောင်ရွက်ကြဖို့ဆိုတဲ့ သန္နိဋ္ဌာန်ချမှတ်ဖို့ကိုလည်း ပြောကြားနိုင်ခဲ့တယ်။ အဓိကအားဖြင့် နှစ်နိုင်ငံချစ်ကြည်ရေးနဲ့ ကုန်သွယ်မှု၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဖို့၊ နယ်စပ်ဒေသလုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်ဖို့ကိစ္စတွေကို ဆွေးနွေးနိုင်ခဲ့တဲ့အတွက် သာမန်အခမ်းအနား တက်ရောက်ရုံမဟုတ်ဘဲ အင်မတန်အရေးကြီးတဲ့ ခရီးစဉ်ဖြစ်တယ်လို့ ပြောလို့ရပါတယ်။ ။

**ထွန်းဝင်းနိုင်**

# အထူးခြေစမ်းပွဲနှင့် ချစ်ကြည်ရေးဘောလုံးပွဲများ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

**ရန်ကုန် စက်တင်ဘာ ၄**

ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ရေဘေးအထူးရန်ပုံငွေပွဲအဖြစ် စက်တင်ဘာ ၇ ရက် ညနေ ၅ နာရီတွင် နာမည်ကျော်ရုပ်ရှင်သရုပ်ဆောင်၊ အဆိုတော်များအသင်းနှင့် မြန်မာ့လက်ရွေးစင်ဟောင်းအသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်ပြီး အထူးခြေစမ်းပွဲကို ညနေ ၆ နာရီတွင် မြန်မာ့လက်ရွေးစင်အသင်းနှင့် နယူးဇီလန်လက်ရွေးစင်အသင်းတို့၏ ချစ်ကြည်ရေးဘောလုံးပွဲများ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ဘောလုံးပွဲများကို ညနေ ၅ နာရီမှစတင်၍ MRTV Entertainment Channel တွင်လည်းကောင်း၊ ညနေ ၆ နာရီမှစတင်၍ MRTV News Channel တွင် လည်းကောင်း တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**(ကြေးမုံ)**

# ဖလမ်း၌ ခရိုင်/မြို့နယ်စာရင်းစစ်ရုံး အဆောက်အအုံသစ်ဖွင့်

**ဖလမ်း စက်တင်ဘာ ၄**

ခရိုင်/မြို့နယ်စာရင်းစစ်ရုံး အဆောက်အအုံသစ်ဖွင့်ပွဲကို စက်တင်ဘာ ၄ ရက် နံနက် ၁၀ နာရီက ဖလမ်းမြို့ ဗလိုင်ရပ်ကွက်ရှိ အဆိုပါရုံး၌ ကျင်းပရာ ခရိုင်/ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါအဆောက်အအုံသည် အလျားပေ ၅၀၊ အနံပေ ၃၀ရှိ နှစ်ထပ်တိုက် (RC) ဖြစ်ပြီး နိုင်ငံတော်ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၇၀၀ ကုန်ကျခံကာ Falam National Development Public Co., Ltd. က တာဝန်ယူဆောက်လုပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံဖြစ်ရန် ဉာဏ်ရည်ဉာဏ်သွေးထက်မြက်သည့်၊ ပညာတတ်သည့်၊ စဉ်းစားဆင်ခြင်တုံတရားကောင်းသည့် လူငယ်များစွာလိုအပ်



**နေပြည်တော် စက်တင်ဘာ ၄**

ကျောင်းပတ်ဝန်းကျင်နှင့် ကျောင်းစာသင်ဆောင်များ ကောင်းမွန်ခြင်းသည် ပညာရည်မြင့်မားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပါကြောင်း၊ ယခု စာသင်ဆောင်အား ကျောင်းသားဟောင်းများနှင့် အလှူရှင်များ ပူးပေါင်းပြင်ဆင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်ရန် ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်သည့်၊ ပညာတတ်သည့်၊ စဉ်းစားဆင်ခြင်တုံတရားကောင်းသည့် လူငယ်များစွာ လိုအပ်ပါကြောင်း၊ “ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်အံ့”ဆိုသည့် ဆောင်ပုဒ်နှင့်ကိုက်ညီအောင် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ အကြီးစား ပြုပြင်ပြီး နှစ်ထပ်ကျောင်းဆောင် လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားတွင် အမှာစကားပြောကြားရာ၌ ထည့်သွင်း ပြောကြားသည်။

အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးဇော်သိန်းနှင့် တာဝန်ရှိသူများ၊ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း (လသာ) ကျောင်းအုပ်ကြီးနှင့် ကျောင်းသား ကျောင်းသူဟောင်းများ၊ စေတနာရှင်အလှူရှင်များ၊ ကျောင်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နှစ်ထပ်ကျောင်းဆောင်ကြီး အကြီးစားပြုပြင်လှူဒါန်းခြင်း ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်ကာ ဖွင့်လှစ်ပေး သည်။ ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် နှင့် တာဝန်ရှိသူများသည် ကမ္ပည်းမော်ကွန်းအား အမွှေး နံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် မွမ်းမံပြင်ဆင်ပြီးသော နှစ်ထပ်ကျောင်း ဆောင်နှင့် စာသင်ခန်းများ၊ Language Lab ခန်းများ၊ ကျောင်းစာကြည့်တိုက်တို့အား လှည့်လည်ကြည့်ရှုကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အထက်တန်းပညာ သင်ယူစဉ်က တက်ရောက်ခဲ့သော ဒသမတန်း (A)အခန်း သို့သွားရောက်ပြီး လက်ရှိပညာသင်ကြားနေသည့် ဒသမ တန်း (A)ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးစကားပြောကြားသည်။

ဆက်လက်၍ နှစ်ထပ်ကျောင်းဆောင် လွှဲပြောင်း ပေးအပ်ခြင်းအခမ်းအနားကို အဆိုပါကျောင်းရှိ ဗဟိုစံပြ ခန်းမ၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် က ဉာဏ်ရည်ထက်မြက်သည့်၊ စဉ်းစားဆင်ခြင်တုံတရား ကောင်းသည့် လူငယ်များဖြစ်လာစေရန် ဆရာ ဆရာမ များ၏ သင်ကြားပေးမှုသည် အရေးကြီးပါကြောင်း၊ ထို့အတူ မိဘများ၏ အားပေးမှုသည်လည်း အရေးကြီးပါ ကြောင်း၊ စာသင်ကြားမှုသာမက ကျန်းမာကြံ့ခိုင်ရေး အတွက်ပါ ဖြည့်ဆည်းပေးရန်လိုအပ်ပါကြောင်း၊ ကျန်းမာ ကြံ့ခိုင်မှုသာ ဉာဏ်ရည်ဉာဏ်သွေး ကောင်းမွန်နိုင်မည် ဖြစ်ကြောင်း၊ သို့ဖြစ်၍ ကာယအချိန်များပေးပြီး စနစ်တကျ သင်ကြားလေ့ကျင့်မှုပြုလုပ်ကြရန် အကြံပြုလိုပါကြောင်း၊ ကျောင်းကျန်းမာရေးစစ်ဆေးမှုများ၊ ကျန်းမာရေး အသိ ပညာပေးမှုများပါ လုပ်ဆောင်ပေးစေလိုပါကြောင်း၊ သင်ကြားရေးတွင် တာဝန်ရှိသူ ဆရာ ဆရာမများ၊ အုပ်ချုပ် ရေးတွင် တာဝန်ရှိသူပုဂ္ဂိုလ်များအနေဖြင့် ကလေးများ သုတ၊ ရသစာပေများကို မှန်မှန်ကန်ကန် ဖတ်ရှုလေ့လာ သည့်အကျင့်ရရှိအောင် လုပ်ဆောင်ပေးခြင်းဖြင့် တစ်ဦး ချင်း၏ အသိဉာဏ်မြင့်မားစေသကဲ့သို့ တိုင်းပြည် တည်ဆောက်ရေးတာဝန်ထမ်းဆောင်ရာတွင်လည်း များစွာ အထောက်အကူရစေမည်ဖြစ်ကြောင်း၊ တစ်ဖက်ကလည်း စည်းကမ်းကောင်းမွန်သည့် ကျောင်းသားများ၊ လူငယ် လူရွယ်များဖြစ်လာစေရန် ဝိုင်းဝန်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ယခုကျောင်းဆောင် ပြုပြင်နိုင်ရေးအတွက် ဝိုင်းဝန်းလှူဒါန်း ဆောင်ရွက်ကြသော ကျောင်းသားဟောင်း များနှင့် အလှူရှင်များကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ဤကျောင်းတော်ကြီးမှ အနာဂတ်တွင် တိုင်းပြည်ဂုဏ်ကို ဆောင်နိုင်သည့် နိုင်ငံ့သားကောင်းရတနာများ စဉ်ဆက် မပြတ် မွေးထုတ်ပေးနိုင်ပါစေရန် ဆုမွန်ကောင်းတောင်းပါ ကြောင်း ပြောကြားသည်။

ဇင်းနောက် ကျောင်းသားဟောင်း ဦးချစ်ညွန့်က အကြီးစားပြင်ဆင်ပြီးသည့် နှစ်ထပ်ကျောင်းဆောင်နှင့် ပတ်သက်သော အထောက်အထားစာရွက်စာတမ်းများကို ကျောင်းအုပ်ဆရာကြီး ဦးစိုးမင်းထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ်(ရေ) တို့က ကျောင်းစာကြည့်တိုက် အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က လှူဒါန်းသည့် သုတ၊ ရသစာအုပ် ၅၀၀ နှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုက လှူဒါန်း သည့် ကွန်ပျူတာ ၁၀ လုံးတို့အား ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ကြီးက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယနေ့လွှဲပြောင်းပေးအပ်သော အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း(လသာ)ရှိ နှစ်ထပ်ကျောင်းဆောင် ကြီးအား ကျပ်သိန်းပေါင်း ၃၉၀၀ အကုန်ကျခံကာ အမိုး အုတ်ကြွပ်များ ပြုပြင်လဲလှယ်ခြင်း၊ တိုင်များအစားထိုးလဲလှယ် ခြင်း၊ ကြမ်းခင်း၊ တံခါးနှင့် ပြတင်းပေါက်များ၊ မျက်နှာကြက် များ ပြုပြင်လဲလှယ်ခြင်း စသည်ဖြင့် အကြီးစား ပြင်ဆင်မွမ်းမံ မှုများ ပြန်လည်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ **(မြဝတီ)**

# မှန်ကန်သောမဲစာရင်းရရှိရေးအတွက် အခြေခံမဲစာရင်းဆောင်ရွက်ခဲ့မှုအခြေအနေ ရှင်းလင်းဆွေးနွေး



**နေပြည်တော် စက်တင်ဘာ ၄**

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဌာန အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ လက်ထောက် နိုင်ငံခြားရေးဝန်ကြီး Mr. Daniel R. Russell နှင့် အဖွဲ့အား ယနေ့နံနက် ၁၁ နာရီခွဲ တွင် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမ ဆောင်၌ လက်ခံတွေ့ဆုံရာ ကော်မရှင် အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ကော်မရှင်ဖွဲ့စည်းပုံနှင့် တာဝန်များ၊ ရွေးကောက်ပွဲစနစ်၊ မဲပေးပုံစနစ်၊ မဲစာရင်းပြုစုပုံနှင့် မြန်မာနိုင်ငံ ရွေးကောက်ပွဲ သမိုင်းစဉ်တို့ကို ရှင်းလင်းပြောကြားသည်။ ယင်း နောက် လက်ထောက်နိုင်ငံခြားရေး ဝန်ကြီးက မဲစာရင်းအမှန်ရရှိရေးနှင့် မဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးခွင့် ရရှိရေး၊ လွှတ်တော်ကိုယ်စားလှယ် လောင်း စိစစ်ခြင်းကိစ္စ၊ ဘာသာရေး ကိုအကြောင်းပြု၍ မဲဆွယ်စည်းရုံးမှု မပြုရေးကိစ္စ၊ တပ်မတော်သား ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်း လွှတ်တော်အတွင်း ပါဝင်နေမှုနှင့် တပ်မတော်သားများ ကြိုတင်မဲပေး ခြင်းကိစ္စရပ်များနှင့် စပ်လျဉ်းပြီး မေးမြန်းရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက တပ်မတော်သားလွှတ်တော်ကိုယ်စား လှယ်များမှာ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ပါဝင်နေခြင်းဖြစ်ကြောင်း၊ မှန်ကန်သောမဲစာရင်းရရှိရေးအတွက် အခြေခံမဲစာရင်း ဆောင်ရွက်ခဲ့မှု အခြေအနေ၊ လွှတ်တော်ကိုယ်စား လှယ်လောင်း စိစစ်ခြင်းနှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ စိစစ်လျက်ရှိပြီး ရွေးကောက်ခံပိုင်ခွင့်ရှိသူများ အရွေး အချယ်ခံနိုင်ရေး အလေးထားဆောင် ရွက်လျက်ရှိကြောင်း၊ ဘာသာရေးကို အကြောင်းပြုပြီး မဲဆွယ်စည်းရုံးမှုနှင့် ပတ်သက်၍ ဥပဒေ၊ နည်းဥပဒေများ တွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် အပြင် နိုင်ငံရေးပါတီများ ကျင့်ဝတ် တွင်လည်း နိုင်ငံရေးပါတီအားလုံးက ညှိနှိုင်းသဘောတူ ထည့်သွင်းရေးဆွဲ ထားသဖြင့် ထိန်းသိမ်းဆောင်ရွက် လျက်ရှိပါကြောင်း၊ တပ်မတော်သား များ ကြိုတင်မဲစာရင်းနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိစေရန် ဥပဒေ၊ နည်းဥပဒေနှင့်အညီ ဆောင်ရွက် လျက်ရှိကြောင်း၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့် မီဒီယာများ စောင့်ကြည့်လေ့လာ ကြည့်ရှုခွင့် ပြုရေးကိုလည်း တပ်မတော်နှင့် ညှိနှိုင်းဆောင်ရွက် ထားပြီးဖြစ်ကြောင်း ရှင်းလင်းဆွေးနွေး သည်။

**(သတင်းစဉ်)**

■

# မအူပင်နှင့် ပန်းတနော်မြို့နယ်တို့၌ ကျေးရွာမြေငှားဂရန်စာချုပ်များ ပေးအပ်

**မအူပင် စက်တင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်နှင့် ပန်းတနော် မြို့နယ်အတွင်း ကျေးရွာမြေငှားဂရန်စာချုပ်များ ပေးအပ်ပွဲကို မအူပင်မြို့နယ် အိုင်ဝိုင်းကျေးရွာအုပ်စုနှင့် ပန်းတနော်မြို့နယ် မရမ်းကျေးရွာအုပ်စုတို့တွင် ယနေ့ နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က အမှာစကားပြောကြားပြီး မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး ဦးအေးသောင်းနှင့် မအူပင်/ပန်းတနော် မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူးက ကျေးရွာမြေငှားဂရန် စာချုပ်ထုတ်ပေးရန် သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် မြေဧရိယာ တိုင်းတာမှုများကို အသေးစိတ်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အိုင်ဝိုင်း ကျေးရွာမှ ကျေးရွာမြေငှားဂရန်စာချုပ် ၃၃ စောင်နှင့် မရမ်းကျေးရွာအတွက် ကျေးရွာမြေငှားဂရန်စာချုပ် ၁၅၆ စောင်တို့ကို သက်ဆိုင်ရာပိုင်ရှင်များထံ လက်ရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

## ပြင်ဆင်ဖတ်ရှုပါရန်

စက်တင်ဘာ ၃ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြပါရှိသည့် သတင်းတွင် “၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဧပြီလမှ ဇူလိုင်လအတွင်း မြန်မာ နိုင်ငံ၏ ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၅၅၃၈ ဒသမ ၅၁သန်း ရှိ” အစား “၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဧပြီလမှ ဇူလိုင်လအတွင်း မြန်မာနိုင်ငံ ၏ ကုန်သွယ်မှုတန်ဖိုး အမေရိကန် ဒေါ်လာ ၉၂၃၁ ဒသမ ၂၂ သန်းရှိ” ဟု ပြင်ဆင်ဖတ်ရှုပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **(သတင်းစဉ်)**

# အရန်မီးသတ်မွမ်းမံသင်တန်းဖွင့်ပွဲ ကျင်းပ

**လှိုင်သာယာ စက်တင်ဘာ ၄**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် မီးသတ်ဦးစီးဌာန နယ်မြေရှိ ရပ်ကွက်/ကျေးရွာ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး မွမ်းမံသင်တန်း အမှတ်စဉ် (၂)ဖွင့်ပွဲကို ဩဂုတ် ၃၁ ရက်က မြို့နယ်မီးသတ် စခန်းဝင်းအတွင်း၌ကျင်းပရာ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြား ရေးမှူးက သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ဖွင့်ပွဲသို့ ခရိုင်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးကိုကိုကြီး၊ မြို့နယ်မီးသတ် ဦးစီးမှူး ဦးမြင့်ဦး၊ မြို့နယ်စည်ပင်သာယာလက်ထောက် အုပ်ချုပ်ရေးမှူး ဦးသိန်းမြင့်၊ မြို့နယ်စည်ပင်သာယာကော်မတီဝင်များ၊ သင်တန်းနည်းပြများ၊ သင်တန်းသား ၅၀ အပါအဝင် သင်တန်းဖွင့်ပွဲသို့ အင်အား ၁၀၀ တက်ရောက်၍ သင်တန်းကာလမှာ ရက်သတ္တလေးပတ်ဖြစ်ကြောင်း သိရသည်။

**(၃၂၉)**

■

**ပြန်လည်ထူထောင်ရေး**

# အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ထိရောက်စွာ ပါဝင်ဆောင်ရွက်နေ

**နေပြည်တော် စက်တင်ဘာ ၄**

မြန်မာနိုင်ငံတစ်ဝန်းတွင် ဇူလိုင်လနှင့် ဩဂုတ်လတို့အတွင်း မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုနှင့် ဘင်္ဂလားပင်လယ်အော်တွင်ဖြစ်ပေါ်ခဲ့သော မုန်တိုင်း၏ အရှိန်ကြောင့် တိုင်းဒေသကြီး၊ ပြည်နယ် ၁၃ ခုတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ရာ ဒေသခံပြည်သူများ ရေဘေးအန္တရာယ်နှင့် ကြုံတွေ့ရပြီး အသက်အိုးအိမ် စည်းစိမ်အပါအဝင် စီးပွားရေးလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထိခိုက်ပျက်စီးခဲ့ရသည်။

အဆိုပါ ရေကြီးရေလျှံမှုကြောင့် အသေးစားငွေရေးကြေးရေးလုပ်ငန်းဖြင့် ငွေကြေးဝန်ဆောင်မှုပေးနေသော မြို့နယ် ၉၃ မြို့နယ်၊ ရပ်ကွက် ၁၂၄ ခု၊ ကျေးရွာ ၁၅၈၇ ရွာမှ အသေးစားငွေရေးကြေးရေးလုပ်ငန်းအသင်းဝင် ၉၁၁၆၉ ဦးတို့၏ နေအိမ်အဆောက်အအုံများ၊ ပိုင်ဆိုင်မှုပစ္စည်းများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်ပျက်စီးခဲ့သည်။

ဘဏ္ဍာရေးဝန်ကြီးဌာန အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီအနေဖြင့် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သောဒေသများတွင် ငွေကြေးဝန်ဆောင်မှုပေးနေသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများမှ ရေဘေးသင့်ပြည်သူများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ငွေကြေးဝန်ဆောင်မှုများ တိုးချဲ့ပေးအပ်ရေး၊ လိုအပ်သောအထောက်အပံ့ ကူညီမှုများ၊ အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေရလုပ်ငန်းဆိုင်ရာသင်တန်းများ ပေးအပ်ရေး အပါအဝင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်ကြရန် ညွှန်ကြားချက်ထုတ်ပြန်ဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ ဘဏ္ဍာရေးဝန်ကြီးဌာန အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် ဩဂုတ် ၃၁ ရက်ထိ အသေးစားငွေရေးကြေးရေးလုပ်ငန်းများ လိုင်စင်ရယူထားသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ပံ့ပိုးမှုစုဆောင်းငွေများ ပြန်လည်ထုတ်ပေးခြင်း၊ အသင်းသားတစ်ဦးစီအား ဆန်၊ ရေသန့်ဆေးထုပ်များ၊ အာဟာရကွေကာထုပ်များ၊ ဆီ၊ ပဲ၊ ခေါက်ဆွဲခြောက်၊ အာလူး၊ ဖယောင်းတိုင်နှင့် ရေသန့်ဘူးများ စသည်ဖြင့် အသင်းသားများသို့ ထောက်ပံ့ကြေးငွေပေးအပ်ခြင်းများအပြင် လှူဒါန်းငွေကျပ် ၂၉၂ ဒသမ ၈၂ သန်းနှင့် အမေရိကန်ဒေါ်လာ ၅၀၀၀ တို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ရေဘေးသင့်ဒေသရှိ အသေးစားငွေရေးကြေးရေးလုပ်ငန်း အသင်းဝင်များ အနေဖြင့်လည်း ဘဏ္ဍာရေးဝန်ကြီးဌာန အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီက ရေဘေးသင့်အသင်းဝင်များ၏ အခက်အခဲများအပေါ် အလေးထား ကူညီဆောင်ရွက်ပေးခြင်းအတွက် အဆင်ပြေမှုရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



## မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စိတ်/လူမှုသင်တန်းဖွင့်

**နေပြည်တော် စက်တင်ဘာ ၄**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးဖွင့်လှစ်သည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စိတ်/လူမှုစောင့်ရှောက်ရေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၉ ရက် နံနက် ၉ နာရီက အဖွဲ့ချုပ်ရုံး သင်တန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက ဒေါ်ကျင်ခိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားရာ သဘာဝဘေးအန္တရာယ်များ အရေးပေါ်ကျရောက်မှုဒေသရှိ ပြည်သူလူထုများအနေဖြင့် ဆုံးရှုံးနစ်နာမှုများ၊ ပြောင်းလဲမှုများကြောင့် လူမှုဒုက္ခ၊ စိတ်ဒုက္ခများကို ခံစားရတတ်ကြောင်း၊ သဘာဝဘေးအန္တရာယ်များဖြစ်သည့် ရေဘေး၊ မီးဘေး၊ မြေပြိုဘေး၊ လေျှင်ဘေး၊ ဆူနာမီဘေး၊ မိုးခေါင်ရေရှားဘေး၊ လေမုန်တိုင်းဘေး၊ မိုးကြိုးဘေးစသည့် ဘေးဥပဒ်အမျိုးမျိုးတွင် ကြိုတင်ကာကွယ်၍ ရသည့်ကာလ၊ ကြုံတွေ့ပြီးနောက်ပိုင်း ပြန်လည်ထူထောင်ရေး ကာလ၊ ပြန်လည်တည်ဆောက်ရေး ကာလ စသည်ဖြင့် ခွဲခြားသတ်မှတ်ထားပါကြောင်း၊ ယင်းကာလအားလုံးသည် မတူညီသည့် အခက်အခဲများ၊ ဆုံးရှုံးနစ်နာမှုများ၊ ပူပန်ကြောင့်ကြစိတ်သောက ရောက်မှုများ၊ ဝမ်းနည်းပူဆွေးမှုများကို ပြည်သူတို့ရင်ဆိုင်တွေ့ကြုံခံစားကြရပါကြောင်း၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များက စိတ်/လူမှုထောက်ပံ့ရေးလုပ်ငန်းများကို နည်းစနစ်ကျကျ ကူညီလုပ်ဆောင်တတ်ရန် စိတ်/လူမှုစောင့်ရှောက်ရေးသင်တန်းကို ဖွင့်ပေးခြင်းဖြစ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

အဆိုပါသင်တန်းသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး၊ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဒက္ခိဏသီရိ၊ ဇေယျာသီရိ၊ ဥတ္တရသီရိ၊ ဇမ္ဗူသီရိ၊ ပုဗ္ဗသီရိမြို့နယ်၊ လယ်ဝေးမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ပျဉ်းမနားမြို့နယ်နှင့် အဖွဲ့ချုပ်မှ သင်တန်းသူ စုစုပေါင်း ၂၈ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ နှစ်ရက်ကြာမြင့်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရခိုင်ပြည်နယ် ရေဘေးသင့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**စစ်တွေ စက်တင်ဘာ ၄**

ရခိုင်ပြည်နယ် ခေတ္တဝန်ကြီးချုပ် ဦးမြအောင်သည် ခရိုင်/မြို့နယ်အဆင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုကွန်ရက် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ရေဘေးသင့်ပြည်သူများနှင့် စက်တင်ဘာ ၂ ရက် ညနေ ၃ နာရီခွဲတွင် မြောက်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ယင်းနောက် အလိုတော်ပြည့်ကျောင်းတိုက်များ၏ အဓိပတိနာယကဆရာတော်က မြောက်ဦးမြို့နယ်အတွင်းရှိ ရေဘေးသင့်ရဟန်း၊ သာမဏေ၊ သီလရှင်များအတွက် ဆွမ်းဆန်အိတ် ၂၀၀ ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ရခိုင်ပြည်နယ် ခေတ္တဝန်ကြီးချုပ်က ရခိုင်ပြည်နယ်အတွင်း ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးဆုံးရှုံးမှု အခြေအနေများ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကိုပြောကြားပြီး လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မည့်အခြေအနေများကို CB ဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေးက ရှင်းလင်းပြောကြားသည်။

မြို့နယ်များအတွင်း ရေကြီးနစ်မြုပ်မှုကြောင့် ကြုံတွေ့ရသည့် အခက်အခဲများနှင့် ကျေးရွာများရှိ ရေဘေးသင့်ပြည်သူများအတွက် လိုအပ်ချက်များကို ဆွေးနွေးတင်ပြရာ ခေတ္တပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ပြည်နယ်ပြန်/ဆက်)**

## ရေဘေးသင့်ဒေသများတွင် ကူးစက်ရောဂါ ကပ်အသွင်ဖြစ်ပွားမှုမရှိ

**နေပြည်တော် စက်တင်ဘာ ၄**

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် တိုင်းဒေသကြီး/ပြည်နယ်များရှိ ရေဘေးသင့်ဒေသများ၌ ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ခြင်း၊ ဆေးနှင့်ဆေးပစ္စည်းများထောက်ပံ့ပို့ဆောင်ခြင်း၊ အရေးပေါ် တုံ့ပြန်ဆောင်ရွက်ရေးဗဟိုဌာန ဖွင့်လှစ်၍ ကြီးကြပ်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယာယီဆေးခန်းလေးခု ရွေ့လျားဆေးခန်းခုနစ်ခု၊ ဧရာဝတီတိုင်းဒေသကြီးတွင် ယာယီဆေးခန်းလေးခု၊ ရွေ့လျားဆေးခန်း ၁၄ ခု၊ ချင်းပြည်နယ်တွင် ရွေ့လျားဆေးခန်းခုနစ်ခု၊ ရခိုင်ပြည်နယ်တွင် ရွေ့လျားဆေးခန်း ၁၀ ခု ဖွင့်လှစ်ထားပြီး ဆေးကုသမှုပေးခြင်း၊ ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ၊ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ၊ ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးရှိ ရေဘေးသင့်ဒေသများတွင်လည်း ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အရေးပေါ် တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့ (Rapid Response Team)များသည် ထိုင်းတပ်မတော်မှ ဆေးအဖွဲ့များနှင့်ပူးပေါင်း၍ ဟသ်ာတမြို့နယ် အိုင်ကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ဆေးခန်းဖွင့်လှစ်၍ ဆေးကုသမှုပေးခြင်း၊ ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ကျန်းမာရေးပညာပေးခြင်းနှင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများမှ ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်၍လည်းကောင်း၊ Mercy Malaysia အဖွဲ့၊ MSF အဖွဲ့တို့နှင့်ပူးပေါင်း၍ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ပေါ်ရှိ ရပ်ကွက်များနှင့် နတ်ကြီးကုန်းကျေးရွာ၊ ကျောက်ကာကျေးရွာ၊ တောင်အူကျေးရွာနှင့် ပြင်သာကျေးရွာများရှိ ယာယီကယ်ဆယ်ရေးစခန်းများသို့သွားရောက်ကာ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ရောဂါကာကွယ်တားဆီး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး မီးသတ်တပ်ဖွဲ့များ၊ ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ ရေတွင်း၊ ရေကန်များကို ကလိုရင်းဆေးခတ်ခြင်းလုပ်ငန်းများ၊ ကျန်းမာရေးပညာပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ခြင်းနှင့် အခြားပြည်သူ့ကျန်းမာရေးဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ရေဘေးကျရောက်သော တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စက်တင်ဘာ ၃ ရက်အထိ ကူးစက်ရောဂါများ ကပ်အသွင်ဖြစ်ပွားမှုမရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





## ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများနှင့် အသုံးအဆောင်များ ထောက်ပံ့

**နေပြည်တော် စက်တင်ဘာ ၄**

ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လတို့အတွင်း ရေကြီးရေလျှံမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် အသုံးအဆောင်များထောက်ပံ့ပွဲကို စက်တင်ဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် Plan International Myanmar က အလှူငွေကျပ်သိန်း ၂၀ နှင့် ILBC (နေပြည်တော်)က ငွေကျပ် ၃၇ ဒသမ ၅ သိန်း၊ အဝတ်အထည်၊ ဖိနပ်၊ ကစားစရာ၊ စာရေးကိရိယာ၊ အစားအစာများကို ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပေးအပ်ရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



# မြန်မာနိုင်ငံကြက်ခြေနီအသင်း သဘာဝဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့

**ဟားခါး စက်တင်ဘာ ၄**

သဘာဝဘေးသင့်ခဲ့သည့် ချင်းပြည်နယ် ဟားခါးမြို့နှင့် အခြားမြို့နယ်များရှိ သဘာဝဘေးသင့် ဒေသခံတိုင်းရင်းသားပြည်သူများအတွက် ကူညီထောက်ပံ့ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းအား မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဘေးဒုက္ခစီမံခန့်ခွဲရေးညှိနှိုင်းရေးမှူး ဦးကျော်ဆန်းဝင်းနှင့် တာဝန်ရှိသူများက စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီခွဲတွင် ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး၌ သွားရောက်တွေ့ဆုံသည်။

ထိုသို့ သွားရောက်တွေ့ဆုံရာ၌ ဦးကျော်ဆန်းဝင်းနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအနေဖြင့် ဟားခါးမြို့နှင့် အခြားမြို့နယ်များရှိ သဘာဝဘေးသင့် ဒေသခံတိုင်းရင်းသားပြည်သူများအား လတ်တလော ကူညီထောက်ပံ့ပေးနေမှုများနှင့် ရှေ့ဆက်ပြန်လည်ထူထောင်ရေးကာလများအတွင်း ကူညီဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းလိုအပ်ချက်များကို ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် ယနေ့အထိ ကူညီထောက်ပံ့မှုများမှာ ဟားခါးမြို့နယ်ရှိ မြေပြိုဘေးသင့် အိမ်ထောင်စု ၁၉၄ စုအတွက် Hygiene Kit ၁၉၄ ပုံး၊ Shelter Tool Kit ၉၃ အိတ်၊ Family Kit ၁၅ပုံး၊ တွန်းဇံမြို့နယ် ဟားခါးလေးကျေးရွာမှ ကလေးပိုင်နယ်မြေအတွင်း ပြောင်းရွှေ့လာသော အိမ်ထောင်စု ၇၀ အတွက် စောင်၊ ခြင်ထောင်နှင့် မီးဖိုချောင်သုံးပစ္စည်းများ၊ မန်နူးကျေးရွာမှ ဟားခါး-ဂန့်ဂေါကားလမ်းဘေးသို့ ပြောင်းရွှေ့ထားသော အိမ်ထောင်စု ၁၅ စုအတွက် Hygiene Kit ၁၅ ပုံး၊ Shelter Tool Kit ၁၅ အိတ်၊ Family Kit ၁၅ ပုံး ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ငဝန်မြစ်ရေစိုးရိမ်ရေမှတ်ကျော်နေသော်လည်း ငါးသိုင်းချောင်းမြို့တွင် ပုံမှန်ဆက်သွယ်သွားလာလျက်ရှိ

**ပုသိမ် စက်တင်ဘာ ၄**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ငဝန်မြစ်ရေသည် စက်တင်ဘာ ၄ ရက်က ၂၈ ပေသို့ရောက်ရှိနေသည်။

အဆိုပါမြစ်ရေသည် စိုးရိမ်ရေမှတ်အထက် တစ်ပေခန့်ကျော်လွန်နေသော်လည်း ငဝန်ရေကာတာကြံ့ခိုင်မှုအတွက် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူတို့ ဩဂုတ်လဆန်းပိုင်းက ပထမအကြိမ် မြစ်ရေကြီးမြင့်ချိန်တွင် ပူးပေါင်းဆောင်ရွက်ထားရှိမှုနှင့် မြစ်ရေကျသွားချိန်အတွင်း စစ်ဆေးပြုပြင်ဆောင်ရွက်ထားရှိမှုကြောင့် ဒေသခံပြည်သူများနှင့် ကျောင်းသားကျောင်းသူများ အေးချမ်းစွာ ပုံမှန်ဆက်သွယ်သွားလာ ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ငဝန်ရေကာတာဆည်မြောင်းဌာန ရေကင်းစခန်းရှိ တာဝန်ရှိသူတစ်ဦးက လက်ရှိရေအမှတ်တွင် တာတမံကြံ့ခိုင်မှုကောင်းမွန်နေကြောင်း၊ ရေစိမ့်ပေါက်များမှာ စိုးရိမ်ရေမှတ်အထက် နှစ်ပေကျော်မှသာဖြစ်ပေါ်နိုင်ကြောင်း၊ လိုအပ်သောတာတမံပြုပြင်ထိန်းသိမ်းမှုများ ငါးသိုင်းချောင်းမြို့ ပတ်ဝန်းကျင်တွင် ပြုလုပ်ပြီးဖြစ်ကြောင်းနှင့် အရေးပေါ်အခြေအနေတွင် တာတမံကြံ့ခိုင်မှုအတွက် သက်ဆိုင်ရာဌာနများမှ လူအင်အား၊ ပစ္စည်းအင်အားအရန်သင့်ပြင်ဆင်ထားကြောင်း၊ ပြည်သူလူထုကလည်း ဌာနများနှင့်ပူးပေါင်း၍ တာတမံကြံ့ခိုင်မှုအတွက်နီးစပ်ရာဒေသမှ အမှန်သတင်းများ အချိန်မီပေးပို့ဆောင်ရွက်သွားရန်တိုက်တွန်းပါကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**





# ဟသ်ာတမြို့နယ် ဒူးယားတိုက်နယ်ရှိ ဒေသခံပြည်သူများအား ထိုင်းဘုရင့်ဆေးတပ်မတော်ဆေးဘက်ဆိုင်ရာအဖွဲ့ဝင်များက ဆေးဝါးအခမဲ့ကုသပေး

**ဟသ်ာတ စက်တင်ဘာ ၄**

ထိုင်းနိုင်ငံ ဘုရင့်ဆေးတပ်မတော်မှ Major General PARINYA Khoonnasee ခေါင်းဆောင်သော ဆေးဘက်ဆိုင်ရာ အဖွဲ့ဝင်များနှင့် ဟသ်ာတမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၃ ရက် နံနက် ၇ နာရီခွဲက အိုင်ကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌စုရပ်ပြု၍ ဒူးယားတိုက်နယ်အတွင်းရှိ ပြည်သူများအား ဆေးဝါးများ အခမဲ့ကုသပေးခဲ့သည်။**(အပေါ်ပုံ)**

ဒူးယားတိုက်နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၀ အုပ်စုနှင့် သပြုပင်အုပ်စုကျေးရွာများမှ ကလေးလူနာ၊ အရိုးအကြောရောဂါနှင့် အထွေထွေရောဂါလူနာရှင် ၅၅၂ ဦးတို့အား ဆေးဝါးများကုသပေးခဲ့ပြီး သပြုပင်အုပ်စုအုပ်ချုပ်ရေးမှူး ဦးအေးနိုင်နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့များက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

**ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖြစ် ကလေးမြို့ အေးသာယာ ရွာသစ်ဖော်ထုတ်ရန်အတွက် မြေနေရာရှင်းလင်းခြင်းလုပ်ငန်းဆောင်ရွက်နေစဉ်။**

**(ခရိုင် ပြန်/ဆက်)**





# ကြံခင်းမြို့နယ်အတွင်း ရေကြီးနစ်မြုပ်လယ်ယာများ၌ မိုးစပါးများပြန်လည်စိုက်ပျိုး

**ကြံခင်း စက်တင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်နှင့် မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကော်မတီဝင်များ၊ မြို့နယ်ပြန်လည်ထူထောင်ရေးညှိနှိုင်းရေးအဖွဲ့တို့၏ ဦးဆောင်မှု၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးမြင့်အောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြူကြူမွေးတို့၏ ကြီးကြပ်မှုဖြင့် ကြံခင်းမြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှုကြောင့်ထိခိုက်ပျက်စီးသွားသော မိုးစပါးစိုက်ခင်းများအတွက် ထူးဖောင်ဒေးရှင်းမှပံ့ပိုးလှူဒါန်းသော မျိုးစပါးတင်း ၅၀၀၊ လက်တွန်းထွန်စက် ငါးစီးနှင့် စေတနာရှင်များ လှူဒါန်းသော ဓာတ်မြေဩဇာ၊ စပါးပျိုးပင်များကို တောင်သူများလက်ဝယ်အရောက် အမြန်ဆုံးဖြန့်ဖြူးပေးခဲ့ရာ ကြံခင်းမြို့နယ်မှ မိုးစပါးပျက်စီးမှု ၃၀၇၃ ဒသမ ၁၃ ဧကတွင် စက်တင်ဘာ ၄ ရက်အထိ မိုးစပါးပြန်လည်စိုက်ပျိုးပြီးစီးမှုမှာ ၁၁၅၇ ဧက ဖြစ်ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

**ပြန်လည်ထူထောင်ရေး**

# ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းရရှိငွေများနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အသိပေးဖော်ပြ

**နေပြည်တော်  စက်တင်ဘာ  ၄**

၂၀၁၅ ခုနှစ် ဇွန်လမှ ဩဂုတ်လအတွင်း မြန်မာနိုင်ငံတစ်ဝန်းဖြစ်ပွားခဲ့သော ရေကြီး၊ ရေလျှံမှုများနှင့် မြေပြိုမှုများကြောင့် ဘေးသင့်ခဲ့ကြသော ပြည်သူများအတွက် ကယ်ဆယ်ထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် သုံးစွဲရန် ပြည်တွင်း၊ ပြည်ပလှူဒါန်းငွေများကို နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်နှင့် ရန်ကုန်မြို့ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်များတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေစာရင်းများဖွင့်လှစ်၍ လည်းကောင်း၊ ဘေးသင့်တိုင်းဒေသကြီး/ပြည်နယ်များတွင်လည်း အလားတူ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေစာရင်းများဖွင့်လှစ်၍လည်းကောင်း ထောက်ပံ့ကူညီလှူဒါန်းမှုများ ပြုလုပ်ပေးလျက်ရှိသည်။

၂၀၁၅ ခုနှစ် ဇွန်လမှစက်တင်ဘာလ ၂ ရက်နေ့အထိ နေပြည်တော် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေစာရင်းတွင် မြန်မာငွေကျပ် ၂၇၆၈၀၂၅၂၄၃၊ အမေရိကန်ဒေါ်လာ ၁၂၅၉၀၈၂ ဒသမ ၂၆၊ ထိုင်းဘတ် ၁၆၈၀၅၅ ဘတ်၊ မလေးရှားရင်းဂစ် ၂၀၀၀၊ တရုတ်ယွမ် ၁၃၆၀၀၊ ယူရို ၄၂၀၊ ဂျပန်ယန်း ၂၉၆၀၀၀၊ ဩစတြေးလျဒေါ်လာ ၅၇၀၊ စင်ကာပူဒေါ်လာ ၁၀၀၀ တို့ လက်ခံရရှိထားပြီး သုံးစွဲငွေ ၆၈၁ သိန်း ဖြစ်ပါသည်။ ကျန်အလှူငွေများကို ဘေးသင့်တိုင်းဒေသကြီး/ပြည်နယ်များ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ခွဲဝေသုံးစွဲသွားမည်ဖြစ်ပါသည်။

အလားတူ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များတွင်လည်း ရရှိသောအလှူငွေများကို အရေးပေါ်ကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းများတွင် သုံးစွဲလျက်ရှိပြီး လက်ကျန်ငွေများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုရန်ပုံငွေမှ ခွဲဝေထောက်ပံ့ငွေများနှင့်အတူ သုံးစွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြည်တွင်း၊ ပြည်ပစေတနာရှင် ရဟန်းရှင်လူပြည်သူအပေါင်းတို့အား လေးစားစွာ အသိပေးဖော်ပြအပ်ပါသည်။

### ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေသို့ ပြည်တွင်း/ပြည်ပအလှူရှင်များမှ လှူဒါန်းသော မြန်မာငွေစာရင်းနှင့် နိုင်ငံခြားငွေစာရင်းများ၏ (၂-၉-၂၀၁၅)နေ့ထိ ရရှိ/သုံးစွဲ/လက်ကျန်စာရင်း

| စဉ် | အမျိုးအစား | ရရှိ | ထောက်ပံ့သုံးစွဲ | လက်ကျန် |
|---|---|---|---|---|
| ၁ | မြန်မာငွေ | ၂၇၆၈၀၂၅၂၄၃ | ၆၈၁၀၀၀၀၀ | ၂၆၉၉၉၂၅၂၄၃ |
| ၂ | အမေရိကန်ဒေါ်လာ | ၁၂၅၉၀၈၂.၂၆ | - | ၁၂၅၉၀၈၂.၂၆ |
| ၃ | ထိုင်းဘတ် | ၁၆၈၀၅၅ | - | ၁၆၈၀၅၅ |
| ၄ | မလေးရှားရင်းဂစ် | ၂၀၀၀ | - | ၂၀၀၀ |
| ၅ | တရုတ်ယွမ် | ၁၃၆၀၀ | - | ၁၃၆၀၀ |
| ၆ | ယူရို | ၄၂၀ | - | ၄၂၀ |
| ၇ | ဂျပန်ယန်း | ၂၉၆၀၀၀ | - | ၂၉၆၀၀၀ |
| ၈ | ဩစတြေးလျဒေါ်လာ | ၅၇၀ | - | ၅၇၀ |
| ၉ | စင်ကာပူဒေါ်လာ | ၁၀၀၀ | - | ၁၀၀၀ |

## ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်း ပို့ဆောင်ထောက်ပံ့

**နေပြည်တော် စက်တင်ဘာ ၄**

သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် ပြည်တွင်း၊ ပြည်ပလေကြောင်းလိုင်းမှ လေယာဉ်များဖြင့် ဆက်လက်ပေးပို့လျက်ရှိသည်။

ထိုသို့ပေးပို့လျက်ရှိရာ ယနေ့တွင် မြန်မာအမျိုးသား လေကြောင်းမှ လေယာဉ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ ခေါက်ရေတစ်ခေါက်ဖြင့် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ပစ္စည်းများဖြစ်သော ဆန်၊ ဆေးမျိုးစုံ၊ ငါးသေတ္တာနှင့် အဝတ်အထည်များ ပေးပို့ခဲ့သည်။

ထို့ပြင် တောင်ကိုရီးယားသမ္မတနိုင်ငံမှ ရေဘေးသင့်ဒေသရှိ ပြည်သူများအတွက် လှူဒါန်းသည့် စောင် (တစ်ထုပ်လျှင် ၂၅ ထည်ပါ) အထုပ် ၂၀ စုစုပေါင်းကုန်တန်ချိန်(၄၁၈ kg) ယမန်နေ့က ကိုရီးယားလေကြောင်းလိုင်းမှ ခေါက်ရေတစ်ခေါက်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့ရာ အဆိုပါပစ္စည်းများအား မြန်မာနိုင်ငံကြက်ခြေနီအသင်းသို့ လွှဲပြောင်းပေးအပ်ပြီး ရေဘေးသင့်ပြည်သူများရှိရာဒေသများသို့ ဆက်လက်ပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

**❒ ဟုမ္မလင်းမှ**

တက်လာနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ မော်လိုက်မြို့နယ်၊ ကလေးဝမြို့နယ်နှင့် မင်းကင်းမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ရှောင်ရှားကြရန် အကြံပြုထားသည်။

ယနေ့မွန်းလွဲ ၁၂နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ခြောက်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေသည်။ နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့်ကျဆင်းနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ခန္တီးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရှောင်ရှားကြရန် အကြံပြုထားသည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ငဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။


**(ကြေးမုံ)**

**✱ ရေဘေးသင့်မှ**

စီမံဆောင်ရွက်နေမှုများအား ကြည့်ရှုအားပေးခဲ့သည်။ ၎င်းမီးစက်များကို ကားများပေါ်မှ ကိုးသိန်းအားကစားခန်းမထဲသို့ သယ်ချရာတွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များက ပစ္စည်းများ မပျက်စီးစေရေး၊ စနစ်တကျရှိစေရေးတို့အတွက် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မောင်မောင်မြင့်)**

**ဥတု ရာသီ တောကို မှီ၍**

တန်ဖိုးသင့်အိမ်ပုံစံ (၅၄၀ စတုရန်းပေ)



# ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်

၁။ ရေကြီးနစ်မြုပ်မှုဒဏ်ခံခဲ့ရသည့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်နှင့် တမူးခရိုင်များတွင် နေအိမ်များ လုံးဝပျက်စီးသွားသည့် ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရမှ သင့်လျော်သည့် တန်ဖိုးသင့်အိမ်များကို ပြန်လည်ဆောက်လုပ်ပေးရန် စီစဉ်လျက်ရှိပါသည်။

၂။ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းအနေဖြင့်ဖြစ်စေ နိုင်ငံတော်အစိုးရနှင့်အတူ ပါဝင်ကူညီဆောင်ရွက်နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၃။ ပြန်လည်ဆောက်လုပ်ပေးမည့် တန်ဖိုးသင့်အိမ်များ၏ ခန့်မှန်းတန်ဖိုးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ ဆောက်လုပ်ရေးပစ္စည်းများ လှူဒါန်းမှုအပေါ် မူတည်၍ ခန့်မှန်းတန်ဖိုးထက် ပိုမိုလျော့နည်းနိုင်ပါသည်။

(က) မိသားစုငါးဦးနှင့်အထက်အတွက် အိပ်ခန်းနှစ်ခန်းပါ ပျဉ်ထောင်သွပ်မိုးအိမ် (၆၄၀ စတုရန်းပေ) ၄၄ ဒသမ ၄ သိန်း

(ခ) မိသားစုသုံးဦးအတွက် အိပ်ခန်းနှစ်ခန်းပါ ပျဉ်ထောင်သွပ်မိုးအိမ် (၅၄၀ စတုရန်းပေ) ၃၇ ဒသမ ၄ သိန်း

**ဆက်သွယ်လှူဒါန်းရန်**

ဦးခင်မောင်ရီ
အမြဲတမ်းအတွင်းဝန်
ရုံး(၂၈)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
ဖုန်း- ၀၆၇-၄၀၅၀၁၃၊ ၀၉ ၂၀၀၇၄၅၄

တန်ဖိုးသင့်အိမ်ပုံစံ (၆၄၀ စတုရန်းပေ)



## မုတ်သုံလေအားနည်းနေမည်

**နေပြည်တော်  စက်တင်ဘာ ၄**

**ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ။** လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** မုတ်သုံလေအားနည်းနေမည်။

**❋ကျောဖုံးမှ**
ခက်ခဲကြောင်း၊ နာဂစ်မုန်တိုင်းဖြစ်ပြီးနောက်ပိုင်း လမ်းကြီး ၁၁ လမ်းကို ကွန်ရက်သဖွယ်ဖောက်လုပ်ခဲ့ပြီး တံတားပေါင်းမြောက်မြားစွာ တည်ဆောက်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ သုံးခွကျွန်းဒေသတွင် တံတားတစ်စင်းပေါ်ထွန်းလာသည့်အတွက်ဒေသခံများ၏ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးစသည့် ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က "သုံးခွကျွန်းဒေသသည် ယခင်က လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် စီးပွားရေးဖွံ့ဖြိုးမှုနောက်ကျခဲ့ကြောင်း၊ ၁၉၉၈ ခုနှစ်မှ ယနေ့အထိ သုံးခွကျွန်းဒေသအတွင်း မော်တော်ယာဉ်များ သွားလာနိုင်ရေးအတွက် သုံးခွကျွန်းတာပေါင်ပတ်လမ်းများဖြစ်သည့် ပံတပွတ်-ပန်းတော်လမ်း ၄ မိုင် ၆ ဖာလုံ၊ ပန်းတော-ကျုံသင်လမ်း ၂၅ မိုင် ၅ ဖာလုံ၊ အခြံ-မင်းဘောလမ်း ၉ မိုင် ၁ ဖာလုံ၊ မင်းဘော-ထန်းပင်ကွေ့အရှေ့လမ်း ၂ မိုင် ၄ ဖာလုံ၊ ထန်းပင်ကွေ့အရှေ့-ပံတပွတ်လမ်း နှစ်မိုင် စုစုပေါင်း ၄၄ မိုင်ကို မြေသားလမ်းမှ ကျောက်ချောလမ်း၊ ကျောက်ချောလမ်းမှ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ကြောင်း၊ သုံးခွကျွန်းဒေသတစ်ခုလုံး ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အဓိကကျသည့် ပံတပွတ်တံတားကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနရန်ပုံငွေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူတည်ဆောက်ပေးခဲ့ကြောင်း ပြောကြားသည်။

ဆက်လက်၍ သုံးခွကျွန်းဒေသခံတစ်ဦးဖြစ်သည့် ဝါးတောကျေးရွာမှ ဦးစောမိုးဝေ၊ ဦးတင်ဝင်းနှင့် မအူပင်မြို့နယ် ထန်းပင်ကွေ့အရှေ့ကျေးရွာမှ ဒေါက်တာရဲမင်းထွန်းတို့က တံတားဖွင့်လှစ်နိုင်ခြင်းကြောင့် ဒေသဖွံ့ဖြိုးတိုးတက်လာမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ပံတပွတ်တံတားကို ဘက်စုံထူးချွန်လူငယ်များဖြစ်သည့် မောင်ဟန်လင်းအောင်၊ မစုစုနွယ်နှင့် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင် မောင်ရဲဖြိုးအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က ကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် ဦးသိန်းညွန့်၊ ဦးအုန်းမြင့်၊ ဦးကျော်လွင်တို့နှင့်အတူ အမွေးနံ့သာရည်များပက်ဖျန်းပေးကာ တံတားပေါ်သို့ ဖြတ်သန်းကြည့်ရှု၍ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

မအူပင်မြို့နှင့် သုံးခွကျွန်းကို ဆက်သွယ်ထားသည့် ပံတပွတ်တံတားသည် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေ ကျပ် ၃၈၂၃ ဒသမ ၆ သန်းဖြင့် ၂၀၁၄ ခုနှစ် ဩဂုတ် ၁ ရက်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူတည်ဆောက်ခဲ့ပြီး တံတားအရှည် ပေ ၇၂၀၊ လမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီနှင့် ခံနိုင်ဝန် တန် ၆၀ ရှိသည်။

အဆိုပါ ပံတပွတ်တံတားကြီး တည်ဆောက်ဖွင့်လှစ်နိုင်ခြင်းဖြင့် သုံးခွကျွန်းဒေသအတွင်းရှိ ကျေးရွာအုပ်စုပေါင်း ၁၇ အုပ်စု၊ ကျေးရွာပေါင်း ၇၆ ရွာရှိ လူဦးရေ ၅၅၀၀၀ ကျော်နှင့် အခြားဆက်စပ်ဒေသများရှိဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာ့အာမခံလုပ်ငန်းများအကြောင်း အသိပညာပေးဟောပြော

**သုံးခွ စက်တင်ဘာ ၄**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြန်မာ့အာမခံလုပ်ငန်း ရန်ကုန်တောင်ပိုင်းခရိုင်ရုံးမှ အာမခံလုပ်ငန်းအကြောင်း ရှင်းလင်းဆွေးနွေးပွဲကို ဩဂုတ် ၃၁ ရက် နံနက် ၁၀ နာရီက ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာတင်ဝင်းအောင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြန်မာ့အာမခံလုပ်ငန်းရန်ကုန်တောင်ပိုင်းခရိုင်ရုံးမှ ခရိုင်တာဝန်ခံ ဒေါ်သက်မာနှင့်ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

အသိပညာပေးဟောပြောပွဲတွင် သုံးခွမြို့နယ်ကျန်းမာရေးဦးစီးမှူးက အဖွင့်စကားပြောကြားပြီး မြန်မာ့အာမခံလုပ်ငန်း ရန်ကုန်တောင်ပိုင်းခရိုင်ရုံး ခရိုင်တာဝန်ခံက အာမခံအမျိုးအစားများဖြစ်သည့် ပြည်သူ့ဝန်ထမ်းအသက် အာမခံ၊ ကျန်းမာရေးအာမခံ၊ မြွေအန္တရာယ်အာမခံ၊ မီးနှင့်အထွေထွေအာမခံ၊ အလုံးစုံမော်တော်ယာဉ်အာမခံ၊ ခရီးသွားအာမခံနှင့် အထူးခရီးသွားအာမခံလုပ်ငန်းများ ထားရှိခြင်းဖြင့်ရရှိနိုင်မည့် အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးကာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**ကြည်စိုးလွင်(သုံးခွ)**

## စက်တင်ဘာ ၄ ရက် (သောကြာနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်းကျပ်ပျမ်းမျှ အနိမ့်ဆုံးမှအမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၇၀၀၀ မှ ၅၀၅၀၀ |
| ၂ | ဧည့်မထ/ဧယာ(ဆန်) |  | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၀၀၀ မှ ၂၄၀၀၀ |
| ၃ | ငစိန်(ဆန်) |  | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၂၀၀၀ |
| ၄ | မြီးဒုံး(ဆန်) |  | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၈၀၀၀ မှ ၃၀၀၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) |  | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၈၀၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၄၀၀၀ မှ ၃၆၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) |  | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၄၅၇၀၀၀ |
| ၈ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၁၀၀ မှ ၂၃၆၅ |
| ၉ | ပဲကြီး(ပဲ) | ကုန်း၊ ရွှေကျွန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၄၇၅ မှ ၁၈၆၀ |
| ၁၀ | ပြောင်းဆန် |  | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၆၂၅ |
| ၁၁ | ဗိုလ်ကိတ်(ပဲ) |  | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၁၆၅ မှ ၁၂၅၀ |
| ၁၂ | နှမ်းဖြူ(နှမ်း) |  | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၀၄၀၀၀ မှ ၁၁၇၀၀၀ |
| ၁၃ | ကြက်သွန်နီ | ဆိပ်ဖြူ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၆၂၅ မှ ၁၀၅၀ |
| ၁၄ | ကြက်သွန်ဖြူ | ကြို့ကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၇၅ မှ ၂၆၂၅ |
| ၁၅ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၄၅၀ မှ ၃၀၀၀ |
| ၁၆ | အာလူး | အောင်ပန်း | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၇၀ မှ ၆၇၀ |
| ၁၇ | နဂါးမောက်သီး |  | တစ်ခြင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၁၀၀၀ မှ ၁၈၀၀၀ |
|  | **လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့(AMIT)မှ ပေးပို့သည်။** |  |  |  |  |

ရွေးကောက်ပွဲဆိုင်ရာ သိမှတ်ဖွယ်ရာ

# မဲပေးပိုင်ခွင့်ရှိသူတိုင်းအတွက် ပယ်မဲမဖြစ်စေရေး

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပတော့မည်ဖြစ်ရာ ရက်ပေါင်း (၆၅) ရက်သာလိုပါတော့သည်။ မဲဆန္ဒပေးပိုင်ခွင့်ရှိသူတိုင်း ဆန္ဒမဲပေးရန် အရေးကြီးသကဲ့သို့ မိမိပေးလိုက်သော မဲများသည်လည်း ပယ်မဲမဖြစ်စေရန် ပို၍ပင်အရေးကြီးပါသည်။

သို့ဖြစ်ခြင်းကြောင့် ခိုင်လုံမဲ၊ ပယ်မဲများနှင့် ပတ်သက်၍ အများပြည်သူတို့ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန် အလို့ငှာ ၂၀၁၅ ခုနှစ် ဩဂုတ် ၁၆ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ-၆ နှင့် ၁၁ တို့တွင် ဖော်ပြခဲ့သော "ပယ်မဲမဖြစ်ရေး" ဆောင်းပါးမှ သိမှတ်ဖွယ်ရာများကို ပြန်လည်ကောက်နုတ်ဖော်ပြလိုက်ပါသည်။




နမူနာ-၃




နမူနာ-၄




နမူနာ-၅




နမူနာ-၆

လာမည့် စက်တင်ဘာလ ၁၄ ရက်နေ့တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မဲဆန္ဒရှင်စာရင်းကို ထုတ်ပြန်ကြေညာမည်ဖြစ်ရာ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မဲစာရင်းတွင် မိမိတို့အမည် ပါ/မပါ ကြည့်ရှုပြီး အကယ်၍ မိမိအမည်မပါရှိပါက ပုံစံ(၃)ဖြင့် လျှောက်ထားရန်ဖြစ်ပါသည်။ မိမိအမည်ပါသော်လည်း ကိုယ်ရေးအချက်အလက်များမှားယွင်းနေပါက ပြင်ဆင်ပေးရန်အတွက် ပုံစံ(၄-ဂ) နှင့် လျှောက်ထားရန်လိုပါသည်။ ထိုသို့ လျှောက်ထားရာတွင် မဲစာရင်းများကို စတင်ကြေညာသည့်နေ့မှစ၍ ၁၄ ရက်အတွင်း၌သာ လျှောက်ထားခွင့်ရှိပြီး နောက်ဆုံးအကြိမ် ကြေညာပေးခြင်းဖြစ်သောကြောင့် မဲစာရင်းများကို မဖြစ်မနေ သွားရောက်ကြည့်ရှုကြရမည်ဖြစ်ပါသည်။

မဲစာရင်းတွင် အမည်ပါရှိ၍ မဲပေးမည့်မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ဆန္ဒမဲပေးရာတွင် မိမိနှိပ်လိုက်သော တံဆိပ်သည် အကြောင်းအမျိုးမျိုးကြောင့် မိမိဆန္ဒပြုလိုသောကိုယ်စားလှယ်လောင်း၏အကွက်အတွင်းသို့ တစ်ခုလုံးမကျရောက်ဘဲ နမူနာ(၃)တွင်ပြထားသည့်အတိုင်း အကွက်၏ဘေးသို့ဖြစ်စေ၊ နမူနာ(၄)ကဲ့သို့ အကွက်၏အောက်ဘက်သို့ဖြစ်စေ၊ နမူနာ(၅)ကဲ့သို့ အမှန်ခြစ်ဇောက်ထိုးဖြစ်သွားလျှင်ဖြစ်စေ၊ နမူနာ(၆)ကဲ့သို့ ကိုယ်စားလှယ်လောင်း၏အမည်၌ဖြစ်စေ ကျရောက်သွားပါကလည်း ယင်းတို့သည် ပယ်မဲမဖြစ်ဘဲ ခိုင်လုံမဲအဖြစ် အကျုံးဝင်ပါသည်။

**ဆက်လက်ဖော်ပြပါမည်။**

# ဆန်စပါး ပြည်ပတင်ပို့မှုကို ပြန်လည်ခွင့်ပြုပေးတော့မည်

**နေပြည်တော် စက်တင်ဘာ ၄**

သဘာဝဘေးကြောင့် ပြည်တွင်းစားသုံးမှုလိုအပ်ချက်အတွက် ပြည်ပသို့ ဆန်တင်ပို့မှုကို ယာယီဆိုင်းငံ့ထားခဲ့ရာမှ ယခုလလယ်မှစတင်ကာ ပြန်လည်တင်ပို့ခွင့်ပေးတော့မည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ သိရသည်။

ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လတို့အတွင်း မြန်မာနိုင်ငံအနှံ့အပြားတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ရာ ဆန်စပါးစိုက်ပျိုးသည့်လယ်များ ပျက်စီးမှုဖြစ်ပေါ်ခဲ့ရသည်။ ဆန်ဈေးမတည်ငြိမ်မှုနှင့် ဆန်ပြတ်လပ်မှုများ မဖြစ်ပေါ်စေရေးအတွက် ထိန်းချုပ်ရန် ပြည်ပသို့ ဆန်တင်ပို့မှုကို ခေတ္တရပ်ဆိုင်းခဲ့ခြင်းဖြစ်သည်။

"ရေဘေးသင့်တဲ့ ဒေသတွေမှာ ဆန်ဈေးနှုန်း မတည်ငြိမ်မှုတွေ ဖြစ်ပေါ်လာတာရှိပါတယ်။ ဒီလိုဖြစ်ပေါ်လာတဲ့ အခြေအနေတွေကို ထိန်းသိမ်းနိုင်ဖို့ ကျွန်တော်တို့ ဝန်ကြီးဌာနနဲ့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ ဆန်ကုန်သည်စတဲ့ ညီနောင်အသင်းတွေပူးပေါင်းပြီး ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်"ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန် ဦးတိုးအောင်မြင့်က ပြောသည်။

ဆန်ဈေးကြီးမြင့်သွားခြင်းမှာ ပစ္စည်းပြတ်သွား၍ မဟုတ်ဘဲ လမ်းပန်းဆက်သွယ်ရေး အခက်အခဲတို့ကြောင့်ဖြစ်ကြောင်းလည်း သိရသည်။

"အခု ဆန်ဈေးကြီးသွားတယ်ဆိုတာက ဆက်သွယ်ရေးလမ်းကြောင်းတွေ ပြတ်သွားတယ်။ သယ်ယူပို့ဆောင်ဖို့ အခက်အခဲဖြစ်တာမျိုးတွေရှိတယ်။ ဒေသမှာ ဝယ်လိုအားနဲ့ ရောင်းလိုအား မမျှဘူး။ အချို့နေရာတွေမှာ သယ်ယူပို့ဆောင်ရေးက အလွယ်တကူ မရောက်နိုင်သေးဘူး။ သယ်ယူပို့ဆောင်ခ စရိတ်တွေ ဈေးကြီးတာတွေရှိပါတယ်။ ဆန်တစ်အိတ်ကို အရင်ကကျပ်တစ်ထောင်နဲ့ သယ်ယူပို့ဆောင်ရာက ငါးထောင်၊ တစ်သောင်းဖြစ်သွားတာရှိတယ်။ ပစ္စည်းပြတ်လပ်လို့ ဈေးကြီးတာမဟုတ်ဘူး။ ပစ္စည်းအချိန်မီ မရောက်နိုင်လို့ သယ်ယူပို့ဆောင်ခတွေ တက်လို့ ဈေးကြီးသွားတာပါ"ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အကြီးတန်းအရာရှိတစ်ဦးက ပြောသည်။

ဆန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ညီနောင်အသင်းများက ရေဘေးသင့်ဒေသများတွင် ဈေးရင်းဖြင့် ရောင်းချသော ဆန်လက်ကားဆိုင်များကို ဖွင့်လှစ်ဆောင်ရွက်စေခဲ့သည်။ ဆန်ဆိုင်ပေါင်း ၂၆ ဆိုင်ကို ရေဘေးသင့်ဒေသများမှာ ဖွင့်လှစ်ထားပြီး ယနေ့အထိ ဆန်အိတ်ပေါင်း တစ်သိန်းကျော်ကို ရောင်းချပေးခဲ့ပြီးဖြစ်သည်။

လူတစ်ယောက်သည် တစ်နေ့လျှင် ဆန်နို့ဆီဘူး နှစ်လုံးကျော် စားသုံးနေပြီး တစ်နှစ်ကို ဆန်လေးအိတ် (၂၀၀ ကီလိုဂရမ်) စားသုံးမှုရှိနေကြောင်း FAO က ခန့်မှန်းထားရာ မြန်မာနိုင်ငံ လူဦးရေနှင့် တွက်ချက်ပါက နိုဝင်ဘာလလယ်အထိ ဆန်စားသုံးမှု လုံလောက်မှုရှိကြောင်းလည်း သိရသည်။

မြန်မာနိုင်ငံသည် နယ်စပ်လမ်းကြောင်းများမှ အဓိကဆန်စပါးတင်ပို့သည့် ဈေးကွက်မှာ တရုတ်ဖြစ်ပြီး ပေါင်းဆန်ကို ရုရှား၊ အခြားအမျိုးအစားများကို ဥရောပအပြင် လက်တင်အမေရိက၊ အာဖရိက စသည့်ဈေးကွက်များကိုလည်း တင်ပို့လျက်ရှိကြောင်း သိရသည်။

"ဈေးကွက်ရရှိရေး၊ ဈေးကွက်မပျောက်ရေးတို့ကို စဉ်းစားဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတကာနဲ့ ဆက်သွယ်မှုရရှိနေတဲ့ မြန်မာ့ဆန်ဈေးကွက်ကိုလည်း မပျက်စေချင်ဘူး။ စက်တင်ဘာ ၁၅ ရက်မှာ ပြန်လည်တင်ပို့ဖို့ ဆန်စပါးအသင်းချုပ်က တင်ပြထားတာရှိပါတယ်။ ဒီအပေါ်မှာ အသေးစိတ်ဆောင်ရွက်မှုတွေအတွက် ဆွေးနွေးနေပါတယ်"ဟု အဆိုပါဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန်က ပြောသည်။

ထို့ပြင် မြန်မာနိုင်ငံသည် ပြည်ပသို့ ကုန်ပစ္စည်း တင်ပို့မှုအတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍကို အဓိကအားထားပြီး ပို့ကုန်မဟာဗျူဟာတွင်လည်း ဆန်၊ ပဲ၊ ရေထွက်ကုန်၊ သစ်အချောထည်၊ အထည်ချုပ်လုပ်ငန်း၊ ရော်ဘာတို့ကို တိုးတက်အောင် ဆောင်ရွက်လျက်ရှိသည်။

ဆန်စပါး ပြည်ပတင်ပို့မှုကို တန်ချိန် တစ်သန်းခွဲမှ နှစ်သန်းကြား လျာထားချက်ရှိပြီး ၁၉၆၂ ခုနှစ် နောက်ပိုင်း ဆန်တင်ပို့မှု အမြင့်ဆုံးအနေဖြင့် ပြီးခဲ့သည့်နှစ်က ၁ ဒသမ ၈ သန်းအထိ တင်ပို့နိုင်ခဲ့သည်။ ယခုနှစ်တွင် ဩဂုတ် ၂၁ ရက်နေ့အထိ ဆန်၊ ဆန်ကွဲ ပြည်ပတင်ပို့မှုမှာ ပြီးခဲ့သည့် အလားတူကာလထက် တန်ချိန် ၁ ဒသမ ၂ သိန်းများနေသေးကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှသိရသည်။

"ဒီနှစ်မှာ မနှစ်ကထက် လျော့စရာအကြောင်းမရှိပါဘူး။ အခုပို့ထားတဲ့တန်ချိန်ဟာ တစ်လနီးပါးရပ်လိုက်တာတောင် ပြီးခဲ့တဲ့ ပွင့်လင်းရာသီမှာ ဆန်တွေအများကြီးပို့ထားခဲ့တာ ဖြစ်တဲ့အတွက် မနှစ်ကထက် ၁ ဒသမ ၂ သိန်း ပိုပြီးပို့နိုင်ပါတယ်။ လက်ရှိအခြေအနေအရ လျာထားချက်ကို လျော့သွားစရာမရှိပါဘူး"ဟု ဈေးကွက်ကျွမ်းကျင်သူများက သုံးသပ်ကြသည်။

ပြည်ပသို့ ဆန်တင်ပို့မှုကို ပြီးခဲ့သည့်လက ခေတ္တရပ်ဆိုင်းခဲ့ခြင်းဖြစ်ပြီး စက်တင်ဘာလလယ်တွင် အဆင့်အလိုက် ပြန်လည်ဖွင့်လှစ်ရန် စီစဉ်နေခြင်းဖြစ်ကာ တစ်နိုင်ငံလုံးတွင် ထွက်ရှိလာမည့် စပါးအနေအထား၊ နွေစပါးစိုက်နိုင်မည့် အနေအထားများကို ကြည့်ကာ လိုအပ်သလို ထိန်းညှိဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။ **(နန္ဒာဝင်း၊ ဟန်နီဝင်း)**

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
လူကုန်ကူးခံရသူများအတွက် သတင်းအချက်အလက် မျှဝေရာစင်တာ သို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်း၊ အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဆက်သွယ်ရမည့်ဖုန်း : ၀၁-၆၆၆၆၀၉ (ရုံးချိန်အတွင်း)

# ၂၀၁၆ ခုနှစ်အထိ ဆက်လက်နွေးကွေးနေမည့် အိမ်ခြံမြေရောင်းဝယ်ရေးလုပ်ငန်း

**ရန်ကုန် စက်တင်ဘာ ၄**

မြန်မာနိုင်ငံ၏ အိမ်ခြံမြေရောင်းဝယ်ရေးလုပ်ငန်းသည် ယခုနှစ်ကုန်သည်အထိ ပြန်လည်ဦးမော့လာမည့် လက္ခဏာမတွေ့ရဘဲ ဆက်လက်နွေးကွေးမည့် အနေအထားတွင်ရှိကြောင်း ဈေးကွက်ကျွမ်းကျင်သူများက ပြောကြားသည်။

အိမ်နှင့် မြေရာရောင်းဝယ်ရေးလုပ်ငန်းတစ်ခုမှ မန်နေဂျင်းဒါရိုက်တာဖြစ်သူ ဦးနေမင်းသူက အိမ်ခြံမြေအရောင်းဈေးကွက်သည် ယခုနှစ်ကုန်အထိ အေးနေမည်ဖြစ်ရာ ရောင်းဝယ်သူများနှင့် ငှားရမ်းသူများအတွက် ဖိအားရှိနေမည်ဖြစ်ကြောင်း၊ နိုဝင်ဘာလတွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြောင့် ရင်းနှီးမြှုပ်နှံသူများနှင့် ဆောက်လုပ်ရေးလုပ်ငန်းရှင်များက ရင်းနှီးမြှုပ်နှံမှုများအပေါ် သတိကြီးစွာ စောင့်ကြည့်ရသည့် အခြေအနေသို့ ရောက်ရှိခဲ့ကြောင်း၊ အများစုမှာ ဖြစ်ပေါ်တိုးတက်နေသည့် နိုင်ငံရေးအခြေအနေအပေါ် စောင့်ကြည့်နေကြသဖြင့် ရင်းနှီးမြှုပ်နှံမှုကို အလျင်စလို မလုပ်ကြခြင်းဖြစ်ကြောင်း သတင်းထောက်များကို ပြောကြားသည်။

ထို့ပြင် ဦးနေမင်းသူက ရန်ကုန်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ဆောက်လုပ်သော တိုက်ခန်းများတွင် အသုံးပြုသည့် ဆောက်လုပ်ရေးပစ္စည်းနှင့် နည်းပညာများမှာ အရည်အသွေးမမီကြောင်း မီဒီယာများ၏ ထုတ်ဖော်ရေးသားမှုကြောင့် ကန်ထရိုက်လုပ်ငန်းများအပေါ် ပြည်သူများ၏ ယုံကြည်မှု ကျဆင်းသွားသည့်အချက်ကလည်း အိမ်ခြံမြေရောင်းဝယ်ရေးဈေးကွက်ကို အေးစေကြောင်း ထပ်လောင်းပြောကြားသည်။

ထို့အတူ MKT ဆောက်လုပ်ရေးကုမ္ပဏီမှ စီအီးအိုဖြစ်သူ ဦးမျိုးမြင့်က အိမ်မြေဈေးကွက် အေးရခြင်းမှာ အခြားသော အချက်များလည်း ပါဝင်ကြောင်း၊ ကွန်ဒိုမီနီယံဥပဒေ အတည်မပြုရသေးသည့်အတွက် ကွန်ဒိုအိမ်ရာဆောက်လုပ်မည့် လုပ်ငန်းရှင်များ လုပ်ငန်း မစတင်နိုင်သေးသည်ကလည်း အိမ်ခြံမြေဈေးကွက်ကို နွေးကွေးစေကြောင်းဆိုသည်။

တော်ဝင်မိသားစုဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးကိုကိုထွေးက မြေဈေးမြင့်မားမှု၊ ဆောက်လုပ်ရေးစရိတ်မြင့်မားမှုနှင့် ချေးငွေအတိုးမြင့်မားမှုအပါအဝင် အထွေထွေစရိတ်များ မြင့်တက်လာမှုကလည်း အိမ်ခြံမြေဈေးကွက်ကို အေးစေကြောင်း ပြောကြားသည်။

**(ကျော်သဲအိမ်)**

# စက်မှုလုပ်ငန်းသုံးစက်ပစ္စည်းနှင့် တွဲဖက်ပစ္စည်းများ ပြပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၄**

မြန်မာနိုင်ငံစက်မှုလုပ်ငန်းအသင်းနှင့် UBM Asia (Thailand) တို့မှစီစဉ်၍ တတိယအကြိမ်မြောက် Intermach & Subcon Myanmar 2015 ပြပွဲကို စက်တင်ဘာ ၂၄ ရက်မှ ၂၆ ရက်ထိ တပ်မတော်ခန်းမ၌ ပြုလုပ်သွားမည်ဟု သိရသည်။

အဆိုပါပြပွဲတွင် ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဂျပန်၊ မလေးရှား၊ မြန်မာ၊ နိုင်ဂျီးရီးယား၊ စင်ကာပူ၊ ဆွီဒင်၊ ထိုင်း၊ ဗြိတိန်နှင့် အမေရိကန်နိုင်ငံတို့မှ စက်မှုလုပ်ငန်းသုံး စက်ပစ္စည်းများနှင့် တွဲဖက်ပစ္စည်း ၃၀၀ ကျော်ကို ပြသရန်စီစဉ်ထားကြောင်း သိရသည်။

ယင်းပြပွဲမှသည် နိုင်ငံတွင်းစက်မှုထုတ်ကုန် တိုးမြှင့်လာစေရန်နှင့် ပြည်တွင်း စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများဖန်တီးပေးနိုင်မည်ဖြစ်ရာ စီးပွားရေးလုပ်ငန်းရှင်များ၊ ထုတ်ကုန်နှင့် ဒီဇိုင်းအင်ဂျင်နီယာများ၊ စွန့်ဦးလုပ်ငန်းရှင်များ၊ OEM လုပ်ငန်း လုပ်ပိုင်ခွင့်ရယူသူများ၊ ကားပစ္စည်းအစိတ်အပိုင်းထုတ်လုပ်သူများ၊ Subcontractors၊ သတ္တုအစိတ်အပိုင်းနှင့် ကုန်ထုတ်လုပ်သူများ၊ ကုန်ပစ္စည်းထုတ်လုပ်သူများ၊ အထောက်အပံ့ပေးသော စက်မှုလုပ်ငန်းများအတွက် အခွင့်အလမ်းကောင်းများ ရရှိနိုင်မည်ဟု မြန်မာနိုင်ငံစက်မှုလုပ်ငန်း အထွေထွေမန်နေဂျာ ဒေါက်တာ အောင်သိန်းက ပြောသည်။

**ခင်ဇာလီ**

# ရထားများ ပုံမှန်မောင်းနှင်နေပြီ

**မိုးကောင်း စက်တင်ဘာ ၄**

ဩဂုတ် ၃၁ ရက် နံနက် ၁၀ နာရီကျော်ခန့်က ဆားမှော်နှင့်တောင်နီဘူတာကြားရှိ မိုင်တိုင်အမှတ် (၆၇၂/၁၂ နှင့် ၁၆ ကြား) တံတား အမှတ် (၆၅၂)သည် မန္တလေး-မြစ်ကြီးနား အမှတ်(၄၃) အဆန်ကုန်ရထားဖြတ်သန်းရင်း တိမ်းမှောက်မှုကြောင့် တံတားပျက်စီးကာ ရထားသွားလာမှု ခေတ္တရပ်နားထားရသည်ဖြစ်ရာ ဦးမြင့်အောင်(ကြီးကြပ်ရေးမှူး [ပို့ဆောင်ရေး]မြစ်ကြီးနား) ဦးဆောင်၍ဝန်ထမ်းများ၊ မြစ်ကြီးနား ကုန်တင်ကုန်ချအဖွဲ့နှင့် ရထားလမ်းပြင် အဖွဲ့များက စက်တင်ဘာ ၁ ရက်မှစ၍ ကန့်လန့်ဖြတ်ခံနေသော ရထားတွဲအား ကရိန်းဖြင့် ဖယ်ရှားပြီး တံတားနှင့်ရထားလမ်း ပြုပြင်ခြင်းကို ညတွင်းချင်း ဆောင်ရွက်ခဲ့ပြီးဖြစ်၍ ယမန်နေ့နံနက် ၁၀ နာရီခွဲမှစတင်ပြီး ရထားများ ပုံမှန်မောင်းနှင်နေပြီဖြစ်ကြောင်း မြစ်ကြီးနားမြို့ပို့ဆောင်ရေးကြီးကြပ်ရေးမှူး ဦးမြင့်အောင်ထံမှ သိရသည်။

**သန်းလွင်ဦး(ပြန်/ဆက်)**



# မြစိမ်းရောင်ရန်ပုံငွေများလွှဲပြောင်းပေးအပ်

**လှည်းကူး စက်တင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်စီမံကိန်းပါ ကျေးရွာခြောက်ရွာဖြစ်သော ကညင်ကုန်းကျေးရွာ၊ မုဆိုးညောင်ပင်ကျေးရွာ၊ လက်ပံကျေးရွာ၊ အဝိုင်းကျွန်းကျေးရွာ၊ ဝါးနက်ကုန်းကျေးရွာနှင့် မယ်ဇလီကုန်းကျေးရွာ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများထံ ရန်ပုံငွေ ကျပ်သိန်း ၃၀၀ စီကို ဩဂုတ် ၂၆ ရက် နံနက်ပိုင်းက လှည်းကူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **လှကြွယ်(ပြန်ကြားရေး)**

စာအုပ်
စာပေ
လူ့မိတ်ဆွေ

# ကင်ဆိုဟွန်၏ ပုံတူဖယောင်းရုပ်တု ဟောင်ကောင်ရှိ မဒမ်တူးဆော့ပြတိုက်တွင်ထားရှိမည်




ဟောင်ကောင်ရှိ မဒမ်တူးဆော့ပြတိုက်က ကိုရီးယားကြယ်ပွင့် မင်းသား ကင်ဆိုဟွန်၏ ပုံတူဖယောင်းရုပ်တုကို ပြတိုက်၌ဖန်တီးထားရှိသွားမည်ဟု ကြေညာခဲ့သည်။ မဒမ်တူးဆော့ ရုပ်တုပြုလုပ်ရေးအဖွဲ့သည် မကြာသေးမီကပင် ကင်ဆိုဟွန်၏ အရပ်အမောင်း၊ ကြန်အင်လက္ခဏာနှင့် မင်းသားကိုင်ဆောင်လေ့ရှိသော အသုံးအဆောင်ပစ္စည်းတို့ကို သိရှိနိုင်ရန်အတွက် ကိုရီးယားရှိ မင်းသား၏ နေအိမ်သို့ သွားရောက်ခဲ့ကြသည်။ မဒမ်တူးဆော့အဖွဲ့က "ကင်ဆိုဟွန်က ကိုရီးယားရဲ့အအောင်မြင်ဆုံးမင်းသား တစ်လက်ဖြစ်တယ်ဆိုတာ သူ့ရဲ့ ပရော်ဖက်ရှင်နယ် ပီသမှုတွေကြောင့် ဖြစ်မယ်လို့ထင်ပါတယ်။ သူက ရုပ်ရှင်မှာပဲဖြစ်ဖြစ်၊ ရုပ်မြင်သံကြား ဇာတ်လမ်းတွဲတွေမှာပဲ ဖြစ်ဖြစ် ပရိသတ်တွေရဲ့ ကြည့်ရှုအားပေးခံရတဲ့ မင်းသား တစ်လက်ဖြစ်ပါတယ်။ အခု မင်းသားရဲ့ပုံတူ ဖယောင်းရုပ်တုကို ပြတိုက်မှာထားနိုင်တော့မှာဖြစ်တဲ့အတွက် လာရောက်လည်ပတ်ကြတဲ့ဧည့်သည်တွေအနေနဲ့ စိတ်လှုပ်ရှားပျော်ရွှင်ကျေနပ်လိမ့်မယ်လို့ မျှော်လင့်ပါတယ်" ဟု ဆိုသည်။

တရုတ်နိုင်ငံ ရှိဗ်ရှိအန်း သတင်းမီဒီယာ၏ဖော်ပြချက်အရ ကိုရီးယားတွင် စျေးအမြင့်ဆုံးရရှိသောမင်းသား နှစ်လက်မှာ ကင်ဆိုဟွန်နှင့် လီမင်ဟိုတို့ဖြစ်ပြီး တရုတ်ပဒေသာကပွဲတွင် ၎င်းတို့နှစ်ဦး ဝင်ရောက်ဖျော်ဖြေတင်ဆက်နိုင်ရန်အတွက် တစ်ဦးချင်းစီကို ဝမ် ၈၄၄ သန်းစီ ပေးချေခဲ့ရသည်။ ဟောင်ကောင်ရှိမဒမ်တူးဆော့ပြတိုက်တွင် ကင်ဆိုဟွန်၏ ပုံတူဖယောင်းရုပ်တုကို ၂၀၁၅ မကုန်မီ ထားရှိနိုင်ရန် စီစဉ်နေသည်။



## အမျိုးသမီးများ အဝတ်အစားဖက်ရှင် အတုယူနေရသည့် ဘာဘီရုပ်ကလေးများ

အင်စတာဂရမ်ပေါ်တွင် အမျိုးသမီးများ ဖက်ရှင်အတုအယူရဆုံးမှာ လူသားစစ်စစ် မင်းသမီးများ၊ မော်ဒယ်လ်များမဟုတ်ဘဲ ဘာဘီရုပ်ကလေးများဖြစ်နေသည်ကို အံ့သြဖွယ် တွေ့ရှိရသည်။ ကောမစ်ဇာတ်ကောင်များ ဖန်တီးသူတို့၏ ယင်းဘာဘီရုပ်ကလေးများအပေါ် ဖက်ရှင်ကျကျဆင်ယင်ပေးမှု၊ ပြုံးချိုသည့် မျက်နှာထားတို့ကြောင့် အင်စတာဂရမ်သုံးစွဲသူအတော်များများအကြား ရေပန်းအစားဆုံးပုံရိပ်များလည်းဖြစ်နေခဲ့သည်။

ဘာဘီဇာတ်ကောင်ကလေးများကို ယခင်က ရှေးခေတ်ဝတ်စားမှုပုံစံဖြင့်သာ စတင်ဖန်တီးခဲ့သော်လည်း နောက်ပိုင်းတွင် ခေတ်နှင့်အညီ ပြင်ဆင်သည့် ခြယ်သမှုမျိုးဖြင့် ဖန်တီးလာခဲ့ခြင်းဖြစ်သည်။

**အေးပြည့် - စုစည်းသည်။**

## လမ်းခွဲခဲ့ကြပေမယ့် ရင်းနှီးတဲ့ ဆက်ဆံရေးကို နှစ်ဦးသား တည်ဆောက်နိုင်ဆဲ ဘန်အဖလက်ခ်နှင့် ဂျနီဖာဂါနာ

စက်တင်ဘာ ၄ ရက်တွင် ဘန်အဖလက်ခ်နှင့် ဂျနီဖာဂါနာတို့နှစ်ဦး လော့စ်အိန်ဂျလိစ်မြို့တွင် အတူတကွချိန်းဆိုခဲ့ကာ လည်ပတ်ခဲ့ကြပြီး မင်းသား၏ ကားဆီသို့အသွားတွင် နှစ်ဦးသားမျက်နှာတွင် အပြုံးများ ဝေဆာနေသည်ကို မြင်တွေ့ခဲ့ရသည်ဟု People က ဖော်ပြသည်။

သူတို့နှစ်ဦးသည် ပြီးခဲ့သည့် ဇူလိုင်လက ကွာရှင်းပြတ်စဲခဲ့သော်လည်း သားသမီးများကြောင့် နှစ်ဦးကြား ရင်းနှီးသည့်ဆက်ဆံရေးကို ဆက်လက်တည်ဆောက်နိုင်အောင်ကြိုးပမ်းဆောင်ရွက်နေသည်ဟုလည်း ဆက်လက်ဖော်ပြသည်။ သူတို့နှစ်ဦးသည် ၁၀နှစ်ကြာ လက်တွဲခဲ့ကြသော်လည်း အိမ်ထောင်ရေး အဆင်ပြေမှုမရှိဟု သတင်းသဲ့သဲ့မျှမကြားရဘဲ ကွာရှင်းပြတ်စဲခဲ့ကြခြင်းဖြစ်သည်။

သူတို့နှစ်ဦး လက်ထပ်လက်စွပ်ဝတ်ဆင်ထားခြင်းမရှိဟု မီဒီယာများက သတိပြုခဲ့မိပြီးနောက် ခဏအကြာတွင် ကွာရှင်းပြီးကြောင်း နှစ်ဖက်စလုံးက ကြေညာခဲ့ခြင်းဖြစ်သည်။ထုတ်ပြန်ချက်တွင် ကွာရှင်းပြတ်စဲခဲ့သော်လည်း နှစ်ဦးသား ရင်းနှီးနွေးထွေးသည့် ဆက်ဆံရေးကို ဆက်လက်တည်ဆောက်သွားမည်ဖြစ်ပြီး သားသမီးသုံးဦးလုံးကို အတူတကွ စောင့်ရှောက်သွားမည်ဖြစ်ကြောင်းရေးသားထားသည်။ ယခုအခါ ဂါနာမှာ ဘန်အဖလက်ခ်နှင့် ဆက်ဆံရေးကို ပြန်လည်သုံးသပ်နေပြီး အခြေအနေသစ်တစ်ခုကို ပုံဖော်နိုင်အောင် ကြိုးပမ်းနေသည်ဟုလည်း People က ဆက်လက်ဖော်ပြသည်။

ဂါနာ Miracle from Heaven ရိုက်ကူးနေစဉ်ကာလတွင် ဘန်အဖလက်ခ်မှာ သားသမီး သုံးဦးအား စောင့်ရှောက်ရန် ယခင်မိသားစု အတူတကွနေထိုင်ရာ အိမ်သို့ရောက်ရှိခဲ့ကြောင်းနှင့် မင်းသားမှာ ဂါနာနှင့် ကွဲပြီးနောက် အိမ်ငှားနေထိုင်နေကြောင်းလည်း သိရသည်။



## အင်ဂျလီနာဂျိုလီနှင့်အမြွှာညီအစ်မအလားထင်မှတ်ရသည့်ချယ်လ်ဆီးမား

အသက်(၂၄)နှစ်အရွယ်ချယ်လ်ဆီးမားဟာ စကော့တလန်မှာရှိတဲ့ရေနံနဲ့ သဘာဝဓာတ်ငွေ့ ကုမ္ပဏီတစ်ခုက မန်နေဂျာတစ်ဦးဖြစ်ပါတယ်။ ဒါပေမယ့် သူ့ကိုမြင်သူတိုင်းက အသက် (၄၀) အရွယ်ရှိပြီဖြစ်တဲ့ အော်စကာမင်းသမီး အင်ဂျလီနာဂျိုလီနဲ့ ရုပ်ချင်းဆင်တဲ့အတွက် မြင်မြင်ချင်းသတိထားမိခဲ့တယ်လို့ အီးအွန်လိုင်းသတင်းတွေမှာဖော်ပြထားပါတယ်။

မားက သူ့ရဲ့ဖေ့စ်ဘွတ်စာမျက်နှာကတစ်ဆင့် "ကျွန်မကို အင်ဂျလီနာဂျိုလီနဲ့ ရုပ်ချင်းဆင်တယ်ဆိုပြီးပြောနေတာကို ဘယ်လိုဖော်ပြရမှန်းမသိလောက်အောင်ကို ကျေနပ်မိပါတယ်။ အခုလို ကျွန်မနဲ့ လူချင်းမသိပေမယ့်၊ မရင်းနှီးပေမယ့် လူမှုကွန်ရက်တွေကတစ်ဆင့် ကျွန်မရဲ့ပုံတွေကို ဖြန့်ပေးပြီး လူသိများစေခဲ့တဲ့ အွန်လိုင်းက မိတ်ဆွေတွေ အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်မဟာ ကိုယ့်ကိုယ်ကိုယ် ပြီးပြည့်စုံတဲ့အလှပိုင်ရှင်လို ဘယ်တုန်းကမှမခံယူခဲ့ပါဘူး။ လွန်ခဲ့တဲ့နှစ်အနည်းငယ်က နှာခေါင်းခွဲစိတ် ပြုပြင်ခဲ့ဖူးပေမယ့် တခြား အရာတွေကိုတော့ ထူးထူးခြားခြား ပြုပြင်ထားတာမရှိပါဘူး"လို့ ရေးသားဖော်ပြထားပါတယ်။

ချယ်လ်ဆီးမားဟာ အရင်က သာမန်လူတစ်ယောက်ဖြစ်ပေမယ့် အခုဆို အွန်လိုင်းစာမျက်နှာတွေမှာ နေရာယူမှုများလာခဲ့ပြီး သူ့ရဲ့နောက်ကြောင်းရာဇဝင်တွေကို သတင်းသမားတွေက သဲသဲမဲမဲလိုက်နေကြလို့ သူရဲ့ မူလရုပ်ရည်ဟာ ယခုလိုပုံစံမျိုးမဟုတ်ဘဲ ခွဲစိတ်ပြုပြင်မှုခံယူထားလို့သာ ဂျိုလီနဲ့တူနေတာဖြစ်တယ်လို့ ရေးသားဖော်ပြလာကြပါတယ်။

# ရုပ်မြင်သံကြားအစီအစဉ်များ

**၅ - ၉ -၂၀၁၅ (စနေနေ့)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

| | | | |
|---|---|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ် | | "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၄၄) |
| ၈း၀၀ | Cartoon Series (Welcome To Sky Ville) | ၈း၁၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံ ကံ၏အကျိုး"[ ရွှေပိုးဖြူ (အပိုင်း-၂) ] |
| ၈း၄၅ | Cartoon Series (Go Torara Go) | ၉း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှ ပွင့်သောပန်း" (အပိုင်း-၇၆) |
| ၁၀း၄၅ | Healthy Life (ပန်းလှိုင်စီလုံဆေးရုံကြီး၏ အရိုးအကြောဆိုင်ရာ ကုသမှုအစီအစဉ်) | ၉း၄၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သူစုန်းမလေး" (ဇာတ်သိမ်းပိုင်း) |
| ၁၁း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သူစုန်းမလေး" (အပိုင်း-၂၇+၂၈) | ၁၀း၃၀ | European Qualifiers San Marino Vs England (LIVE) |
| ၁း၀၀ | "ပညာရှိ" တရားတော် (ကျိုက်ထိုဆရာတော် အရှင်နန္ဒောဘာသာဘိဝံသ) | ၀၀း၃၀ | Forever Music Tribute မာရဇ္ဇ(အပိုင်း-၁) |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [ရွှေပိုးဖြူ (အပိုင်း-၁)] | ၀၁း၁၅ | Europen Qualifiers Spain Vs Slovakia (LIVE) |
| ၃း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၄၃) | ၀၄း၃၀ | တန်ခိုးကြီးမားဘုရားစေတီပုထိုးများ(ကျိုက်ပေါလောမှဲ့ရှင်တော်မြတ်ကြီးနှင့်သံသရာအေးမဟာဗောဓိစေတီတော်) |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ | | |

## မြဝတီ

| | | | |
|---|---|---|---|
| ၆း၀၃ | တရားတော် | ၁၂း၅၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်သောကွန်မန်ဒို" (အပိုင်း-၈) |
| ၆း၁၀ | မေတ္တာပို့ | ၂း၃၀ | သံစဉ်များနှင့် ကမ္ဘာ |
| ၆း၁၆ | ဓမ္မပူဇာတေး | ၄း၃၅ | ချစ်သူစုံတွဲတူယှဉ်၍ |
| ၆း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား | ၄း၄၅ | ကျန်းမာသုတ |
| ၆း၃၅ | မြန်မာသံစဉ် ချိုနားဝင် | ၅း၀၀ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၇း၁၀ | အမျိုးသားရေးတေးကဗျာ | ၅း၃၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဂါလီမာ" (အပိုင်း-၅၈) |
| ၈း၀၅ | VOA အင်္ဂလိပ်စာသင်ခန်းစာ | ၅း၄၅ | ရွှေလမ်းငွေလမ်းသူဌေးလမ်း |
| ၈း၁၅ | မွေးမြူသုတ | ၆း၁၀ | စားဖိုဆောင်ချစ်သူ |
| ၈း၂၀ | မြတ်နိုးစရာရိုးရာလက်မှုပညာ | ၆း၃၅ | ထူးခြားဆန်းပြားကမ္ဘာတစ်လွှား |
| ၈း၃၅ | ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ | ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရင်နှစ်သည်းချာချစ်လိပ်ပြာ" (အပိုင်း-၁၄) -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အဆုံးမရှိ" (အပိုင်း-၁၇) |
| ၁၁း၀၀ | English For Myanmar | | |
| ၁၁း၄၀ | မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် "နှစ်ယောက်တစ်မျက်နှာ" (စိုင်းစိုင်းခမ်းလှိုင်၊ နန်းစုရတီစိုးနှင့် သရုပ်ဆောင်များ) (ဒါရိုက်တာ-ချိုင်းရှိန်) | | |

## မြန်မာ့ရုပ်မြင်သံကြား News Channels

| | | | |
|---|---|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် | ၂း၁၀ | "အနုတ်(၁)မှ အပေါင်း(၁)သို့" |
| ၆း၃၅ | ကိုယ်စိတ်ကျန်းမာလေ့ကျင့်ပါ | ၂း၃၅ | "လူကုန်ကူးမှုအသိပညာပေး စကားဝိုင်းဆွေးနွေးပွဲ" |
| ၆း၄၅ | အရိမိဒ္ဒနမှ စေတီပုထိုးများ (အပိုင်း-၂) | ၄း၃၅ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -စတုတ္ထနှစ်(သတ္တဗေဒအထူးပြု) (သတ္တဗေဒ) |
| ၇း၃၀ | Head Line NEWS | ၅း၁၅ | စာပေဗိမာန် စာပေစကားဝိုင်း (စတုတ္ထပိုင်း) (အပိုင်း-၁) |
| ၇း၃၅ | Hyper Sports | ၇း၃၅ | Business News |
| ၈း၃၅ | The Farmer | | ဂီတတံခါးလေးဖွင့်ပါဦး "အိမ်မက်ထဲကကောင်းကင်" (အပိုင်း-၂) (နန္ဒ၊ သားညီ၊ ဇွဲနိုင်ဝင်း၊ တင့်တင့်ထွန်း၊ စိုးမြတ်နန္ဒာ၊ မေကဗျာ၊ ချစ်စနိုးဦး၊ ပွင့်နဒီမောင်) (ဒါရိုက်တာ-ညိုမင်းလွင်) |
| ၁၀း၃၅ | သိပ္ပံနှင့် နည်းပညာအစီအစဉ် | | |
| ၁၂း၃၅ | တစ်ပတ်အတွင်း ရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ် | | |
| ၁း၁၀ | "ထာဝရမိတ်ဆွေဖြစ်ပါစေ" | | |
| ၁း၅၀ | "မြို့မငြိမ်း(၁၀၅နှစ်ပြည့် အထိမ်းအမှတ်မန္တလေးမြို့မတူရိယာအသင်းနှင့် နိုင်ငံတော်သံစုံတီးဝိုင်းတို့၏ ပူးပေါင်းဖျော်ဖြေတင်ဆက်မှု အစီအစဉ်(အပိုင်း-၄) | | |

## mitv

| | |
|---|---|
| 07:26 | Great Shwedagon- Charitable Associations |
| 08:27 | Shwe Myanmar And Full Moon Day Of Waso |
| 09:26 | Myanmar Leading Woman "May Sabai Phyu" |
| 09:38 | Visiting A Serene Village In The Northwest of Myanmar |
| 09:53 | Made in Myanmar "Mixxo" |
| 10:27 | Pa O in the Union |
| 10:50 | Myanmar's Export: Mango |
| 07:26 | Interesting Features of Rakhine |
| 07:47 | Today Myanmar: Impacts of Social Media (Part-2) |
| 08:27 | Unique Pattern Of Myanma… A Trend Of Chin Traditional Dress |
| 08:58 | Myanmar Masterclass: Fantastic Art |

# လူငယ်ဂေါက်သီးရိုက် ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၄**

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် Junior Golf Myanmar(JGM)တို့၏ ကြီးကြပ်စီစဉ်မှုဖြင့် PUN HLAING GOLF CLUB(PHGC) က ကြီးမှူး၍ PUN HLAING GOLF CLUB JUNIOR CHAMPIONSHIP လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲကို စက်တင်ဘာ ၁၂ ရက်မှ ၁၃ ရက်အထိ ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ PUN HLAING GOLF CLUB (PHGC)၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အသက်ရှစ်နှစ်အောက်သက်တန်းမှ ၂၄ နှစ်အောက် အမျိုးသား၊ အမျိုးသမီးသက်တန်းအလိုက် ပြိုင်ပွဲများဟူ၍ ကျင်းပမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်မည့် လူငယ် ဂေါက်သီးရိုက်အားကစားသမားများသည် စက်တင်ဘာ ၁၀ ရက် ညနေ ၅ နာရီနောက်ဆုံးထား၍ အမည်စာရင်းနှင့်ပူးတွဲ၍ မွေးစာရင်း(သို့မဟုတ်) မှတ်ပုံတင် (မူရင်း/မိတ္တူ)များကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် (သို့မဟုတ်) PUN HLAING GOLF CLUB တို့သို့ ပေးပို့ရမည်ဖြစ်သည်။

ယင်းပြိုင်ပွဲ၌ ပြိုင်ပွဲဝင်ကြေး အခမဲ့ဖြစ်ပြီး ဆုရရှိကြသည့် သင်တန်းအလိုက် လူငယ်ဂေါက်သီးရိုက် အားကစားသမားများအား ထိုက်ထိုက်တန်တန်ဆုချီးမြှင့်မည်ဖြစ်သည်။ ပြိုင်ပွဲနှင့်စပ်လျဉ်း၍ သိရှိလိုပါက ဖုန်း ၀၁-၆၈၄၀၂၁ နှင့် ၀၉-၂၅၀၅၁၀၂၀၀ တို့သို့ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး**



# ဂါရတ်ဘေးလ်ရဲ့ သွင်းဂိုးနဲ့ ယူရိုခြေစစ်ပွဲအောင်မြင်ဖို့ တစ်ပြည့်ပြည့်နီးကပ်လာသည့် ဝေလ

စက်တင်ဘာ ၃ ရက်က ယှဉ်ပြိုင်ခဲ့တဲ့ ယူရိုခြေစစ်ပွဲ ပွဲစဉ်မှာ ဝေလအသင်းက ဆိုက်ပရက်စ်ကို ကွင်းလယ်ကစားသမား ဂါရတ်ဘေးလ်ရဲ့ တစ်လုံးတည်းသော သွင်းဂိုးနဲ့ အနိုင်ယူနိုင်ခဲ့တာကြောင့် ယူရို-၂၀၁၆ခြေစစ်ပွဲအောင်မြင်ဖို့ တဖြည်းဖြည်းပိုမိုနီးကပ်လာခဲ့ပြီဖြစ်ပါတယ်။ ပွဲချိန် ၈၂ မိနစ်မှာ သွင်းယူခဲ့တဲ့ဂါရတ်ဘေးလ်ရဲ့ သွင်းဂိုးဟာ ဝေလအသင်းအတွက် အသက်ကယ်ဆေးဖြစ်ခဲ့ပြီး ဘေးလ်အနေနဲ့ သူ့ကိုကွင်းလယ်ကစားသမားအဖြစ်အသုံးပြုရင် ပိုပြီးခြေစွမ်းပြနိုင်တယ်ဆိုတာ နောက်ထပ်သက်သေပြနိုင်ခဲ့တဲ့ပွဲတစ်ခုလည်းဖြစ်ခဲ့ပါတယ်။

ဝေလအသင်းဟာ ပွဲအစကတည်းက ဆိုက်ပရက်စ်ဘက်ကိုအသာစီးနဲ့ ဖိပြီး ကစားနိုင်ခဲ့ပေမယ့် ဘေးလ်ရဲ့ အလွတ်တည်ကန်ဘောကို ဂိုးအဖြစ်မပြောင်းလဲနိုင်ခဲ့သလို ရမ်ဆေးကန်သွင်းတဲ့အပိုင်ကန်သွင်းချက်တွေလည်းလွဲချော်သွားခဲ့တာကြောင့် ဂိုးပြတ်နိုင်ပွဲကို မမြင်တွေ့ခဲ့ရတာဖြစ်ပါတယ်။

ဒီနိုင်ပွဲကြောင့်ဝေလအသင်းဟာ နောက်တစ်ပွဲမှာ အစ္စရေးကိုအနိုင်ကစားနိုင်ရုံနဲ့ ပြင်သစ်သွားခွင့် လက်မှတ်ကိုရရှိတော့မှာ ဖြစ်ပါတယ်။ ဝေလအသင်းဟာ ဆိုက်ပရက်စ်ကို ၁၉၉၂ခုနှစ်နောက်ပိုင်းကတည်းက အနိုင်တစ်ခါမျှရရှိခဲ့ခြင်းမရှိခဲ့ပေမယ့်လည်း ဒီနေ့ပွဲမှာတော့ ဂျက်ဇ်ရစ်ချက်တင်ပေးလိုက်တဲ့ဘောလုံးကို ဂါရတ်ဘေးလ်က ခေါင်းတိုက်ပြီးသွင်းယူခဲ့လို့ ဝေလအသင်းရဲ့ အိပ်မက်ဆိုးကို ရပ်တန့်နိုင်ခဲ့ပါတယ်။

"ကျွန်တော့်ကို အခုဆိုလူတွေကမေးကြတယ်။ ဝေလအသင်း ၁၉၅၈ ကမ္ဘာ့ဖလားနောက်ပိုင်း ပထမဆုံးအကြိမ်ပြိုင်ပွဲကြီးတွေမှာ ဝင်ရောက် ယှဉ်ပြိုင်နိုင်မှာလားပေ့ါ။ ရိုးရိုးသားသားပြောရရင် ကျွန်တော်မသိပါဘူး။ ဒါပေမယ့် အခုလို အသင်းအတွက်အရေးကြီးနေတဲ့အချိန်မှာ အနိုင်ဂိုးကိုသွင်းယူပေးနိုင်ခဲ့တဲ့အတွက် ကျွန်တော်တအားပျော်ရွှင်မိပါတယ်" လို့လည်း ဂါရတ်ဘေးလ်ကပြောကြားခဲ့ပါတယ်။

ဝေလအသင်းရဲ့ ယခုနိုင်ပွဲကြောင့် ဖီဖာကမ္ဘာ့အဆင့်သတ်မှတ်ချက်မှာလည်း အင်္ဂလန်ကိုနောက်ကောက်ချကာ ကမ္ဘာ့အဆင့်(၉)နေရာမှာ ရပ်တည်နိုင်ခဲ့ပါတယ်။

အခြားအုပ်စု(ခ)ပွဲစဉ်တစ်ရပ်မှာတော့ ဘယ်လ်ဂျီယံအသင်းက ဘော့စနီးယား-ဟာဇီဂိုဗီးနားအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ယူနိုင်ခဲ့ပါတယ်။ ပထမပိုင်းပွဲအစ ၁၅ မိနစ်မှာပဲ ဘော့စနီးယားတိုက်စစ်မှူး ဇက်ကိုက အဖွင့်ဂိုးသွင်းယူခဲ့ပါတယ်။ ဒါပေမယ့် ပွဲချိန်၂၃မိနစ်မှာ ဖယ်လိုင်နီ၊ ၄၃မိနစ်မှာ ဒီဘရူနီနဲ့ ၇၈မိနစ်မှာ ဟာဇက်တို့က ချေပဂိုးနဲ့ အနိုင်ဂိုးတွေသွင်းပေးခဲ့တာကြောင့် ပွဲအပြီးမှာ နာမည်ကြီးဘယ်လ်ဂျီယံက အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ ဒီပွဲအနိုင်ရခဲ့တာကြောင့် ဘယ်လ်ဂျီယံဟာ အုပ်စု(ခ)မှာဝေလအသင်းနဲ့အတူ ခြေစစ်ပွဲအောင်မြင်ဖို့ အလားအလာကောင်းသွားခဲ့ပြီဖြစ်ပါတယ်။

# ပီပီမှာ တစ်ရာသီသာခြေစွမ်းပြနိုင်သည့် ကစားသမား မဟုတ်ဟု ဟယ်ရီကိန်းတုံ့ပြန်

လက်ရှိဘောလုံးရာသီတွင် ဂိုးပေါက်ပျောက်နေသဖြင့် ဝေဖန်မှုများကြုံတွေ့နေရသော စပါးတိုက်စစ်မှူးဟယ်ရီကိန်းက ၎င်းမှာတစ်ရာသီသာ ခြေစွမ်းထက်ပြီး ကျန်ရာသီများတွင် ခြေစွမ်းခြေစနည်းသူသာမန်ကစားသမားမျိုးမဟုတ်ဟု တုံ့ပြန်ပြောကြားခဲ့သည်။ ဟယ်ရီကိန်းသည်ပြီးခဲ့သည့်နှစ်ဘောလုံးရာသီက ပရီမီယာလိဂ်တွင် သွင်းဂိုး၂၁ ဂိုးသွင်းယူကာ ဒုတိယသွင်းဂိုးအများဆုံးကစားသမားအဖြစ်ရပ်တည်ခဲ့သော်လည်း လက်တလောတွင် ပရီမီယာလိဂ်ပွဲစဉ်လေးပွဲကစားပြီးသည်အထိ သွင်းဂိုးတစ်ဂိုးမျှ သွင်းယူနိုင်ခြင်းမရှိခဲ့ပေ။

သို့သော် သူသည် ဆွစ်ဇာလန်နှင့် ဆမ်မာရီယို တို့နှင့်ရင်ဆိုင်ရမည့် ယူရိုခြေစစ်ပွဲအတွက် ရွေးချယ်ခံထားရပြီး မကြာမီကလပ်အသင်းအတွက် ဂိုးများဆက်တိုက်ပြန်လည်သွင်းယူနိုင်မည်ဟုမျှော်လင့်ကြောင်းပြောကြားခဲ့သည်။

"ပြီးခဲ့တဲ့ရာသီက ကံကောင်းပြီး ဒီလောက်အထိ ဂိုးတွေသွင်းနိုင်ခဲ့တယ်လို့ ကျွန်တော်မထင်ပါဘူး။ ကျွန်တော်ဟာ ရောက်တဲ့နေရာမှာ ကိုယ်လုပ်ရမယ့်အလုပ်ကို အာရုံစိုက်ပြီး ကြိုးကြိုးစားစားလုပ်ဆောင်ခဲ့လို့သာ ဒီလိုအဆင့်တစ်ရပ်မှာ ရပ်တည်နိုင်ခဲ့တာပါ။ တိုက်စစ်မှူးတစ်ဦးဆိုတာ အခွင့်အရေးရတာနဲ့ဂိုးတွေသွင်းနိုင်ဖို့ အမြဲကြိုးစားနေပေမယ့် တစ်ခါတစ်လေမှာတော့ လုပ်သမျှမဖြစ်တဲ့အခိုက်အတန့်ဆိုတာရှိပါတယ်။ ဒါပေမယ့် ကျွန်တော်ဟာ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုအပြည့်ရှိသူဆိုတော့ ဂိုးတွေဆက်တိုက်ပြန်လည် သွင်းယူနိုင်ပါလိမ့်မယ်။ သေချာတာကတော့ တစ်ရာသီစာ ကစားသမားထဲမှာ ကျွန်တော်မပါပါဘူး"ဟု ဆိုခဲ့သည်။

ကိန်းသည်ပြီးခဲ့သည့်နှစ်က စပါးအတွက် ပြိုင်ပွဲအရပ်ရပ်တွင် ဂိုးပေါင်း၃၁ဂိုးအထိသွင်းယူပေးနိုင်ခဲ့သောကြောင့် ပရီမီယာလိဂ် တစ်နှစ်တာအကောင်းဆုံး လူငယ်ကစားသမားအဖြစ်ရွေးချယ်ခံခဲ့ရသည်။ ကိန်းသည် လက်တလောအနေအထားကိုဖြေရှင်းရန် ယခုအင်္ဂလန်အသင်းခေါင်းဆောင် ဝိန်းရွန်းနီနှင့် ယခင်အင်္ဂလန်အသင်းခေါင်းဆောင် အလန်ရှီးယားတို့ထံမှ အကြံဉာဏ်များရယူခဲ့သည်ဟုလည်း သိရသည်။

ဟယ်ရီကိန်းသည် ပြီးခဲ့သည့်မတ်လမှစတင်၍ အင်္ဂလန်လက်ရွေးစင်အသင်း၌ စတင်ရွေးချယ်ခံခဲ့ရပြီးနောက် ပွဲဦးထွက်မှာပင် နိုင်ငံအသင်းအတွက် ဂိုးသွင်းယူနိုင်ခဲ့သည်။ အင်္ဂလန်အသင်းမှာ အုပ်စု(င)တွင်ပွဲစဉ်ခြောက်ပွဲ ကစားပြီးချိန်၌ ပွဲစဉ်တိုင်းအနိုင်ရရှိပြီး ရမှတ်၁၈မှတ်ဖြင့် အုပ်စုကို ဦးဆောင်ထားနိုင်သောကြောင့် ဆမ်မာရီယိုအား အနိုင်ရခဲ့လျှင် ယူရို-၂၀၁၆ခြေစစ်ပွဲ အောင်မြင်တော့မည်ဖြစ်သည်။

**ရှိုင်းယန်ဟောဒင်-စုစည်းသည်။**

# ဘင်ဇီမာအတွက် ပေါင်၇၅သန်းဖြင့် ကမ်းလှမ်းခဲ့သင့်သော အာဆင်နယ်



ယခင်အာဆင်နယ်ကစားသမားဟောင်း ပေါလ်မာဆန်က အာဆင်နယ်အနေဖြင့် ဘင်ဇီမာကဲ့သို့သော ထိပ်တန်းတိုက်စစ်မှူးတစ်ဦးအား အသင်းသို့ အမှန်တကယ်အရောက်ခေါ်ယူချင်လျှင် ပေါင်၇၅သန်းအထိ ပေးချေကမ်းလှမ်းသင့်သည်ဟု ဝေဖန်ခဲ့သည်။ အာဆင်နယ်သည် ဘင်ဇီမာအားခေါ်ယူရန် နွေဈေးကွက်တရားဝင် မဖွင့်လှစ်မီကတည်းက အကြိမ်ကြိမ်ကြိုးပမ်းခဲ့သော်လည်း ပြောင်းရွှေ့ကြေး ပေါင်သန်း၅၀ထက်ပိုမိုပေးချေရန်ဆန္ဒမရှိသောကြောင့် ဖြစ်မြောက်လာခြင်းမရှိခဲ့ပေ။

အာဆင်နယ်နည်းပြ ဝင်းဂါးသည် ဘင်ဇီမာ၏အပြောင်းအရွှေ့အတွက် နွေဈေးကွက်နောက်ဆုံးပိတ်သိမ်းချိန်အထိစောင့်မျှော်နေခဲ့သည်။ သို့သော် မာဆန်ကမူ အာဆင်နယ်နှင့် နည်းပြဝင်းဂါးတို့သည် လိုချင်သည့် ကစားသမားနှင့် ဈေးကွက်တောင်းဆိုသောဈေးနှုန်းကို ပေးချေရန်ပျက်ကွက်နေပြီး အပြောင်းအရွှေ့ကိုအမှန်တကယ်စိတ်အားထက်သန်ပြီး လုပ်ဆောင်ခဲ့ခြင်းမရှိဟု ဝေဖန်ပြစ်တင်ခဲ့သည်။

" ဘင်ဇီမာလိုကစားသမားမျိုးက ပေါင်သန်း၅၀အောက်တန်ကြေးဆိုတာ ဘယ်လိုမှမဖြစ်သင့်ဘူးလေ။ မန်ယူကဆို မာရှယ်လ်လိုလူငယ်လေးအတွက်တောင် ပေါင်သန်း ၄၀နီးပါးသုံးခဲ့တယ်။ မန်စီးတီးဆိုလည်း စတာလင်အတွက်ပေါင် ၄၉သန်းသုံးခဲ့တယ်လေ။ ဘင်ဇီမာလိုကစားသမားအတွက် ခင်ဗျားအနည်းဆုံးပေါင် ၇၅ သန်းလောက်မှမသုံးချင်ရင်အစကတည်းက သွားပြီးခေါ်ယူဖို့ချိတ်ဆက်မနေနဲ့တော့ပေ့ါဗျာ။ ဒါက အာဆင်နယ်အနေနဲ့ ရှိတဲ့ငွေတွေကို မသုံးချင်ဘဲ အမှန်တကယ်အပြောင်းအရွှေ့မှာ စိတ်အားထက်သန်မှုမရှိဘူးဆိုတာ ပြသရာရောက်ပါတယ်"ဟု မာဆန်ကဝေဖန်ခဲ့သည်။

ဘင်ဇီမာကဲ့သို့သော ကစားသမားမျိုးကို ခေါ်ယူရန်အတွက် ပေါင် ၄၈သန်းသာအမြင့်ဆုံးကမ်းလှမ်းခဲ့သည့် အာဆင်နယ်၏လုပ်ရပ်အပေါ် ပရိသတ်များက စိတ်ဆိုးဒေါသထွက်နေကြောင်းလည်း သိရသည်။

# ပီပီတန်ဖိုးအစစ်အမှန်ကို ပြသသွားမယ့် မာရှယ်လ်

အပြောင်းအရွှေ့နောက်ဆုံးနေ့ရက်အရောက် မန်ယူက ယူရိုသန်း၈၀ဖြင့်ခေါ်ယူခဲ့သော မာရှယ်လ်က ၎င်းမှာမည်သို့သောကစားသမားဖြစ်သည်ဆိုသည့် သူ၏တန်ဖိုးအစစ်အမှန်ကို ပြသသွားမည်ဟု ဆိုလိုက်သည်။မန်ယူအသင်းခေါင်းဆောင် ဝိန်းရွန်းနီက မာရှယ်လ်ကို မသိရှိသည့်အတွက် မာရှယ်လ်နှင့်ပတ်သက်၍ ရှနိုက်ဒါလင်အား မေးမြန်းခဲ့ရာ မာရှယ်လ်က ယင်းသို့ တုံ့ပြန်ခဲ့ခြင်းဖြစ်သည်။

သို့သော် ဝိန်းရွန်းနီအနေဖြင့် သူ့အားမသိရှိခြင်းမှာ ဖြစ်ရိုးဖြစ်စဉ်ကိစ္စရပ်သာ ဖြစ်ကြောင်း၊ ယင်းသို့ကြီးမြင့်သော တန်ဖိုးသတ်မှတ်ချက်မှာလည်း ကလပ်အသင်းနှစ်ခုကြား ညှိနှိုင်းဆောင်ရွက်ခဲ့သည့် ကိစ္စရပ်သာဖြစ်ကြောင်း၊ ၎င်းမှာ ပြင်သစ်လက်ရွေးစင်အသင်းတွင် ယခုမှစတင်ရွေးချယ်ခံရသည့်သူဖြစ်သလို လီဂူး-၁တွင်လည်း ဝင်ရောက်ကစားသည့် ကာလနည်းသေးကြောင်း၊ သို့သော် ယူရိုသန်း၈၀တန်ကြေးရှိသော ကစားသမားအဘယ်ကြောင့်ဖြစ်လာသည်ဆိုသည်ကို သက်သေပြသွားမည်ဖြစ်ကြောင်း ဆိုခဲ့သည်။

အာဆင်နယ်နည်းပြဝင်းဂါးကမူ မာရှယ်လ်အား ခေါ်ယူခဲ့သော ယူနိုက်တက်မှာ ရင်းနှီးမြှုပ်နှံမှုပြုသည့် ပုံစံမျိုးမသက်ရောက်ဘဲ ငွေကြေးဖြုန်းတီးသည့်လုပ်ဆောင်ချက်သက်သက်တစ်ခုသာပြုခဲ့ခြင်းဖြစ်ကြောင်း ဝေဖန်ခဲ့သည်။



# မန်ယူကြောင့်သာ ဒီဂီယာအပြောင်းအရွှေ့ပျက်ပြယ်ဟု စွပ်စွဲလိုက်သည့် ပီရက်ဇ်

ဒီဂီယာ၏အပြောင်းအရွှေ့ကိစ္စရပ်ကို မန်ယူနှင့် ရီးယဲလ်တို့ကြား အလုံးစုံသဘောတူညီခဲ့ပြီးနောက် ပျက်ပြယ်ခဲ့ရခြင်းမှာ မန်ယူဘက်မှ မလိုအပ်သော အချိန်ဆွဲလုပ်ဆောင်မှုသာ ဖြစ်သည်ဟုရီးယဲဥက္ကဋ္ဌကြီး ပီရက်ဇ်က စွပ်စွဲပြစ်တင်လိုက်သည်။ ရီးယဲလ်သည် ဒီဂီယာအားခေါ်ယူရန် စာချုပ်စာတမ်း ကိစ္စရပ်ကို မွန်းလွဲ ၁ နာရီခွဲအရောက်ပို့ခဲ့ကြောင်း၊ သို့သော်မန်ယူဘက်မှ နောက်ထပ်ရှစ်နာရီကြာမှသာ ရီးယဲလ်ဘက်သို့ စာချုပ်ကိုပြန်လည်ပေးပို့ခဲ့ခြင်းကို မည်သို့မျှနားမလည်ကြောင်း၊မန်ယူနှင့်ရီးယဲလ်တို့ကြား အမြဲကောင်းမွန်သည့်ဆက်ဆံရေးရှိပြီး ကာဆီးလက်စ်မှာလည်း ဒီဂီယာ၏လက်စွမ်းအတွက် ကောင်းမွန်သည့်မှတ်ချက်ကို ပေးခဲ့ကြောင်းဆိုခဲ့သည်။

စပိန်သတင်းစာများ၏ဖော်ပြချက်အရ မန်ယူအသင်းတာဝန်ရှိသူများက ဒီဂီယာအား မည်သို့မျှ လက်လွှတ်မခံချင်၍ စာရွက်စာတမ်းကိစ္စရပ်ကို လိုသည်ထက်ပို၍အချိန်ဆွဲလုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ရေးသားကြသည်။

# ချမ်းမြသာစည်မြို့နယ်တွင် မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်မှုဖြစ်ပွား



**မန္တလေး စက်တင်ဘာ ၄**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် (၆၂)လမ်းနှင့် (၆၄)လမ်းကြား မြို့သစ်(၄)ရပ်ကွက်နေ အိမ်ရှင် အောင်ကျော်သူ(၄၄)နှစ်၏ ပေ ၂၀ × ၁၀ ပေသွပ်မိုး ထရံကာနေအိမ်၌ စက်တင်ဘာ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ ခန့်က မီးဖိုမီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် လူနေအိမ် ခြောက်လုံး၊ ဂိုဒေါင်တစ်လုံး၊ နံကပ်နှစ်ထပ်အိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး မီးလောင်ရာသို့ မီးသတ်ယာဉ် အစီး ၄၀၊ အုပ်ချုပ်မှုယာဉ်နှစ်စီး၊ သန္ဒေမီးသတ်တပ်ဖွဲ့ဝင် ၇၅ ဦး၊ ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင် ၁၈၀ တို့သွားရောက်ငြိမ်းသတ်ခဲ့ရာ နံနက် ၄ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် အိမ်ထောင်စု ကိုးစုမှ အမျိုးသား ၁၈ ဦး၊ အမျိုးသမီး ၁၄ ဦး စုစုပေါင်း ၃၂ ဦးအား ဓမ္မရက္ခိတဓမ္မာရုံတွင် ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားပြီး အောင်ကျော်သူအား ချမ်းမြသာစည်မြို့နယ် အမှတ်(၁၁) နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# တရားမဝင်တမလန်းသစ်များ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် လှတောရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂ ရက် မွန်းလွဲ ၂ နာရီခွဲက ရွှေဘို-မန္တလေးကားလမ်း မိုင်တိုင်အမှတ်(၅၇/၄-၅)ကြား ရွှေတောင်တိုးဂိတ်အနီးတွင် စောင့်ဆိုင်းနေစဉ် ကျွန်းလှမြို့ သစ်ရာမြိုင်ရပ်ကွက်နေ သက်ထွန်း (၃၃)နှစ် မောင်းနှင်ပြီး တစ်ရပ်ကွက်တည်းနေ ယာဉ်နောက်လိုက် ကျော်ဆန်းဝင်း(၂၄)နှစ် လိုက်ပါလာသည့် ၈ဈ/---- ခြောက်ဘီးယာဉ်အား ရပ်တန့်ရှာဖွေရာ ယာဉ်ပေါ်မှ တရားမဝင် တမလန်းသစ်ခွဲသား ၁၆ ချောင်း (၃ ဒသမ ၀၈၂၈ တန်)သိမ်းဆည်းရမိသဖြင့် ယာဉ်မောင်းသက်ထွန်းနှင့် ယာဉ်နောက်လိုက် ကျော်ဆန်းဝင်းတို့အား ဝက်လက်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# ရှေ့ဘီးပြုတ်ပြီး ယာဉ်တိမ်းမှောက်၍ ယာဉ်ပေါ်လိုက်ပါသူ နှစ်ဦးသေဆုံး၊ လေးဦးဒဏ်ရာရ

**နေပြည်တော် စက်တင်ဘာ ၄**

ရှမ်းပြည်နယ် ဆီဆိုင်မြို့နယ် ဆီဆိုင်-လွိုင်ကော်ကားလမ်း ဆီဆိုင်နှင့် ဟိုပန်ရွာကြားတွင် စက်တင်ဘာ ၂ ရက်က ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ မွန်းလွဲ ၁ နာရီက ဆီဆိုင်မှ ဟိုပန်ရွာသို့ ဆီဆိုင်မြို့နယ် ဟိုပန်ကျေးရွာနေ မောင်သိန်း(၂၃)နှစ် မောင်းနှင်လာသည့် ၃ဂ/--- မစ်ဆူဘီရှီယာဉ်သည် ဝဲဘက် ရှေ့ဘီးပြုတ်ထွက်၍ တိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်တွင် လိုက်ပါလာသော ဟိုပန်ရွာနေ မနန်းဖျင်း(၂၅)နှစ်နှင့် ဒေါ်နန်းချော(၅၅)နှစ်တို့တွင် ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး တစ်ရွာတည်းနေ ဦးယွန်း(၅၂)နှစ်ပါ သုံးဦးနှင့် ယာဉ်မောင်း မောင်သိန်းတို့တွင် ဒဏ်ရာများ အသီးသီးရရှိခဲ့သဖြင့် မောင်သိန်းအား ဆီဆိုင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# ရွှေလက်ကောက်အတုဖြင့် လိမ်လည်သူအား အရေးယူ

**အမရပူရ စက်တင်ဘာ ၄**

မန္တလေးခရိုင် အမရပူရမြို့နယ် လေးစုရပ်ကွက်နေ ဒေါ်ခိုင်မာဝင်း(၃၁)နှစ် ဈေးချို အမိန့်ရအပေါင်ဆိုင်သည် ဩဂုတ် ၃၁ ရက် မွန်းလွဲ ၂ နာရီက ဆိုင်တွင်ရှိနေစဉ် ပွင့်သစ်စရွှေရတနာရောင်းဝယ်ရေး ဘောက်ချာတွင် ဒေါ်အေးမြအမည်ဖြင့် မီးလင်းလက်ကောက် တစ်ကွင်း စာသားပါ ရွှေဝယ်ဘောက်ချာတစ်ရွက် အလေးချိန်တစ်ကျပ်သား ရွှေစတီလက်ကောက်တစ်ကွင်းတို့ကို ဒေါ်မြင့်(၅၇)နှစ် ဇရပ်ကွင်းကျေးရွာ သပိတ်ကျင်းမြို့နယ်နေသူမှ လာရောက်ပေါင်နှံသဖြင့် ဒေါ်ခိုင်မာဝင်းက အဆိုပါလက်ကောက်အားစစ်ဆေးရာ ရွှေအတုဖြစ်နေသည်ကို စစ်ဆေးတွေ့ရှိရသဖြင့်တိုင်ကြား၍ ဒေါ်မြင့်အား အမရပူရမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သီဟကိုကို**

❑

**မွေးနေ့ဆုမွန်**

မြေးဦးမလေး မေသီရိထွန်း (ဘိုမလေး)(London, UK)၏ ၅-၉-၂၀၁၅ရက်တွင် ကျရောက်သောရက် (၁၀၀)ပြည့် မွေးနေ့မှသည် နောင်နှစ်ပေါင်း ၁၂၀တိုင် ဖေဖေ ကိုဝေလင်းထွန်း၊ မေမေ မဝင်းဝင်းသန်း(ဠူဠူ)တို့နှင့်ဘဝတစ်လျှောက်လုံး မကြောင့်မကျ မတောင့်မတဘဲ ကျန်းမာသန်စွမ်းပြီး ဉာဏ်ပညာ ထက်မြက်ထူးချွန်သူတစ်ဦးဖြစ်ပါစေကြောင်း နှစ်ဖက်ဘိုးဘွား ဦးဦး၊ တီတီများမှ ဆုတောင်းမေတ္တာပို့သလျှက်

မြေးဦးမလေးကို တန်ဖိုးထားသိပ်ချစ်ရတဲ့
ဘိုးဘိုး -ဦးဖေဝင်း
ဖွားဖွား -ဒေါ်သန်းသန်း
ဦးဦး -ဘိုဘိုဖေဝင်း
တီတီ -မေစိုးမောင်
ဝေနွယ်မိသားစု-သဇင်ဂေဟာ၊ ရှမ်းလမ်း၊စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

**အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း**

၁။ The Global New Light of Myanmar သတင်းစာတိုက်မှထွက်ရှိသော ဘေးထွက်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစနစ်တို့၏ အသေးစိတ်အချက်အလက်များကို ၇-၉-၂၀၁၅ရက်မှ ၉-၉-၂၀၁၅ရက်အထိ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၀၀နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၉-၉-၂၀၁၅ရက် ၁၂း၀၀နာရီမတိုင်မီအတွင်း The Global New Light of Myanmar သတင်းစာတိုက်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်ပေးပို့ပါရန် ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။
၄။ အဆိုပါဘေးထွက်ပစ္စည်း အမျိုးအမည်၊ အရေအတွက်နှင့် ပစ္စည်းမျက်မြင်အနေအထားကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက The Global New Light of Myanmar သတင်းစာတိုက်သို့သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၁-၈၆၀၄၅၃၀၊ ၀၁-၈၆၀၄၅၃၂ တို့ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့**
**The Global New Light of Myanmar သတင်းစာတိုက်၊ အမှတ်(၁၅၀)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**
**(၁၄/၂၀၁၅)**

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | IFB-044(15-16) | Well Servicing Equipment (15) Items | US$ |
| (၂) | IFB-045(15-16) | Well Control Accessories (9) Items | US$ |
| (၃) | IFB-046(15-16) | Spares for Mack Oil Field Truck (17) Items | US$ |
| (၄) | IFB-047(15-16) | Spares for Well Servicing Truck (1) Item | US$ |
| (၅) | IFB-048(15-16) | Spares for 50 Ton Hitachi Sumitomo Hydraulic Crawler Crane (10) Items | US$ |
| (၆) | IFB-049(15-16) | Ariel Compressor JGK-4 and Cooper MH64 with Waukesha P-9390 GL Spares (11) Items | US$ |
| (၇) | IFB-050(15-16) | AJAX DPC 600 Spares (25) Items | US$ |
| (၈) | IFB-051(15-16) | NKK Compressor KJB2 & KB2 with Waukesha L7G042GU & H 2475 Engine Spares (10)Items | US$ |
| (၉) | IFB-052(15-16) | Cementing Head and Accessories (11)Items | US$ |
| (၁၀) | DMP/L-007(15-16) | SAE 15 W 40 Diesel Engine Oil (1) Lot | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ အဆိုပါ အိတ်ဖွင့်တင်ဒါများကို ၂၉-၉-၂၀၁၅ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ (လူကိုယ်တိုင်) လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆



# နျူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေးဥပဒေကြမ်း

## ( ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။)

**ယမန်နေ့မှအဆက်**

၆၃။ လိုင်စင်ရရှိထားသူသည် ဦးစီးဌာနက တောင်းဆိုလာနိုင်သည့် မှတ်တမ်းမှတ်ရာများကို ထိန်းသိမ်းထားရမည်။ လိုအပ်၍စုံစမ်းစစ်ဆေးမှုပြုပါက တင်ပြနိုင်ရမည်။

**အခန်း(၁၁)**
**ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများသယ်ယူပို့ဆောင်ခြင်း**

၆၄။ ဦးစီးဌာနသည် ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများကို နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင် နယ်နိမိတ်အတွင်း တစ်နေရာမှတစ်နေရာသို့ သယ်ယူပို့ဆောင်နိုင်ရေးအတွက် လိုအပ်သော အခြေခံအချက်အလက်များကို ချမှတ်ပေးရမည်။

၆၅။ လိုင်စင်ရရှိသူသည် ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများ သယ်ယူပို့ဆောင်နေစဉ်အတွင်း ဘေးအန္တရာယ်ကင်းမှုနှင့် လုံခြုံစိတ်ချရမှုများအတွက် မူလနှင့် အဓိက တာဝန်ရှိသည်။

**အခန်း(၁၂)**
**ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်းနှင့်အသုံးပြုပြီးလောင်စာများစီမံခန့်ခွဲခြင်း**

၆၆။ ဤဥပဒေကို အရပ်ဘက်သုံးနျူကလီးယားဆိုင်ရာ အသုံးချမှုလုပ်ငန်းများမှ ထွက်ရှိလာသော မည်သည့်ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်းကိုမဆို စီမံခန့်ခွဲရန် အသုံးချရမည်။

၆၇။ ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်းနှင့် အသုံးပြုပြီးလောင်စာစီမံခန့်ခွဲမှုအတွက် အမျိုးသားအဆင့် မူဝါဒနှင့်နည်းဗျူဟာများကို ဦးစီးဌာနက ဦးဆောင်ရေးဆွဲ၍ ကော်မတီ၏ အတည်ပြုချက်ကို ရယူရမည်။

၆၈။ နိုင်ငံတော်အတွင်း ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်းများနှင့် အသုံးပြုပြီးလောင်စာစီမံခန့်ခွဲမှုကို ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးသေချာမှုရှိစေရန် ဦးစီးဌာနသည် စီမံခန့်ခွဲမှုဆိုင်ရာ နည်းဥပဒေများရေးဆွဲရမည်။

၆၉။ စီမံခန့်ခွဲမှု အဆောက်အအုံများအတွင်း သို့မဟုတ် အပြင်ရှိ ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်း သို့မဟုတ် အသုံးပြုပြီးလောင်စာများကို ထိန်းသိမ်းထားရှိသည့် သက်တမ်းတစ်လျှောက် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးသေချာမှုရှိစေရန်မှာ လိုင်စင်ရရှိထားသူ၏ မူလနှင့် အဓိက တာဝန်ဖြစ်သည်။

၇၀။ နျူကလီးယားစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု အဆောက်အအုံများအတွက် လိုင်စင်ရရှိထားသူသည် ထိုအဆောက်အအုံ လုပ်ငန်းပိတ်သိမ်းရေးအတွက် ဦးစီးဌာန၏ ထိန်းချုပ်မှုများပါဝင်သည့် အစီအစဉ်တစ်ခုကို ရေးဆွဲထားရမည်။ ဦးစီးဌာနသည် ယင်းအဆောက်အအုံများ လည်ပတ်မောင်းနှင်ရန် လိုင်စင်မပေးအပ်မီ ထိုအစီအစဉ်ကို စိစစ်၍အတည်ပြုရမည်။

**အခန်း(၁၃)**
**နျူကလီးယားထိခိုက်ပျက်စီးမှုအတွက်**
**ပေးလျော်ရန်တာဝန်ရှိမှုနှင့် အကျုံးဝင်မှု**

၇၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီသော နျူကလီးယားထုထောင်မှုများကို ဆောင်ရွက်သည့် လည်ပတ်မောင်းနှင်သူ ဆောင်ရွက်နေသော နျူကလီးယားထုထောင်မှု၌ ထူးခြားဖြစ်ရပ်ကြောင့် နျူကလီးယားထိခိုက်မှုများပေါ်ပေါက်ရသည်ဟု သက်သေပြနိုင်ပါက မည်သည့်နေရာတွင်မဆို ထိခိုက်ခံစားရလျှင် အဆိုပါထိခိုက်မှုအတွက် ထိုလည်ပတ်မောင်းနှင်သူသာလျှင် တာဝန်ယူရမည်။

၇၂။ ပိုင်ရှင်မဲ့ပင်ရင်း သို့မဟုတ် ပိုင်ရှင်မဲ့စွန့်ပစ်သွားသော နျူကလီးယားဒြပ်ပစ္စည်းကြောင့် ဖြစ်ပေါ်လာသော နျူကလီးယားထိခိုက်မှုများအတွက် နောက်ဆုံးလိုင်စင်ရရှိခဲ့သော လည်ပတ်မောင်းနှင်သူကသာ ပေးလျော်ရန်တာဝန်ရှိသည်။

၇၃။ နျူကလီးယားဒြပ်ပစ္စည်းကို သယ်ယူပို့ဆောင်ရာတွင် ပေးပို့သူနှင့်လက်ခံသူအကြား နျူကလီးယားထိခိုက်မှုအတွက် ပေးလျော်ရန်တာဝန်ရှိမှု လွှဲပြောင်းနိုင်ရန် စာဖြင့်ရေးသားထားသော သဘောတူညီမှုမရှိခဲ့လျှင် အဆိုပါပစ္စည်းကို လက်ခံရယူခြင်းမပြုမီအထိ ပေးပို့သူကသာ နျူကလီးယားထိခိုက်မှုအတွက် ပေးလျော်ရန်တာဝန်ရှိသည်။ သို့မဟုတ် ပေးပို့သူ၏တောင်းဆိုချက်အရပစ္စည်းသယ်ဆောင်သူအား နျူကလီးယားထိခိုက်မှုအတွက် ပေးလျော်ရန်တာဝန်ရှိမှုကို လွှဲပြောင်းထားခဲ့လျှင် သယ်ဆောင်သူအား ဤဥပဒေအရ တာဝန်ရှိသူအဖြစ် မှတ်ယူရမည်။

၇၄။ နျူကလီးယားထိခိုက်မှုများဆိုင်ရာ ပေးလျော်ရန်တာဝန်ရှိမှုပဋိညာဉ်၏ စာချုပ်ဝင်မဟုတ်သည့်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင် နယ်နိမိတ်အတွင်းရှိ လူပုဂ္ဂိုလ်တစ်ဦးထံ နျူကလီးယားဒြပ်ပစ္စည်းပေးပို့သည့်ကိစ္စရပ်တွင် အဆိုပါနိုင်ငံ၏ နယ်နိမိတ်အတွင်း နျူကလီးယားဒြပ်ပစ္စည်းကို ကုန်ချခြင်းမပြီးမီအထိ ပေးပို့သူတွင်တာဝန်ရှိသည်။ အဆိုပါပစ္စည်းအား ကုန်ချခြင်းပြီးသည့် အခါမှသာ လက်ခံသူတွင် တာဝန်ရှိသည်။

၇၅။ မည်သည့်နျူကလီးယားထူးခြားဖြစ်ရပ်တစ်ခုကြောင့် ဖြစ်ပွားသော နျူကလီးယားထိခိုက်မှုအတွက်မဆို နျူကလီးယားထုထောင်မှုတွင် လည်ပတ်မောင်းနှင်သူတစ်ဦး၏ အနည်းဆုံး တာဝန်ယူရမှု ငွေကြေးပမာဏသည် လက်ခံကျင့်သုံးလျက်ရှိသည့် အပြည်ပြည်ဆိုင်ရာ နျူကလီးယား ထိခိုက်ပျက်စီးမှုအတွက် ပေးလျော်ရန်တာဝန်ရှိမှု ကွန်ဗင်းရှင်းပါအတိုင်း ဖြစ်သည်။

၇၆။ နျူကလီးယားထုထောင်မှုတွင် လည်ပတ်မောင်းနှင်သူသည် ပျက်စီးဆုံးရှုံးမှုအတွက် ယင်း၏ တာဝန်ယူမှုတွင် ငွေကြေးဆိုင်ရာလုံလောက်ကြောင်း အာမခံနိုင်မှုကို ဦးစီးဌာနသို့ တင်ပြအတည်ပြုချက်ရယူရမည်။

၇၇။ ဤဥပဒေတွင် ပြဋ္ဌာန်းထားသော နျူကလီးယားထိခိုက်မှုအတွက် အသက်ဆုံးရှုံးမှုများ သို့မဟုတ် တစ်ကိုယ်ရေထိခိုက်မှုများအတွက် နျူကလီးယားထူးခြားဖြစ်ရပ် ဖြစ်ပွားပြီးနောက် နှစ်ပေါင်း ၃၀ အတွင်းနှင့် အခြားနျူကလီးယား ပျက်စီးဆုံးရှုံးမှုများအတွက် ၁၀ နှစ်အတွင်း မတောင်းခံလျှင် လျော်ကြေးတောင်းခံခွင့် ချုပ်ငြိမ်းစေရမည်။

၇၈။ ဤဥပဒေတွင် ပြဋ္ဌာန်းထားသော နျူကလီးယားထိခိုက်မှုအတွက် လျော်ကြေးတောင်းခံခွင့်ကို ထိခိုက်မှုခံစားရကြောင်း သိရှိသည့်နေ့မှစ၍ သို့မဟုတ် ထိခိုက်မှုကို စတင်သိရှိသည်ဟု လုံလောက်သောအကြောင်းတရားများဖြစ်သည့်နေ့မှစ၍ သုံးနှစ်အတွင်းနှင့် ပုဒ်မ ၇၇ တွင် ဖော်ပြထားသော ကန့်သတ်ချိန်မကုန်ဆုံးမီအချိန်ထိ အကျုံးဝင်သည်။

၇၉။ နောက်ဆုံး တရားစီရင်ချက်မချမှတ်မီနှင့် ၎င်းသတ်မှတ်ကာလ၏ သက်တမ်းကုန်ဆုံးရက် ကျော်လွန်ခဲ့သော်လည်း သက်ဆိုင်ရာတရားရုံးမှ ချမှတ်ထားသော ဥပဒေနှင့် ဆန့်ကျင်ခြင်း မရှိလျှင် နျူကလီးယားထိခိုက်မှုကိုခံစားရ၍ လျော်ကြေးငွေတောင်းခံသော မည်သူမဆိုနှင့် ပုဒ်မ ၇၈ ပါ သတ်မှတ်ကာလအတွင်း လျော်ကြေးတောင်းခံလွှာတင်ပြလာသည့်မည်သူမဆို ပျက်စီးမှုအခြေအနေနှင့် ပိုမိုဆိုးရွားလာသည့်ထိခိုက်မှုကိုလည်း ထည့်သွင်းတွက်ချက်၍ သတ်မှတ်ကာလ ကျော်လွန်သွားသည့်တိုင်အောင် ပြင်ဆင်တောင်းဆိုနိုင်သည်။

၈၀။ လျော်ကြေးတောင်းဆိုမှုများသည် သတ်မှတ်ချက်ထက်ကျော်လွန်နေပါက သို့မဟုတ် ကျော်လွန်သည့်သဘော သက်ရောက်လျှင် နျူကလီးယား ထူးခြားဖြစ်ရပ်ကြောင့် ဖြစ်ပေါ်လာသော နျူကလီးယားထိခိုက်မှုအတွက် လျော်ကြေးငွေကို ပုဒ်မ ၇၅ တွင် ဖော်ပြထားသည့် တစ်ကိုယ်ရေထိခိုက်မှု သို့မဟုတ် အသက်ဆုံးရှုံးမှုအတွက် ဦးစွာပေးလျော်ရမည်။ အဆိုပါတောင်းဆိုမှုများအားလုံးပြည့်စုံပြီးနောက်တွင်မှ အခြားဆုံးရှုံးပျက်စီးမှုအတွက် တောင်းဆိုမှုများကို ပေးလျော်စေရမည်။

၈၁။ နိုင်ငံတော်၏ သီးသန့်စီးပွားရေးဇုန်အတွင်း သို့မဟုတ် အချုပ်အခြာအာဏာပိုင်နယ်နိမိတ် အတွင်းဖြစ်ပွားသော နျူကလီးယားထူးခြားဖြစ်ရပ်ကြောင့် ဖြစ်ပေါ်သော နျူကလီးယားထိခိုက်မှုများအတွက် လျော်ကြေးတောင်းခံမှုကို ကြားနာစစ်ဆေးရန် စီရင်ပိုင်ခွင့်ရှိသော တရားရုံးဖြစ်ရမည်ဖြစ်ပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အဆိုပါတရားရုံးသို့ တင်သွင်းရမည်။

၈၂။ ဤဥပဒေအရ နျူကလီးယားထိခိုက်မှုများအတွက် လျော်ကြေးတောင်းခံခွင့်ရှိသော မည်သူမဆိုတာဝန်ရှိသော လည်ပတ်မောင်းနှင်သူထံမှလည်းကောင်း၊ အာမခံထားသူထံမှလည်းကောင်း၊ ငွေကြေးလုံခြုံမှုရှိစေရန် အာမခံချက်ပေးထားသော သို့မဟုတ် ထောက်ပံ့နေသော အခြားပုဂ္ဂိုလ်ထံမှလည်းကောင်း လျော်ကြေးရရှိရေးအတွက် တရားစွဲဆိုပိုင်ခွင့်ရှိသည်။

၈၃။ နျူကလီးယား ထိခိုက်မှုများသည် လက်နက်ကိုင်ပဋိပက္ခ၊ ရန်လိုတိုက်ခိုက်မှု၊ ပြည်တွင်းစစ် သို့မဟုတ် ပုန်ကန်ထကြွမှုတို့ကြောင့် တိုက်ရိုက်ဖြစ်ပွားသည်ဟု အကြောင်းတရား ခိုင်လုံပါက လည်ပတ်မောင်းနှင်သူတွင် တာဝန်မရှိစေရ။

၈၄။ နျူကလီးယား ထိခိုက်ပျက်စီးမှုများ၏ တစ်ခုလုံးဖြစ်စေ သို့မဟုတ် တစ်စိတ်တစ်ဒေသဖြစ်စေ ဖြစ်ရခြင်းသည် ထိခိုက်ပျက်စီးမှုကို ခံစားရသော လူပုဂ္ဂိုလ်၏ ကြီးမားသော ပေါ့ဆမှုကြောင့် သို့မဟုတ် ထိုသူ၏အပြုအမူသည် ပျက်စီးစေရန်ရည်ရွယ်ချက်ဖြင့်ပြုမူခြင်း၊ ဆောင်ရွက်ရန် ချန်လှပ်ခဲ့ခြင်းတို့ကြောင့် ဖြစ်ပေါ်သည်ဟု လုံလောက်သော အကြောင်းပြချက်ရှိပါက ထိုသူကြောင့် ပျက်စီးရမှုပမာဏပေါ်မူတည်၍ လည်ပတ်မောင်းနှင်သူသည် မိမိလျော်ကြေးပေးရန် တာဝန်ရှိမှု၏ အားလုံးကိုဖြစ်စေ သို့မဟုတ် တစ်စိတ်တစ်ဒေသကိုဖြစ်စေ သက်သာခွင့်ရှိစေရမည်။

၈၅။ ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့်ပြုမူခြင်း၊ ဆောင်ရွက်ရန်ချန်လှပ်ခဲ့ခြင်းတို့ကြောင့်ဖြစ်ပေါ်သော အကြောင်းရင်းတစ်ခုစီအတွက် နျူကလီးယားလည်ပတ်မောင်းနှင်သူက တာဝန်ယူရန် မလိုအပ်သော ပျက်စီးမှုများအတွက် မည်သို့သော တာဝန်ယူမှုတစ်ခုချင်းစီအပေါ် ဤဥပဒေပါ မည်သည့်အချက်နှင့်မျှ သက်ရောက်မှုမရှိစေရ။

**အခန်း(၁၄)**
**နျူကလီးယားလုပ်ငန်းနှင့်လုပ်ဆောင်မှုများ**
**ထိန်းချုပ်စောင့်ကြပ်ရေးဆိုင်ရာကိစ္စရပ်များ**

၈၆။ နိုင်ငံတော်ကပါဝင်ထားသည့် နျူကလီးယားနှင့်ဆက်စပ်သော အပြည်ပြည်ဆိုင်ရာ ကတိကဝတ်များနှင့်အညီ နျူကလီးယားဒြပ်ပစ္စည်းကို ငြိမ်းချမ်းသော ရည်ရွယ်ချက်အတွက်သာ အသုံးပြုရမည်။

၈၇။ ဦးစီးဌာနအနေဖြင့် နျူကလီးယားလက်နက်မပြန့်ပွားရေးစာချုပ်၊ အလုံးစုံနျူကလီးယားလုပ်ငန်းနှင့် လုပ်ဆောင်မှုများထိန်းချုပ်စောင့်ကြပ်ရေးဆိုင်ရာ သဘောတူညီချက်နှင့် နောက်ဆက်တွဲစာချုပ်ပါ ပြဋ္ဌာန်းချက်တို့ကို ဖြည့်ဆည်းအကောင်အထည်ဖော်ဆောင်ရန် တာဝန်ရှိသည်။

၈၈။ ဦးစီးဌာနသည် ပုဒ်မ ၈၇ ပါ တာဝန်များကို အကောင်အထည် ဖော်ဆောင်ရန်အလို့ငှာ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ နည်းဥပဒေများကို သတ်မှတ်ရေးဆွဲရမည်။

၈၉။ ဦးစီးဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် လိုင်စင်ရရှိထားသော လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းတို့သည် နျူကလီးယားလုပ်ငန်းနှင့်လုပ်ဆောင်မှုများထိန်းချုပ်စောင့်ကြပ်ရေးဆိုင်ရာ အရေးယူဆောင်ရွက်မှုများကို ကျင့်သုံးဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီနှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်ရမည်။

၉၀။ နျူကလီးယား ဒြပ်ပစ္စည်းများ ပိုင်ဆိုင်ခြင်း၊ အသုံးပြုခြင်း၊ ကိုင်တွယ်ခြင်း၊ သန့်စင်ထုတ်လုပ်ခြင်း သို့မဟုတ် နျူကလီးယားလုပ်ငန်းနှင့်လုပ်ဆောင်မှုများ ဆောင်ရွက်ရန် လိုင်စင်ရရှိထားသူသည် တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

**အခန်း (၁၅)**
**နျူကလီးယားဆိုင်ရာပို့ကုန်သွင်းကုန် ထိန်းချုပ်မှုများ**

၉၁။ နိုင်ငံတော်မှပါဝင်ထားသည့် နျူကလီးယားနှင့်ဆက်စပ်သော အပြည်ပြည်ဆိုင်ရာ ကတိကဝတ်များနှင့်အညီ ဦးစီးဌာနသည် နိုင်ငံတော်ကတင်ပို့မည့် သို့မဟုတ် နိုင်ငံတော်သို့ တင်သွင်းမည့် နျူကလီးယားနှင့်ဆက်စပ်ကုန်ပစ္စည်းများကို ထိန်းချုပ်ရန်အလို့ငှာ ကန့်သတ်ကုန်အမျိုးအစားနှင့် ကန့်သတ်ကုန်ပစ္စည်းများစာရင်းကို ပြုစုထားရမည်။

၉၂။ ဦးစီးဌာနသည် ကန့်သတ်ကုန်ပစ္စည်းများကို နိုင်ငံတော်သို့ တင်သွင်းခြင်း သို့မဟုတ် နိုင်ငံတော်က တင်ပို့ခြင်းများအတွက် လိုင်စင်ချပေးခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ နည်းဥပဒေများကို ရေးဆွဲရမည်။

၉၃။ တည်ဆဲဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန်ပျက်ကွက်သော မည်သူ့ကိုမဆို စုံစမ်းမေးမြန်းမှုများဆောင်ရွက်၍ ဦးစီးဌာနကချမှတ်ထားသော စီမံခန့်ခွဲရေးနည်းလမ်းများနှင့်အညီ လိုအပ်သလို အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရမည်။

**အခန်း(၁၆)**
**နျူကလီးယားလုံခြုံမှု၊ ရုပ်ပိုင်းဆိုင်ရာကာကွယ်မှုနှင့်**
**တရားမဝင်ရောင်းဝယ်ဖောက်ကားမှု**

၉၄။ ဦးစီးဌာနသည် နျူကလီးယားနှင့် အခြားရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများ၏ ရုပ်ပိုင်းဆိုင်ရာကာကွယ်မှုအတွက် နည်းဥပဒေများကို သတ်မှတ်ရေးဆွဲရမည်။

၉၅။ တည်ဆဲနည်းဥပဒေပါ လိုင်စင်သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိသော နျူကလီးယား သို့မဟုတ် အခြားရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများနှင့် ၎င်းနှင့်ဆက်စပ်သည့် အဆောက်အအုံများ၏ ရုပ်ပိုင်းဆိုင်ရာကာကွယ်မှုသေချာစေရန်အတွက် အဆိုပါပစ္စည်းများကိုအသုံးချ၍ လုပ်ငန်းများလုပ်ဆောင်နေသည့် လိုင်စင်ကိုင်ဆောင်ထားသော လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတွင် မူလနှင့် အဓိကတာဝန်ရှိသည်။

၉၆။ နျူကလီးယား သို့မဟုတ် အခြားရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများကို ခိုးယူခံရခြင်း၊ ခိုးယူရန် ခြိမ်းခြောက်ခံရခြင်းနှင့် ပျောက်ဆုံးခြင်းများရှိပါက လိုင်စင်ရရှိသူသည် ဦးစီးဌာနသို့ နှောင့်နှေးမှုမရှိဘဲ အသိပေးအကြောင်းကြားခြင်း၊ အသေးစိတ်အစီရင်ခံစာကို ဦးစီးဌာနသို့ ချက်ချင်းတင်ပြခြင်းများ ဆောင်ရွက်ရမည်။ ဦးစီးဌာနကထပ်မံတောင်းဆိုလာသော သတင်းအချက်အလက်များကိုလည်း ပံ့ပိုးပေးရမည်။

၉၇။ နျူကလီးယား သို့မဟုတ် ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ စက်ကိရိယာနှင့် နည်းပညာကို ခိုးယူခြင်း၊ လုယူခြင်း သို့မဟုတ် ဥပဒေမဲ့ မည်သို့သောယူဆောင်ခြင်းများမဆိုပါဝင်သည့် ထူးခြားဖြစ်ရပ်များတွင် ဦးစီးဌာနသည် ထိုဖြစ်ရပ်၏ ထိခိုက်သက်ရောက်နိုင်မှုအတိုင်းအတာအပေါ်မူတည်၍ အခြားနိုင်ငံများနှင့် သို့မဟုတ် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် အရေးယူဆောင်ရွက်မှုအဆင့်များအလိုက် ပူးပေါင်းဆောင်ရွက်ရမည်။

၉၈။ မည်သူမဆို တစ်စုံတစ်ယောက်ကို သတင်းအချက်အလက်များနှင့်ပတ်သက်၍ ဆက်သွယ်မှုပြုရာတွင် ၎င်းဆက်သွယ်မှုပြုလုပ်ခြင်းသည် နျူကလီးယားဒြပ်ပစ္စည်း သို့မဟုတ် ဆက်စပ်ပစ္စည်း တစ်ခု၏ ရုပ်ပိုင်းဆိုင်ရာလုံခြုံမှုကို ပျက်ပြားစေနိုင်ကြောင်း သိရှိနေရမည်။ အကယ်၍ ကျူးလွန်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်။ ယင်းပြဋ္ဌာန်းချက်သည် လိုင်စင်ဖြင့် ဆက်သွယ်ဆောင်ရွက်သူများအား အကျုံးမဝင်စေရ။

**အခန်း(၁၇)**
**စီမံခန့်ခွဲရေးအရ အရေးယူခြင်းနှင့် အယူခံဝင်ခြင်း**

၉၉။ ဦးစီးဌာနသည် မှတ်ပုံတင်လက်မှတ် ရရှိထားသောလူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ခုသည် ပြဋ္ဌာန်းထားသော သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း၊ အခြေခံသတ်မှတ်ချက်များကို ဖောက်ဖျက်ကြောင်း သို့မဟုတ် လိုက်နာရန်ပျက်ကွက်ကြောင်း စစ်ဆေးတွေ့ရှိပါက မှတ်ပုံတင်လက်မှတ် ပယ်ဖျက်နိုင်သည်။

၁၀၀။ဦးစီးဌာနက မှတ်ပုံတင်ထုတ်ပေးရန်ဖြစ်စေ၊ လိုင်စင်ထုတ်ပေးရန်ဖြစ်စေ၊ လိုင်စင်သက်တမ်း တိုးရန်ဖြစ်စေ ကျိုးကြောင်းဖော်ပြငြင်းပယ်ခြင်းကိုမကျေနပ်ပါက ငြင်းပယ်ကြောင်း အကြောင်းကြားစာထုတ်ပြန်သည့်နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ကော်မတီသို့ အယူခံဝင်နိုင်သည်။

၁၀၁။ ကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်နှင့် အတည်ဖြစ်သည်။

၁၀၂။ ဦးစီးဌာနသည် လိုင်စင်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း၊ အခြေခံသတ်မှတ်ချက်များကို ဖောက်ဖျက်ကြောင်း သို့မဟုတ် လိုက်နာရန်ပျက်ကွက်ကြောင်း စစ်ဆေးတွေ့ရှိရသည့် လိုင်စင်ရရှိထားသော လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို အောက်ပါစီမံခန့်ခွဲမှုဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) လိုင်စင်ယာယီရပ်ဆိုင်းခြင်း၊
(ခ) ဒဏ်ကြေးငွေပေးဆောင်စေ၍ စိစစ် စစ်ဆေးပြီး ဆက်လက်လုပ်ဆောင်ခွင့်ပြုခြင်း၊
(ဂ) လိုင်စင်သက်တမ်း ပြင်ဆင်ပြောင်းလဲခြင်း၊
(ဃ) ပြန်လည်ရုပ်သိမ်းခြင်း၊
(င) လိုင်စင်ပယ်ဖျက်ခြင်း။

၁၀၃။ ဦးစီးဌာန၏ စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်ဆုံးဖြတ်ချက်သည် လိုင်စင်လျှောက်ထားသူ၊ လိုင်စင်ရရှိသူနှင့်အခြားပုဂ္ဂိုလ်များကို ကြီးမားစွာ ထိခိုက်မှု၊ နစ်နာမှုရှိစေသည့်အပြင် အခြားဥပဒေတစ်ရပ်ရပ်မှချမှတ်ထားသော နည်းဥပဒေများနှင့်လည်းအကျုံးဝင်ပါက ထိုဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ကို ချမှတ်ကြောင်းထုတ်ပြန်ကြေညာသည့်နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ကော်မတီထံအယူခံဝင်နိုင်သည်။

၁၀၄။ ကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်နှင့် အတည်ဖြစ်သည်။

**အခန်း(၁၈)**
**တားမြစ်ချက်များ**

၁၀၅။မည်သူမျှ ဤဥပဒေနှင့်အညီ မှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်းမရှိလျှင်ဖြစ်စေ၊ မှတ်ပုံ တင်လက်မှတ်လျှောက်ထားခြင်းကို ဦးစီးဌာနက ငြင်းပယ်လျှင်ဖြစ်စေ နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း သို့မဟုတ် ရောင်ခြည်ထုတ်စက်ကိရိယာများနှင့် ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် စက်ကိရိယာများ၊ ပင်ရင်းများကို လက်ဝယ်ထားရှိခြင်းမပြုရ။

**စာမျက်နှာ ၁၆ သို့**

**စာမျက်နှာ ၁၅ မှ**

၁၀၆။ မည်သူမျှ လိုင်စင်မရှိဘဲ နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း သို့မဟုတ် ရောင်ခြည်ထုတ်စက်ကိရိယာကို အသုံးပြုခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းမပြုရ။

၁၀၇။ မည်သူမျှ ဦးစီးဌာန၏ ကြိုတင်ခွင့်ပြုချက်မရှိဘဲ နျူကလီးယား ဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း သို့မဟုတ် ရောင်ခြည်ထုတ်စက်ကိရိယာများကို ပြည်တွင်းသို့ တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့ တင်ပို့ခြင်းမပြုရ။

၁၀၈။ မည်သူမျှ ဆက်လက်သုံးစွဲရန် သို့မဟုတ် သိမ်းဆည်းထားရန်မသင့်ဟု ဦးစီးဌာနက သတ်မှတ်ထားသည့် နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း သို့မဟုတ် ရောင်ခြည်ထုတ်စက်ကိရိယာကို လက်ဝယ်ထားရှိခြင်း၊ အသုံးပြုခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းမပြုရ။

၁၀၉။ မည်သူမျှ ဦးစီးဌာနက လိုင်စင်ချထားပေးခြင်းမရှိသော လုပ်ငန်းနှင့် လုပ်ဆောင်မှုများကိုလည်းကောင်း၊ ဤဥပဒေအရ ကင်းလွတ်ခွင့်ပြုထားခြင်းမရှိသော လုပ်ငန်းများကိုလည်းကောင်း လုပ်ဆောင်ခြင်းမပြုရ။

၁၁၀။ မည်သူမျှ ရေဒီယိုသတ္တိကြွပင်ရင်းအား ဆက်လက်အသုံးပြုရန် မသင့်လျော်ပါက သို့မဟုတ် ဆက်လက်အသုံးမပြုလိုပါက ပြန်လည်ပေးပို့ခြင်းကို ထုတ်လုပ်သူက လက်ခံရန် သဘောမတူလျှင် ဝယ်ယူတင်သွင်းခြင်း မပြုရ။

၁၁၁။ လိုင်စင်ရရှိထားသူမည်သူမျှ လိုင်စင်ပါ လုပ်ငန်းနှင့်လုပ်ဆောင်မှုများကို တိုးချဲ့မွမ်းမံရန် ရည်ရွယ်ချက်ရှိပါက ထိုတိုးချဲ့မွမ်းမံမှုအတွက် လိုင်စင်မရမချင်း ဆောင်ရွက်ခြင်းမပြုရ။

၁၁၂။ သတ်မှတ်ထားသော အခြေခံအချက်အလက်များနှင့် မကိုက်ညီပါက မည်သူမျှ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများကို သယ်ယူပို့ဆောင်ခြင်းမပြုရ။

၁၁၃။ မည်သူမျှ ဦးစီးဌာန၏ လိုင်စင်မရရှိဘဲ ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်း သို့မဟုတ် အသုံးပြုပြီး လောင်စာများစီမံခန့်ခွဲမှုအဆောက်အအုံများကို လုပ်ကိုင်ဆောင်ရွက်ခွင့်မပြုရ။

၁၁၄။ မည်သူမျှ နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင်နယ်နိမိတ်ပြင်ပရှိ ရေဒီယိုသတ္တိကြွ စွန့်ပစ်ပစ္စည်းများ သို့မဟုတ် အသုံးပြုပြီးလောင်စာများကို မည်သည့်ရည်ရွယ်ချက်နှင့်မျှ နိုင်ငံတော်အတွင်းသို့ တင်သွင်းခြင်းမပြုရ။

၁၁၅။ မည်သူမျှ ဦးစီးဌာန၏ကြိုတင်လိုင်စင် ရယူထားခြင်းမရှိဘဲ ကန့်သတ်ကုန်ပစ္စည်းများကို နိုင်ငံတော်သို့ တင်သွင်းခြင်း သို့မဟုတ် နိုင်ငံတော်က တင်ပို့ခြင်းများမပြုရ။

၁၁၆။ မည်သူမျှ နျူကလီးယားဒြပ်ပစ္စည်း၏ ရုပ်ပိုင်းဆိုင်ရာကာကွယ်ခြင်းပဋိညာဉ်နှင့် ၎င်း၏ ပြင်ဆင်ချက်တွင်ဖော်ပြပါရှိသော ပြဋ္ဌာန်းချက်များနှင့်အညီ ရရှိထားသော မည်သည့်သတင်းအချက်အလက်မဆို ပါဝင်သော လျှို့ဝှက်သတင်းအချက်အလက်များကို ဖော်ထုတ်ခြင်းမပြုရ။

၁၁၇။ မည်သူမျှ နိုင်ငံတော်တွင် နျူကလီးယားလက်နက်များနှင့်အခြား ပေါက်ကွဲစေနိုင်သော ပစ္စည်းကိရိယာများ၊ ယင်းတို့ကိုတိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သောနည်းဖြင့် ထိန်းချုပ်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် စုဆောင်းခြင်း၊ ထုတ်လုပ်ရန်အလို့ငှာ မည်သို့သော အကူအညီကိုမဆို ရှာဖွေခြင်း သို့မဟုတ် လက်ခံရယူခြင်းမပြုရ။

၁၁၈။ မည်သူမျှ အောက်ဖော်ပြပါဆောင်ရွက်ချက်တစ်ခုခုကို ဆောင်ရွက်ခြင်းမပြုရ -

(က) ရေဒီယိုသတ္တိကြွပစ္စည်း သို့မဟုတ် နျူကလီးယားဒြပ်ပစ္စည်းများကို ခိုးယူခြင်း သို့မဟုတ် လုယူခြင်း၊

(ခ) ရေဒီယိုသတ္တိကြွပစ္စည်း သို့မဟုတ် နျူကလီးယားဒြပ်ပစ္စည်းများကို အလွဲသုံးစားပြုခြင်း သို့မဟုတ် တုပလိမ်လည်ရယူခြင်း၊

(ဂ) ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း သို့မဟုတ် နျူကလီးယားဒြပ်ပစ္စည်းများကို ဥပဒေနှင့်အညီ ခွင့်ပြုချက်မရရှိဘဲ ပြည်တွင်းသို့ဖြစ်စေ ပြည်ပသို့ဖြစ်စေ သယ်ယူခြင်း၊ ပို့ဆောင်ခြင်း သို့မဟုတ် ရွှေ့ပြောင်းခြင်း။

၁၁၉။ မည်သူမျှ လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် နိုင်ငံတော်ကို တစ်စုံတစ်ရာပြုလုပ်ရန် သို့မဟုတ် မပြုလုပ်ဘဲ ရှောင်လွှဲရန်အလို့ငှာ ပုဒ်မ ၁၁၈၊ ပုဒ်မခွဲ(က) ပါ အပြုအမူများကို ပြုမူဆောင်ရွက်ခြင်း သို့မဟုတ် အကျပ်ကိုင်ခြင်း မပြုရ။

၁၂၀။ မည်သူမျှ နျူကလီးယားနှင့်ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများ သို့မဟုတ် နျူကလီးယားပစ္စည်း တစ်ခုခု သို့မဟုတ် နျူကလီးယားအဆောက်အအုံတစ်ခုကို ခြိမ်းခြောက်၍သော်လည်းကောင်း၊ ခြိမ်းခြောက်သည်ဟု ယုံကြည်နိုင်လောက်သော အခြေအနေများ ဖြစ်ပေါ်စေ၍လည်းကောင်း၊ သို့မဟုတ် အင်အားသုံး၍သော်လည်းကောင်း ရည်ရွယ်ချက်ရှိစွာဖြင့် ဥပဒေနှင့်မညီသည့် တောင်းဆိုမှုများ မပြုရ။

၁၂၁။ မည်သူမျှ ဥပဒေအရ တရားဝင်လိုင်စင်မရရှိဘဲ ရေဒီယိုသတ္တိကြွ သို့မဟုတ် နျူကလီးယား ဒြပ်ပစ္စည်းများကို လက်ခံရယူခြင်း၊ ပိုင်ဆိုင်ခြင်း၊ လွှဲပြောင်းပေးအပ်ခြင်း၊ ပြောင်းလဲပြုပြင်ခြင်း သို့မဟုတ် စွန့်ပစ်ခြင်း သို့မဟုတ် ပစ္စည်းတစ်ခုအား ပိုင်ဆိုင်ခြင်းတို့ကြောင့် သေဆုံးစေနိုင်ခြင်း သို့မဟုတ် ခန္ဓာကိုယ်အား ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရစေခြင်း၊ ပိုင်ဆိုင်မှုများကို သို့မဟုတ် ပတ်ဝန်းကျင်ကို ကြီးမားစွာပျက်စီးစေခြင်း ဖြစ်ပေါ်စေလိုသော ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်မှုများ မပြုရ။

၁၂၂။ မည်သူမျှ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း သို့မဟုတ် နျူကလီးယားဒြပ်ပစ္စည်းကို မည်သည့်နည်းလမ်းဖြင့်ဖြစ်စေ အသုံးပြုခြင်း သို့မဟုတ် ပျံ့နှံ့စေခြင်း သို့မဟုတ် နျူကလီးယားပစ္စည်းကိရိယာကို အသုံးပြုခြင်း သို့မဟုတ် ပြုလုပ်ခြင်း၊ နျူကလီးယားအဆောက်အအုံတစ်ခုကို အသုံးပြုခြင်း သို့မဟုတ် ပျက်စီးစေခြင်းဖြင့် ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းကို ထွက်လာစေခြင်း သို့မဟုတ် ထွက်လာခြင်းကြောင့် အန္တရာယ်ကျရောက်မှုဖြစ်စေနိုင်သည့် တစ်ဖက်ဖော်ပြပါ ဆောင်ရွက်ချက်တစ်ခုခုကို ပြုမူဆောင်ရွက်ခြင်းမပြုရ-

(က) တမင်ရည်ရွယ်၍ လူပုဂ္ဂိုလ်၏ အသက်ဆုံးရှုံးစေသည့် အန္တရာယ်ကျရောက်စေခြင်း သို့မဟုတ် ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရစေခြင်း၊ ပိုင်ဆိုင်မှုများ သို့မဟုတ် ပတ်ဝန်းကျင်ကို ကြီးမားစွာ ပျက်စီးမှုကို ဖြစ်ပေါ်စေခြင်း၊

(ခ) မည်သူမဆို လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း သို့မဟုတ် နိုင်ငံတော်ကို တစ်စုံတစ်ရာပြုလုပ်ရန် သို့မဟုတ် မပြုလုပ်ဘဲ ရှောင်လွှဲရန်အလို့ငှာ ဆောင်ရွက်ခြင်း သို့မဟုတ် အကျပ်ကိုင်ခြင်း၊

(ဂ) လူပုဂ္ဂိုလ်၏ အသက်ဆုံးရှုံးစေသည့်အန္တရာယ်ကျရောက်စေခြင်း၊ ပြင်းထန်စွာထိခိုက်ဒဏ်ရာရစေခြင်း သို့မဟုတ် ပိုင်ဆိုင်မှုများ သို့မဟုတ် ပတ်ဝန်းကျင်ကို ကြီးမားစွာ ပျက်စီးစေခြင်း။

၁၂၃။ မည်သူမျှဤဥပဒေအရထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် အခြေခံသတ်မှတ်ချက်များပါ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်း မပြုရ။

**အခန်း(၁၉)**

**ပြစ်ဒဏ်များ**

၁၂၄။ မည်သူမဆို ပုဒ်မ ၁၂၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံးကျပ်တစ်ဆယ်သိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၂၅။ မည်သူမဆို ပုဒ်မ ၁၀၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။ သို့သော်လူနှင့်ပတ်ဝန်းကျင်ကို အန္တရာယ်ရှိစေနိုင်သော ပစ္စည်းဖြစ်ပါက အခြားနည်း စီမံခန့်ခွဲရန် အမိန့်ချမှတ်နိုင်သည်။

၁၂၆။ မည်သူမဆို ပုဒ်မ ၁၀၆၊ ၁၀၇၊ ၁၀၈၊ ၁၀၉၊ ၁၁၀၊ ၁၁၁၊ ၁၁၂၊ ၁၁၃၊ ၁၁၄၊ ၁၁၅ သို့မဟုတ် ၁၁၆ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခုနစ်နှစ်အထိ ထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။ သို့သော် လူနှင့်ပတ်ဝန်းကျင်ကို အန္တရာယ်ရှိစေနိုင်သော ပစ္စည်းဖြစ်ပါက အခြားနည်း စီမံခန့်ခွဲရန် အမိန့်ချမှတ်နိုင်သည်။

၁၂၇။ မည်သူမဆို ပုဒ်မ ၁၁၇၊ ၁၁၈၊ ၁၁၉၊ ၁၂၀၊ ၁၂၁ သို့မဟုတ် ၁၂၂ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ၁၀ နှစ် အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။ သို့သော် လူနှင့် ပတ်ဝန်းကျင်ကို အန္တရာယ်ရှိစေနိုင်သော ပစ္စည်းဖြစ်ပါက အခြားနည်း စီမံ ခန့်ခွဲရန် အမိန့်ချမှတ်နိုင်သည်။

**အခန်း(၂၀)**

**အထွေထွေ**

၁၂၈။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မတီဝင်သည် ဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၁၂၉။ နျူကလီးယားလုပ်ငန်းနှင့်လုပ်ဆောင်မှုများဆိုင်ရာ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် အခြေခံသတ်မှတ်ချက်များပါ တားမြစ်ချက်များကို ချိုးဖောက်မှုများနှင့်စပ်လျဉ်း၍ တရားစွဲဆိုရန် ပေါ်ပေါက်ပါက တရားစွဲဆိုခြင်းမပြုမီ ကော်မတီ၏ကြိုတင်ခွင့်ပြုမိန့်ရယူရမည်။

၁၃၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဦးစီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

၁၃၁။ ဤဥပဒေဖြင့် အဏုမြူစွမ်းအင်ဥပဒေကိုရုပ်သိမ်းလိုက်သည်။

၁၃၂။ အဏုမြူစွမ်းအင်ဥပဒေအရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေနှင့်မဆန့်ကျင်သမျှ ကျင့်သုံးရန် လိုအပ်ပါက ဆက်လက်ကျင့်သုံးနိုင်သည်။

---

# အခကြေးငွေပေးရေးဥပဒေကြမ်း

# ( ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ )

**အခကြေးငွေပေးရေး ဥပဒေကြမ်း**

**( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။ )**

**၁၃၇၇ ခုနှစ်၊ လ ရက်**

( ၂၀၁၅ ခုနှစ်၊ လ ရက် )

**နိဒါန်း**

အလုပ်သမားများရထိုက်ခွင့်ရှိသည့် အခကြေးငွေ အပြည့်အဝရရှိရေး၊ အချိန်မှန်ရရှိစေရေး နှင့် အလုပ်ရှင်က အလုပ်သမား၏ အခကြေးငွေများထဲမှ တရားမဝင်နုတ်ယူ ဖြတ်တောက်မှု မရှိစေရေးတို့အတွက် ပြည်ထောင်စု လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့် အဓိပ္ပာယ် ဖော်ပြချက်**

၁။ ဤဥပဒေကို **အခကြေးငွေပေးရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **အခကြေးငွေ** ဆိုသည်မှာ အလုပ်ရှင်၏ နာရီပိုင်းအလုပ်၊ နေ့စဉ်အလုပ်၊ အပတ်စဉ်အလုပ်၊ လစဉ်အလုပ် သို့မဟုတ် အခြားအချိန်ပိုင်း အလုပ်တစ်ခုခုကို အလုပ်သမားက လုပ်ကိုင်ဆောင်ရွက်ပေးရသဖြင့် ရသင့်သော အခကြေးငွေနှင့် လုပ်ခလစာတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် အချိန်ပိုလုပ်ခသည်လည်းကောင်း၊ အလုပ်ကောင်းမွန်သဖြင့် သို့မဟုတ် အကျင့်စာရိတ္တကောင်းမွန်သဖြင့် အလုပ်ရှင်မှ အပိုပေးသည့် ဆုကြေးငွေများသည်လည်းကောင်း၊ ဝင်ငွေအဖြစ် သတ်မှတ်နိုင်သော အခြားငွေနှင့် အကျိုးခံစားခွင့်များသည်လည်းကောင်း ပါဝင်သည်။ သို့ရာတွင် အောက်ပါတို့ မပါဝင် -

(၁) ခရီးစရိတ် သို့မဟုတ် ခရီးသွားလာမှုအတွက် အထူးထောက်ပံ့စရိတ်များ၊

(၂) လုပ်ငန်းသဘာဝအရ နှစ်ဖက်ကြိုတင် ညှိနှိုင်းထား၍ ခေတ္တစိုက်ထုတ် ကျခံသုံးစွဲငွေများ၊

(၃) လူမှုဖူလုံရေးအကျိုးခံစားခွင့်ငွေကြေးများ၊

(၄) တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ အလုပ်သမားအတွက် ပေးသွင်းသည့် ထည့်ဝင်ကြေးများ၊

(၅) နေထိုင်ခနှင့်စားသောက်စရိတ်များ၊ လျှပ်စစ်ဓာတ်အားခ၊ ရေဖိုးနှင့်အခွန်အခများ၊

(၆) ဆေးကုသစရိတ်နှင့် အပန်းဖြေခများ၊

(၇) အလုပ်ထုတ်နစ်နာကြေးနှင့် ကရုဏာကြေးများ၊

(၈) ပင်စင်လစာနှင့် အငြိမ်းစားလုပ်သက်ဆုငွေ၊

(၉) ဝန်ကြီးဌာနက ဤဥပဒေပါ အခကြေးငွေနှင့် မသက်ဆိုင်ဟု ပြည်ထောင်စု အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သော အခြားငွေကြေးများ။

(ခ) **အလုပ်ရှင်**ဆိုသည်မှာ ကူးသန်းရောင်းဝယ်ရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှု လုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း တစ်ခုခုတွင် အနည်းဆုံး တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော အလုပ်သမားများအား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ဖြင့်ဖြစ်စေ၊ နှုတ်ကတိဖြင့်ဖြစ်စေ အလုပ်လုပ်ခိုင်းပြီး ထိုအလုပ်သမားအား အခကြေးငွေပေးရန် တာဝန်ရှိသူကိုဆိုသည်။ ယင်းစကားရပ်တွင် အလုပ်ရှင်၏ တရားဝင် စီမံခန့်ခွဲမှုဆိုင်ရာ ကိုယ်စားလှယ်၊ အလုပ်ရှင်ကိုယ်စား အလုပ်သမားအား စီမံအုပ်ချုပ်ရန် တာဝန်ရှိသူ၊ အလုပ်ရှင် သေဆုံးပါက ယင်း၏ အမွေဆက်ခံသူနှင့် တရားဝင်ကိုယ်စားလှယ်တို့ ပါဝင်သည်။

(ဂ) **အလုပ်သမား**ဆိုသည်မှာ ကူးသန်းရောင်းဝယ်ရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်း တစ်ခုခုတွင် အနည်းဆုံး တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော အလုပ်သမားများအား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ဖြင့် ဖြစ်စေ၊ နှုတ်ကတိဖြင့်ဖြစ်စေ ကာယဉာဏအားကို အသုံးပြုပြီး အမြဲတမ်းအလုပ်၊ ယာယီအလုပ် သို့မဟုတ် ပုတ်ပြတ်အလုပ်ကို လုပ်ကိုင်၍ ရရှိသော အခကြေးငွေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူကို ဆိုသည်။ ယင်းစကားရပ်တွင် အခကြေးငွေရရှိသော အလုပ်သင်များနှင့် ပညာသင်များ၊ စာရေးနှင့် ရုံးဝန်ထမ်းများ၊ လုပ်ငန်းခွင်ပြင်ပအလုပ်သမားများ၊ အိမ်အကူနှင့် အိမ်ယာဉ်မောင်းများ၊ လုံခြုံရေးဝန်ထမ်းများ၊ သန့်ရှင်းရေး၊ မွမ်းမံပြင်ဆင်ရေးအလုပ်သမား၊ ထမင်းချက်၊ စာပို့သူ၊ ဥယျာဉ်လုပ်သားနှင့် အထွေထွေလုပ်သားတို့ ပါဝင်သည်။

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနကို ဆိုသည်။

(င) **ဝန်ကြီး** ဆိုသည်မှာ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(စ) **ဦးစီးဌာန** ဆိုသည်မှာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနကို ဆိုသည်။

(ဆ) **စစ်ဆေးရေးအရာရှိချုပ်** ဆိုသည်မှာ အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေး ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကိုဆိုသည်။

(ဇ) **စစ်ဆေးရေးအရာရှိ** ဆိုသည်မှာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနမှ စစ်ဆေးရေးအရာရှိ တစ်ဦးဦးကို ဆိုသည်။

**အခန်း(၂)**

**အခကြေးငွေပေးရမည့် နည်းလမ်းများနှင့် အချိန်ကာလ**

၃။ အလုပ်ရှင်သည်-

(က) မိမိ၏ လုပ်ငန်းတွင် လုပ်ကိုင်နေသော အလုပ်သမားများ၏ အခကြေးငွေကို ပြည်တွင်းသုံးငွေဖြင့်ဖြစ်စေ၊ ဗဟိုဘဏ်မှ သတ်မှတ်ရောင်းဝယ်နေသည့် နိုင်ငံခြားသုံးငွေဖြင့်ဖြစ်စေ ပေးချေရမည်။ ထိုသို့ ပေးချေရာတွင် အလုပ်ရှင်၊ အလုပ်သမား နှစ်ဖက်သဘောတူညီမှုဖြင့် ငွေသားဖြင့်ဖြစ်စေ၊ ချက်လက်မှတ်ဖြင့်ဖြစ်စေ၊ အလုပ်သမား၏ ဘဏ်စာရင်းသို့ဖြစ်စေ ပေးချေနိုင်သည်။

**စာမျက်နှာ ၁၇ သို့**

စာမျက်နှာ ၁၆ မှ

(ခ) ဤဥပဒေ၌ ဖော်ပြထားသည့် အခကြေးငွေဟူသော အဓိပ္ပာယ်ဖွင့်ဆိုချက်၌ မပါရှိသည့် သီးခြားအကျိုးခံစားခွင့်များ၊ အကျိုးအမြတ်များ၊ အခွင့်အလမ်းများအတွက် ငွေကြေးပေးရန်ရှိပါက ဒေသဓလေ့ထုံးတမ်းအရဖြစ်စေ၊ အလုပ်သမားအများစု၏ ဆန္ဒအရဖြစ်စေ၊ စုပေါင်းသဘောတူညီချက်အရဖြစ်စေ၊ သတ်မှတ်ချက်များနှင့်အညီ ငွေသားဖြင့် ဖြစ်စေ၊ ငွေသားတချို့တစ်ဝက်နှင့် ဒေသပေါက်ဈေးနှုန်းဖြင့် သတ်မှတ်ထားသောပစ္စည်း တချို့တစ်ဝက်တွဲဖက်၍ဖြစ်စေ ပေးနိုင်သည်။

(ဂ) အလုပ်သမားတစ်ဦးဦးက ပြည်သူ့စစ်မှုထမ်းဥပဒေအရ စစ်မှုထမ်းရသည့်အခါ ထိုအလုပ်သမားအား အထူးခွင့်အဖြစ် သတ်မှတ်ပြီး ရက်ပေါင်း (၆၀)အတွက် အခကြေးငွေထုတ်ပေးရမည်။

၄။ အလုပ်ရှင်သည်-

(က) နာရီပိုင်းအလုပ်၊ နေ့စဉ်အလုပ်၊ အပတ်စဉ်အလုပ် သို့မဟုတ် အခြား အချိန်ပိုင်းအလုပ်တစ်ခုခုအတွက် အခကြေးငွေကို ထိုအလုပ်ပြီးဆုံးသည်နှင့် အလုပ်သမားအား ပေးရမည်။ သို့ရာတွင် ထိုအလုပ်တစ်ခုခုအတွက် အခကြေးငွေကို လစဉ်ပေးရန် အလုပ်သမားက သဘောတူလျှင် သတ်မှတ်ထားသည့်ကာလအတွင်း ပေးရမည်။

(ခ) အခကြေးငွေပေးရန် ကာလအပိုင်းအခြား သတ်မှတ်ရာတွင် တစ်လထက် မကျော်စေရ။

(ဂ) ပုဒ်မခွဲ (က) အရ အခကြေးငွေကို လစဉ်ပေးရာတွင်-

(၁) အလုပ်သမားဦးရေ ၁၀၀ ထက်မပိုပါက အခကြေးငွေပေးရန် ကာလ အပိုင်းအခြား ကုန်ဆုံးသည့်နေ့တွင် ပေးရမည်။

(၂) အလုပ်သမားဦးရေ ၁၀၀ ထက်ပိုပြီး ၅၀၀ ထက်မပိုပါက အခကြေးငွေ ပေးရန် ကာလအပိုင်းအခြား ကုန်ဆုံးပြီးနောက် (၅)ရက် အတွင်းပေးရမည်။

(၃) အလုပ်သမားဦးရေ ၅၀၀ ထက်ပိုပြီး ၁၀၀၀ ထက်မပိုပါက အခကြေးငွေပေးရန် ကာလအပိုင်းအခြား ကုန်ဆုံးပြီးနောက် (၇)ရက် အတွင်းပေးရမည်။

(၄) အလုပ်သမားဦးရေ ၁၀၀၀ ထက်ပိုပါက အခကြေးငွေပေးရန် ကာလအပိုင်းအခြား ကုန်ဆုံးပြီးနောက် (၁၀)ရက်အတွင်း ပေးရမည်။

(ဃ) အလုပ်သမားအား အလုပ်ရပ်စဲသည့်အခါ ပေးထိုက်သည့် အခကြေးငွေကို အလုပ်မှရပ်စဲခြင်းခံရသည့်နေ့မှ အလုပ်ဖွင့်ရက် (၂) ရက်အတွင်း ပေးရမည်။

(င) အလုပ်သမားက အလုပ်ရှင်ထံ ကြိုတင်နို့တစ်ပေး၍ မိမိဆန္ဒအရ အလုပ်မှ နုတ်ထွက်ပါက အခကြေးငွေပေးရန် ကာလအပိုင်းအခြား ကုန်ဆုံးသည့်နေ့တွင် ပေးရမည်။

(စ) သေဆုံးသည့်အခါ ထိုအလုပ်သမားအား ပေးထိုက်သည့် အခကြေးငွေကို သေဆုံးပြီးနောက် အလုပ်ဖွင့်ရက်(၂)ရက်အတွင်း သေဆုံးသူ၏ တရားဝင်အမွေဆက်ခံသူထံသို့ ပေးရမည်။

(ဆ) အခကြေးငွေအားလုံးကို အလုပ်ဖွင့်သည့်နေ့ရက်တွင် ပေးရမည်။

၅။ အလုပ်ရှင်သည် မမျှော်လင့်သော ထူးခြားသည့်အခြေအနေ တစ်ရပ်ရပ်ပေါ်ပေါက်သဖြင့် ပုဒ်မ ၄ (ဂ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ပေးချေရန်အခက်အခဲရှိပါက အလုပ်ရှင်၊ အလုပ်သမား နှစ်ဖက်ညှိနှိုင်းသဘောတူညီချက်ဖြင့် အခကြေးငွေများကို မည်သည့်နေ့သို့ ပြောင်းလဲပေးချေမည်ဖြစ်ကြောင်း ကျိုးကြောင်းခိုင်လုံစွာဖြင့် ဦးစီးဌာနသို့ တင်ပြရမည်။

၆။ ဦးစီးဌာနသည် ပုဒ်မ ၅ အရ တင်ပြချက်ကို စိစစ်ပြီး ခွင့်ပြုသင့်ပါက ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် စည်းကမ်းချက်များသတ်မှတ်ပြီး သင့်လျော်သော အချိန်ကာလအတွင်း ရွှေ့ဆိုင်း၍ပေးရန် အလုပ်ရှင်အား ခွင့်ပြုနိုင်သည်။

## အခန်း (၃)
## အခကြေးငွေမှ နုတ်ယူဖြတ်တောက်ခြင်း

၇။ အလုပ်ရှင်သည်-

(က) သက်ဆိုင်ရာ ဥပဒေအရ အခကြေးငွေ ခံစားခွင့်ရှိသည့် ခွင့်ရက်များနှင့် အများပြည်သူအလုပ်ပိတ်ရက်များမှအပ အလုပ်မဆင်းသည့် ကာလအတွက် အခကြေးငွေမှ နုတ်ယူဖြတ်တောက်နိုင်သည်။

(ခ) အခကြေးငွေတွင် ပါဝင်ခြင်းမရှိသည့် အလုပ်ရှင်မှ စီစဉ်ပေးသည့် နေထိုင်ခနှင့် ပို့ကြိုယာဉ်စရိတ်၊ စားသောက်စရိတ်များ၊ လျှပ်စစ်ဓာတ်အားခ၊ ရေဖိုးနှင့် အလုပ်သမားမှ ပေးဆောင်ရမည့် ဝင်ငွေခွန်၊ မှားယွင်း၍ ပိုပေးမိသော အခကြေးငွေများကို နုတ်ယူဖြတ်တောက်နိုင်သည်။

(ဂ) အလုပ်သမား၏ တောင်းဆိုချက်အရ ကြိုတင်ထုတ်ပေးငွေ၊ စိုက်ထုတ်ပေးငွေ သို့မဟုတ် အလုပ်သမားအတွက်စုငွေ၊ ဥပဒေအရ ထည့်ဝင်ကြေးငွေများ တစ်ရပ်ရပ် ကုန်အခကြေးငွေမှ နုတ်ယူဖြတ်တောက်နိုင်သည်။

(ဃ) တရားရုံး သို့မဟုတ် ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံသမာဓိကောင်စီ၏ အမိန့်အရ အလုပ်သမား၏ အခကြေးငွေမှ နုတ်ယူဖြတ်တောက်နိုင်သည်။

၈။ အလုပ်ရှင်သည် ပုဒ်မ ၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အခကြေးငွေမှ နုတ်ယူဖြတ်တောက်ခြင်းမှအပ အခြားသောကိစ္စများအတွက် နုတ်ယူဖြတ်တောက်ခြင်း မပြုရ။

၉။ အလုပ်ရှင်သည် ပုဒ်မ ၇ အရ အခကြေးငွေမှ နုတ်ယူဖြတ်တောက်ရာတွင် အလုပ်သမားက တာဝန်ထမ်းဆောင်ရန် ပျက်ကွက်မှုအတွက် နုတ်ယူဖြတ်တောက်ငွေများမှအပ အခြားနုတ်ယူဖြတ်တောက်ငွေ စုစုပေါင်းသည် အလုပ်သမားရရှိသည့် လစာငွေ၏ ၅၀ ရာခိုင်နှုန်းထက် မပိုစေရ။

၁၀။ အလုပ်ရှင်သည် အလုပ်သမား၏ အောက်ဖော်ပြပါ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုအတွက် ပေးလျော်ရန် ဒဏ်ငွေအဖြစ် သတ်မှတ်ပြီး အခကြေးငွေမှ နုတ်ယူဖြတ်တောက်နိုင်သည်-

(က) အလုပ်သမား၏ တမင်လျစ်လျူရှုမှု၊ ပေါ့ဆမှုကြောင့်ဖြစ်စေ၊ မရိုးဖြောင့်သော သဘောဖြင့် ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ အလုပ်ရှင်မှ အလုပ်သမားအား အတိအလင်းအပ်နှံထားသောငွေကြေး၊ ပစ္စည်းတစ်စုံတစ်ရာ ပျက်စီးဆုံးရှုံးမှု၊

(ခ) အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ပါ ဒဏ်ငွေသတ်မှတ်ထားသည့် အလုပ်ခွင်စည်းကမ်းချက်တစ်ရပ်ရပ်ကို အလုပ်သမားက ဖောက်ဖျက်မှု။

၁၁။ အလုပ်ရှင်သည်-

(က) ပုဒ်မ ၁၀ အရပေးလျော်ရန် ဒဏ်ငွေအဖြစ် သတ်မှတ်ပြီး အခကြေးငွေမှ နုတ်ယူဖြတ်တောက်ခြင်းမပြုမီ မည်သည့်ကိစ္စအတွက် မည်သို့မည်မျှဖြတ်တောက်မည်ကို ဦးစီးဌာန၏ ကြိုတင်ခွင့်ပြုချက် ရယူရမည်။

(ခ) အထက်ပုဒ်မခွဲ (က)ပါ ခွင့်ပြုချက်ကို သက်ဆိုင်ရာ အလုပ်ရုံ၊ လုပ်ငန်းဌာန၌ အများမြင်သာသော နေရာများတွင် ကပ်ထားရမည်။

(ဂ) ပုဒ်မ ၁၀ အရ အခကြေးငွေမှ နုတ်ယူဖြတ်တောက်ရာတွင်-

(၁) အလုပ်သမားအား ထုချေဖြေရှင်းခွင့် တစ်စုံတစ်ရာ မပေးဘဲ ထိုအခကြေးငွေမှ နုတ်ယူဖြတ်တောက်ခြင်း မပြုရ၊

(၂) အလုပ်သမား၏ လစဉ်အခကြေးငွေမှ တစ်လလျှင် ၅ ရာခိုင်နှုန်းထက်ပို၍ နုတ်ယူဖြတ်တောက်ခြင်း မပြုရ။

(ဃ) နုတ်ယူဖြတ်တောက်သည့် ပေးလျော်ရန် ဒဏ်ငွေမှာ အလုပ်သမား၏ လုပ်ဆောင်မှု သို့မဟုတ် လုပ်ဆောင်ရန် ပျက်ကွက်မှုကြောင့် ပျက်စီးမှု သို့မဟုတ် ဆုံးရှုံးမှု တန်ဖိုးထက် မပိုစေရ။

(င) အသက် ၁၆ နှစ်အောက် အလုပ်သမားထံမှ ဒဏ်ငွေအဖြစ် လုံးဝ နုတ်ယူဖြတ်တောက်ခြင်း မပြုရ။

(စ) ချမှတ်ထားသော ဒဏ်ငွေအား ပေးချေရမည့် ကာလသတ်မှတ်ချက်ကို အလုပ်ရှင်နှင့် အလုပ်သမား သဘောတူညီချက်နှင့်အညီ ဆောင်ရွက်နိုင်သည်။

(ဆ) ပစ္စည်းဆုံးရှုံးမှုအတွက် ဖြတ်တောက်ငွေကို မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဖြင့် ညှိနှိုင်းသဘောတူညီချက်အရ သတ်မှတ်အချိန်ကာလအတွင်း နုတ်ယူဖြတ်တောက်ရမည်။

(ဇ) အခကြေးငွေမှ နုတ်ယူဖြတ်တောက်သည့် ငွေများကို မှတ်တမ်းတွင် ရေးသွင်း၍ စနစ်တကျ ထိန်းသိမ်းထားရမည်။

(ဈ) အခကြေးငွေမှ နုတ်ယူဖြတ်တောက်သည့်ငွေနှင့် စပ်လျဉ်း၍ လစဉ်အစီရင်ခံစာကို ဦးစီးဌာနသို့ တင်ပြရမည်။

(ည) ပုဒ်မ ၁၀ ပုဒ်မခွဲ (ခ) အရ နုတ်ယူဖြတ်တောက်သည့် ဒဏ်ငွေများကိုစက်ရုံရှိ အခြေခံအလုပ်သမားအဖွဲ့အစည်းနှင့် ညှိနှိုင်း၍အလုပ်သမားများ အကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များ၌ အသုံးပြုရမည်။

၁၂။ အလုပ်သမားသည်-

(က) အောက်ပါအခြေအနေများ ပေါ်ပေါက်လျှင် ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်မှတ်ပုံတင်ထားသော အလုပ်သမားအဖွဲ့အစည်းကဖြစ်စေ၊ စက်ရုံတွင်း လုပ်ငန်းညှိနှိုင်းရေး ကော်မတီကဖြစ်စေ ဖြေရှင်းပေးရန် အလုပ်ရှင်သို့တောင်းဆိုနိုင်သည်-

(၁) ရရန်ရှိသည့် အခကြေးငွေထဲမှ ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ဖြတ်တောက်ခံရခြင်း၊

(၂) အခကြေးငွေများကို ပေးချေရမည့်ကာလထက် ကျော်လွန်၍ ပေးချေရန် ပျက်ကွက်နေခြင်း။

(ခ) ပုဒ်မခွဲ (က)အရ တောင်းဆိုသော်လည်း အလုပ်ရှင်က ဖြေရှင်းဆောင်ရွက်ပေးခြင်း မရှိပါက-

(၁) အထက်ပုဒ်မခွဲ (က) အရ နုတ်ယူဖြတ်တောက်သည့်နေ့ သို့မဟုတ် ပေးချေရန် ပျက်ကွက်သည့်နေ့မှ ၆ လအတွင်း ဦးစီးဌာနသို့ ဖြေရှင်းဆောင်ရွက်ပေးရန် လျှောက်ထားနိုင်သည်။

(၂) အထက် ပုဒ်မခွဲငယ် (၁) ပါ သတ်မှတ်ချိန်အတွင်းလျှောက်ထားခြင်းမရှိပါက သက်ဆိုင်ရာတရားရုံး၌ တရားမကြောင်းအရ အလုပ်ရှင်ကို တရားစွဲဆိုနိုင်သည်။

## အခန်း (၄)
## အချိန်ပို အခကြေးငွေ

၁၃။ အလုပ်သမားသည် အချိန်ပိုလုပ်ကိုင်ရပါက အချိန်ပိုအခကြေးငွေနှုန်းထားကို ဝန်ကြီးဌာနက သတ်မှတ်သည့်နှုန်းထားအတိုင်း ရထိုက်ခွင့်ရှိသည်။

## အခန်း (၅)
## စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများ၏တာဝန်များ

၁၄။ ဝန်ကြီးဌာနသည် ဤဥပဒေပါ အခကြေးငွေပေးခြင်းနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သော စစ်ဆေးမှုများနှင့် ကြီးကြပ်မှုများပြုလုပ်နိုင်ရန် အလို့ငှာ စစ်ဆေးရေးအရာရှိများကို လိုအပ်သလို ခန့်အပ်တာဝန်ပေးနိုင်သည်။

၁၅။ စစ်ဆေးရေးအရာရှိချုပ်သည် -

(က) စစ်ဆေးရေးအရာရှိများအား နယ်မြေခွဲခြားသတ်မှတ်၍ လွှဲအပ်တာဝန်ပေးနိုင်သည်။

(ခ) ဤဥပဒေပါ ပြစ်မှုကျူးလွန်သော အလုပ်ရှင်အား သက်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုစေရန် စစ်ဆေးရေးအရာရှိတစ်ဦးဦးကို လွှဲအပ်တာဝန်ပေးနိုင်သည်။

၁၆။ စစ်ဆေးရေးအရာရှိများသည် -

(က) စစ်ဆေးရေးအရာရှိချုပ်က စစ်ဆေးရန် လွှဲအပ်တာဝန်ပေးသည့်အတိုင်း လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်ရမည်။

(ခ) စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးရေး အရာရှိချုပ်ထံ တင်ပြရမည်။

၁၇။ စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများသည် အောက်ပါတို့ကို ဆောင်ရွက်ပိုင်ခွင့်ရှိသည် -

(က) ဤဥပဒေပါ ကိစ္စရပ်များကို ဆောင်ရွက်ရန် အကျုံးဝင်သည့် မည်သည့် လုပ်ငန်းခွင်ကိုမဆို စစ်ဆေးရေးအရာရှိ သက်သေခံကတ်ပြားကိုပြသပြီး အချိန်မရွေးဝင်ရောက် ကြည့်ရှုစစ်ဆေးနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ဝင်ရောက်ကြည့်ရှု စစ်ဆေးရာတွင် အခကြေးငွေပေးချေမှု၊ အခကြေးငွေမှ နုတ်ယူဖြတ်တောက်မှုနှင့် စပ်လျဉ်းသည့် မှတ်ပုံတင်စာအုပ်၊ မှတ်တမ်းစာအုပ်၊ စာရင်းဇယား၊ စာရွက်စာတမ်း အထောက်အထားများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် လိုအပ်သည့်ပုဂ္ဂိုလ်များကို စစ်ဆေးမေးမြန်းနိုင်သည်။

(ဂ) အခကြေးငွေပေးချေမှုနှင့် စပ်လျဉ်း၍ လိုအပ်သည့် စာရင်းဇယားများ၊ စာရွက်စာတမ်းအထောက်အထားများကို မိတ္တူရယူခြင်းနှင့် လိုအပ်ပါက မူရင်းများကို သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်း ပြုနိုင်သည်။

## အခန်း (၆)
## တရားစွဲဆိုခြင်း

၁၈။ (က) ဤဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ကျူးလွန်ဖောက်ဖျက်သူအား စစ်ဆေးရေး အရာရှိချုပ်၏ ခွင့်ပြုမိန့်ဖြင့် စစ်ဆေးရေးအရာရှိတစ်ဦးဦးက သက်ဆိုင်ရာ တရားရုံးတွင် ပြစ်မှုကြောင်းအရ တရားစွဲဆိုရမည်။

(ခ) ပုဒ်မခွဲ (က) အရ ထိုသို့ ပြစ်မှုကြောင်းအရ တရားစွဲဆိုခြင်းကြောင့် အလုပ်သမားက ၎င်းရရန်ရှိသော အခကြေးငွေများ ရရှိရေးအတွက် တရားမကြောင်းအရ တရားစွဲဆိုတောင်းခံပိုင်ခွင့်ကို မထိခိုက်စေရ။

၁၉။ အခကြေးငွေပေးရန် ပျက်ကွက်မှု သို့မဟုတ် နှောင့်နှေးကြန့်ကြာမှုသည် အောက်ဖော်ပြပါ အကြောင်းရင်းများကြောင့်ဖြစ်သည်ဟု တရားရုံးက ဆုံးဖြတ်လျှင် အခကြေးငွေပေးခြင်းကို ဆိုင်းငံ့ခွင့် သို့မဟုတ် ကင်းလွတ်ခွင့်ပြုနိုင်သည်-

(က) မမျှော်လင့်သော အရေးပေါ်အခြေအနေ ပေါ်ပေါက်လာသဖြင့် အခကြေးငွေကို မည်သို့မျှမပေးနိုင်ခြင်း၊

(ခ) အလုပ်ရှင်သည် ကြွေးမြီမပေးဆပ်နိုင်သည့် လူမွဲအဖြစ် ကြေညာခံထားရသူဖြစ်ခြင်း၊

(ဂ) သက်ဆိုင်ရာ အလုပ်သမားကိုယ်တိုင် လာရောက်ထုတ်ယူရန် ပျက်ကွက်ခြင်း သို့မဟုတ် ပေးသည့်အခကြေးငွေကို လက်ခံယူရန် ပျက်ကွက်ခြင်း။

၂၀။ အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြန်လည်တောင်းခံသော အခကြေးငွေ သို့မဟုတ် ဖြတ်တောက်ထားသည့် အခကြေးငွေများနှင့်ပတ်သက်သည့် တရားမမှုကို မည်သည့်တရားရုံးကမျှလက်ခံခြင်းမပြုရ-

(က) ပြန်လည်တောင်းခံထားသော အခကြေးငွေ သို့မဟုတ် ဖြတ်တောက်ထားသည့် အခကြေးငွေများနှင့် စပ်လျဉ်း၍ ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာဌာနသို့ လျှောက်ထားသည့် ကိစ္စမပြီးပြတ်သေးခြင်း၊

(ခ) တောင်းခံလျှောက်ထားသူအား ပြန်လည်ထုတ်ပေးရန် ညွှန်ကြားပြီးသည့်ငွေဖြစ်နေခြင်း၊

(ဂ ) တောင်းခံလျှောက်ထားသူအား ပေးရန်မလိုသောငွေဟု အတည်ပြုပြီးသော ငွေဖြစ်နေခြင်း။

## အခန်း(၇)
## တားမြစ်ချက်များ

၂၁။ မည်သည့် အလုပ်ရှင်မျှ ဤဥပဒေအခန်း (၂) ပုဒ်မ ၄ နှင့် ၅ တို့ပါ အခကြေးငွေပေးရန်တာဝန်နှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းမရှိစေရ သို့မဟုတ် ထိုပြဋ္ဌာန်းချက်ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ။

၂၂။ မည်သည့် အလုပ်ရှင်မျှ ဤဥပဒေ အခန်း (၃) ပုဒ်မ ၇၊ ၈ ၊ ၉၊ ၁၀ နှင့် ၁၁ တို့ပါ အခကြေးငွေမှ နုတ်ယူဖြတ်တောက်ခြင်းနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းမရှိစေရ သို့မဟုတ် ထိုပြဋ္ဌာန်းချက်ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ။

၂၃။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ (သို့မဟုတ်) အမိန့်ကြော်ငြာစာပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ။

## အခန်း(၈)
## ပြစ်ဒဏ်များ

၂၄။ မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၂၁ သို့မဟုတ် ၂၂ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်အနည်းဆုံးကျပ် ၂၀ သိန်းဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည့်အပြင် အလုပ်သမားရရန်ရှိသည့်အခကြေးငွေကို အလုပ်သမားအားပေးချေရန် အမိန့်ချမှတ်ရမည်။

၂၅။ ပုဒ်မ ၂၄ ပါအတိုင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ပြစ်မှုစီရင်ခြင်းခံရသည့်နေ့မှ နောင်နှစ်နှစ်အတွင်း ယခင်ဆန့်ကျင်ခဲ့သော ပြဋ္ဌာန်းချက်ကို ထပ်မံဖောက်ဖျက်ကျူးလွန်၍ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ခြောက်လထိဖြစ်စေ၊ ငွေဒဏ် အနည်းဆုံးကျပ် ၅၀ သိန်းဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် အလုပ်သမားရရန်ရှိသည့် အခကြေးငွေကို အလုပ်သမားအား ပေးချေရန် အမိန့်ချမှတ်ရမည်။

၂၆။ မည်သူမဆို ပုဒ်မ ၂၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၂၀ သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၇။ မည်သူမဆို အခကြေးငွေပေးချေခြင်း သို့မဟုတ် အခကြေးငွေမှနုတ်ယူဖြတ်တောက်ခြင်းနှင့်စပ်လျဉ်း၍ အလုပ်ရှင် သို့မဟုတ် အလုပ်သမားအား ထိခိုက်နစ်နာစေရန် ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန် စွပ်စွဲတိုင်ကြားကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း(၉)
## အထွေထွေ

၂၈။ ဤဥပဒေအရပေးအပ်သော လုပ်ငန်းတာဝန်များကို ဥပဒေနှင့်အညီ ဆောင်ရွက်သော ဦးစီးဌာနရှိ ဝန်ထမ်းတစ်ဦးဦးကို တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်းမပြုရ။

၂၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အောက် လျှော့နည်း၍ချုပ်ဆိုသည့် မည်သည့် သဘောတူညီချက် သို့မဟုတ် မည်သည့်သဘောတူစာချုပ်မဆို ပျက်ပြယ်စေရမည်။

၃၀။ အလုပ်ရှင်သည် ဤဥပဒေအရပြုသည့် နည်းဥပဒေ၊ စည်းမျဉ်းပါ ပြဋ္ဌာန်းချက်အနှစ်ချုပ်ကို သက်ဆိုင်ရာလုပ်ငန်းခွင်တွင် အများမြင်သာသည့် နေရာ၌ ထင်ရှားစွာ ချိတ်ဆွဲပြသထားရမည်။

၃၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-


(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများနှင့် စည်းမျဉ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၃၂။ The Payment of Wages Act ,1936 ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ကြေးမုံသတင်းစာတွင် လူမှုဘ၀သရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထို့သို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘ၀ဖြစ်ပျက်ပုံများကို ရသ ပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် “ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး” ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘ၀အထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး



## အမြန်မမောင်းကောင်းတဲ့ အမြန်လမ်းနဲ့ပတ်သက်လို့...

ဆူဒိုနင်

**နိဒါန်း**

အခုဆို ကျွန်တော့် ယာဉ်မောင်းသက်ဟာ ၃၉ နှစ်ကျော်လို့ နှစ် ၄၀ အတွင်းကို ချဉ်းနင်း၀င်ရောက်ခဲ့ပါပြီ။ အင်မတန် ရမ်းကားတဲ့ ယာဉ်မောင်းပီပီ သည် နှစ် ၄၀ နီးပါးအတွင်းမှာ ယာဉ်မတော် တဆမှု အကြိမ်ကြိမ် ဖြစ်ခဲ့ဖူးပါတယ်။ အများအားဖြင့်ကတော့ ခပ်နှေးနှေးမောင်းနေချိန်မှာ ဟိုငေးသည်ငေးလုပ်မိလို့ ဖြစ်ရတာပါ။ အမြန်မောင်းနေရင်းကတော့ မှတ်မှတ်ရရ လေးခါဖြစ်ဖူးတယ်။ အဲဒီလေးခါမှာ တစ်ခါကတော့ ကျွန်တော့်မှာ သေကောင်ပေါင်းလဲ ဒဏ်ရာရခဲ့ဖူးပါတယ်။

၂၀၀၃ ခုနှစ် နောက်ပိုင်းမှာတော့ ဘာမတော်တဆမှုမှ ကြီးကြီးမားမား မဖြစ်တော့ပါဘူး။ ယာဉ်ကြော ကြပ်သိပ်လှတဲ့ ရန်ကုန်မြို့ကြီးမှာ ဟိုပွတ်၊ သည်ချိတ်ကလေးတွေလောက်က လွဲရင်ပေါ့။

ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းကြီးပေါ်လာတော့လည်း အဲဒီလမ်းမှာ ဥဒဟိုမောင်းဖြစ်ပြန်တယ်။ အများအားဖြင့် အဖော်မပါ ကျွန်တော်တစ်ယောက်တည်းပါ။ တစ်ခါများဆို မိုးစုတ်စုတ်ချုပ်တော့မှ နေပြည်တော်က ထွက်ပြီး မန္တလေးကို ည ၁၁ နာရီလောက် ၀င်သွားဖူးပါတယ်။ အဲဒါလည်း တစ်ယောက်တည်းပါ။

အဲဒီလမ်းကို ကျွန်တော် အမျိုးမျိုး မောင်းကြည့်ဖူးပါတယ်။ တစ်နာရီ ကီလို ၁၀၀ (မိုင် ၆၀)နှုန်းမှသည် ကီလို ၁၃၀ (မိုင် ၈၀) နှုန်းလောက်အထိပါ။ တစ်ချီမှာတော့ ကျွန်တော့်ကိုယ် ကျွန်တော်တော့ ကီလို ၁၂၀ နဲ့ ၁၃၀ ကြား မောင်းနေတယ်မှတ်တာ၊ အတူပါသူ သူငယ်ချင်းက ထအော်တော့မှ မိုင်နှုန်းပြကို ကြည့်လိုက်တော့ ၁၆၀ ကျော်နေတာ အထိတ်တလန့် တွေ့လိုက်ရပါတယ်။

ကျွန်တော့်ရဲ့ မဖြစ်ညစ်ကျယ် အတွေ့အကြုံအရ ပြောမယ်ဆိုရင်တော့ အဲဒီလမ်းမှာ ကီလို ၁၀၀ နှုန်းကို မကျော်စေဘဲ မောင်းသွားမယ်ဆိုရင် တော်တော်လေး အန္တရာယ်ကင်းနိုင်ပါတယ်။ အမြန်လမ်း ဆိုတာကြီးကိုတော့ မေ့ထားရမှာပေါ့ ခင်ဗျာ။ တကယ့်တကယ် ကီလို ၁၅၀ (မိုင် ၉၀) နှုန်းလောက် စိတ်ချလက်ချ မောင်းနိုင်မှ အမြန်လမ်းလို့ သူများတိုင်းပြည်တွေမှာ ခေါ်ကြတာပဲလေ။

အဟဲ-ကျွန်တော်တို့ရဲ့ အမြန်လမ်း(ဟုခေါ်တွင်သော)မှာတော့ ကီလို ၁၅၀ လောက် မောင်းရင် သေမင်းကို လက်ယပ်ခေါ်သလို ဖြစ်သွားပါလိမ့်မယ်။ မြန်မြန်မောင်းလို့ မကောင်းအောင် လမ်းကိုယ်၌က ပြဿနာရှိပါတယ်။

**လမ်းရဲ့ ပြဿနာများ**

(၁) သည်လမ်းမှာ အဆိုးဆုံးက လမ်းလယ်ကျွန်း အရံအတားနဲ့ တုံးတွေပါ။ အဲဒီတုံးတွေက မတန်တဆမြင့်လွန်းနေပါတယ်။ အရှိန်များများနဲ့ သွားနေတဲ့ ကားဘီးနဲ့မတော်တဆထိမိရင် အရှိန်နဲ့ပြေးနေတဲ့ မြင်းရဲ့ခြေကို တစ်ခုခုနဲ့ ထိုးခံလိုက်သလို ဂျွမ်းထိုးမှောက်ခုံ ဖြစ်သွားနိုင်ပါတယ်။ ကီလို ၁၀၀ နှုန်းနဲ့ သွားနေဦးတောင်မှ အဲ့ဒီ လမ်းလယ်ကျွန်း အရံအတားနဲ့၊ တုံးနဲ့ တိုက်မိသွားပြီး အခန့်မသင့်ရင် ယာဉ်တစ်စီးလုံး တိမ်းမှောက်နိုင်ပါတယ်။

(၂) အမြန်လမ်းလို့ ခေါ်ရခြင်းဟာ အချိန်တိုအတွင်း အမြန်ပြီးအောင် ဖောက်ခဲ့ကြလို့လားတော့ မသိပါဘူး။ အဲသလို အချိန်တိုအတွင်း ဖောက်တာမို့ လမ်းမြေသားက အသားမသေသေးပါဘူး။ ဒါ့ကြောင့် လမ်းအနေအထားက မညီညာဘူး။ နိမ့်လိုက်မြင့်လိုက် ဖြစ်နေတာ လမ်းရဲ့ ၈၀ ရာခိုင်နှုန်းလောက်ပါ။ ပိုဆိုးတာက လမ်းညာဘက် မြေသားကလည်း မာမာတင်းတင်း မရှိဘူး။ ဘီးတစ်လုံးလောက် ညာဘက်မြေသားပေါ် အရှိန်နဲ့ နင်းမိသွားရင်တောင် ဟန်ချက်ပျက်နိုင်ပါတယ်။

> ကျွန်တော့်ရဲ့ မဖြစ်ညစ်ကျယ် အတွေ့အကြုံအရ ပြောမယ်ဆိုရင်တော့ အဲဒီလမ်းမှာ ကီလို ၁၀၀ နှုန်းကို မကျော်စေဘဲ မောင်းသွားမယ်ဆိုရင် တော်တော်လေး အန္တရာယ်ကင်းနိုင်

(၃) အကွေ့တွေမှာ ဘယ်ကွေ့ရင် ဘယ်ဘက်ခြမ်းကို နိမ့်ထားတာ၊ ညာကွေ့ရင် ညာဘက်ခြမ်းကို နိမ့်ထားတာမျိုး ဗဟိုခွာအားနဲ့ ကားရဲ့ ဟန်ချက်ကို ထိန်းပေးတာ တစ်နေရာမှ မရှိဘူး။ အဲတော့ အရှိန်များတဲ့ ကားဟာ အကွေ့မှာ ဟန်ချက်ကောင်းကောင်း ပျက်နိုင်ပါတယ်။

(၄) တချို့ ရေကျော်တွေ၊ တံတားတွေအ၀င်မှာ ယာဉ်ကြောသုံးကြောစာ သုံးလမ်းသွားတွေ လုပ်ထားပြီး တံတားဆီရောက်တော့မှ ရုတ်တရက် နှစ်လမ်းသွားအဖြစ် ပြောင်းလိုက်ပါတယ်။ ညာဘက်အစွန် ယာဉ်ကြောက ဘယ်ဘက်ယာဉ်ကြောထဲ ပြန်၀င်သာအောင် ဘေးကအရံအတားတွေနဲ့ မျှောမသွားစေဘဲ အဲဒီယာဉ်ကြောတည့်တည့်မှာ ကွန်ကရစ်အပြားလိုက်ကြီးခံထားတာမျိုးနဲ့ ယာဉ်ကြော တစ်ကြောကို တုံးတိတိပိတ်ပစ်လိုက်တာကလည်း လမ်းပုံစံရေးဆွဲသူရဲ့ဦးနှောက်ကို ရွှေချသင့်တဲ့ စိတ်ကူးပဲလို့ မြင်မိတယ်။ တမင်သက်သက်များ လူတွေ ဒုက္ခရောက်စေလိုတဲ့ စေတနာအပြည့်နဲ့ လုပ်ထားသလားတောင် တွေးမိရတဲ့ အထိပါပဲ။

(၅) လမ်းပြောင်းပြန် မောင်းလာတဲ့ မော်တော်ဆိုင်ကယ်၊ စက်ဘီးတွေကလည်း အချိန်မရွေး၊ နေရာမရွေးရှိနေပြန်တယ်။ လမ်းပြောင်းပြန်မောင်းလာတဲ့ ကားကိုတော့ ကျွန်တော်ကိုယ်တိုင် သုံးကြိမ်ကြုံဖူးပါတယ်။

(၆) လမ်းပြင်သူတွေကလည်း အချိန်မရွေး၊ နေရာ မရွေးမှာ ရှိနေတတ်ပြန်သလို သူတို့ ပြင်ဆင်နေတာမို့ လမ်းတစ်၀က်ကို ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ပိတ်ထား၊ ကာထားတာတွေ ကလည်း ရုတ်တရက် ပေါ်လာတတ်ပြန်တယ်။

(၇) မိုးရွာချိန်မှာ လမ်းရဲ့နေရာအတော်များများက ရေ၀ပ်ပါတယ်။ ကုန်းတက်ကုန်းဆင်းမှာတောင် ရေကအောက်ကို လျှောကျမသွားဘဲ လမ်းလယ်မှာ အိုင်ထွန်းနေတာ အံ့အားသင့်စရာပါပဲ။ ၁၆-၈-၂၀၁၅ က ကျွန်တော် အဲဒီလမ်းကို မလွှဲသာလို့ မိုးထဲမှာသွားခဲ့ပါတယ်။ ကျွန်တော့်ကားက သာမန်မှန်လုံဆလွန်းကားထက် တစ်ပေခွဲ နှစ်ပေလောက် ပိုမြင့်ပါတယ်။ အဲဒါတောင် ကွန်ကရစ်လမ်းမပေါ်က ရေအိုင်တစ်ခုကို မထင်မှတ်ဘဲ ဖြတ်လိုက်မိချိန်မှာ ကားကနင်းလိုက်လို့ ၀ုန်းခနဲတက်လာတဲ့ ရေဟာကားခေါင်မိုးကျော်သွားပါတယ်။ အဲလောက်အထိ ရေကို ထုနဲ့ထည်နဲ့ အိုင်ထွန်းနေစေနိုင်တဲ့ လမ်းပါ ခင်ဗျား။

တစ်ဆက်တည်းမှာ အဲ့ဒီရေကြောင့် ကားကတစ်ဖက်ဖက်ကို ဆွဲသွားနိုင်ပါတယ်။ တစ်စီးနဲ့တစ်စီး ကျော်တက်ချိန်မှာ တစ်စီးစီးက အဲလိုရေအိုင်မျိုးကို နင်းမိသွား၊ ဟန်ချက်ပျက်သွားရင် ကောင်းကောင်းဒုက္ခများနိုင်တဲ့ ရေ၀ပ်မှုပါပဲ။

**လူရဲ့ပြဿနာများ**

(၁) လမ်းက ခရီးဝေးသွားတဲ့လမ်း၊ လွင်တီးခေါင်မှာ ဖြတ်ဖောက်ထားတဲ့ လမ်းဖြစ်တာမို့ လမ်းဘေး၀ဲယာမှာ စိတ်၀င်စားစရာတစ်ကွက်မှ မရှိဘူး။ မြို့၀င်မြို့ထွက်လည်း မရှိဘူး။ ရှေ့တည့်တည့်မှာ ဖြူးနေတဲ့လမ်းကြီး။ အဲတော့ အင်မတန် ပျင်းစရာကောင်းပါတယ်။ အိပ်ငိုက်လွယ်တဲ့လူအတွက် အလွန်ငိုက်ချင်စရာကောင်းလှတဲ့ လမ်းကြီးပါပဲ။ ဒါမှမဟုတ် အိပ်ရေးပျက်နေ၊ သိပ်ပင်ပန်းနေသူဆိုရင်လည်း အလွယ်တကူ ငိုက်ကျသွားနိုင်ပါတယ်။

ယာဉ်မောင်းတွေ လမ်းမှာ ထမင်းများများ မစားသင့်ဘူးထင်ပါတယ်။ ဗိုက်လေးလာရင် လူက အိပ်ငိုက်တတ်ပါတယ်။ အဆာပြေရုံ မုန့်ပဲသွားရည်စာ အနည်းအပါး စားတာ၊ လက်ဖက်ရည်၊ ကော်ဖီသောက်တာမျိုးလောက်ပဲ လုပ်ရင် အကောင်းဆုံးပါပဲ။ ခရီးဆုံးရောက်ခါမှ အ၀စားတာမျိုးကို လုပ်သင့်တယ် ထင်ပါတယ်။

အရက်သေစာကတော့ အထူး ရှောင်သင့်ပါတယ်။ တခြားလူတွေအတွက်တော့ မသိဘူး၊ ကျွန်တော်ဆိုရင် ဘီယာလေးတစ်ခွက်၊ နှစ်ခွက်နဲ့တင် အိပ်ချင်လာတတ်တယ်။ ဒါ့ကြောင့် ခရီးဝေးသွားနေချိန်မှာ ကိုယ်တိုင်ပဲ မောင်းမောင်း၊ သူများမောင်းတာပဲ လိုက်စီးစီး၊ ကျွန်တော်ဘယ်တော့မှ အရက်ဘီယာ မသောက်ပါဘူး။ ခရီးဆုံးမှ သောက်ချင်စိတ်ရှိရင် သောက်လိုက်ပါတယ်။

(၂) ခုခေတ်မှာ ကားတွေပေါလာသလို ကားအများစုကလည်း မောင်းရလွယ်တဲ့ကားတွေ ဖြစ်ပါတယ်။ အလိုအလျောက် အရှိန်ပြောင်းတဲ့ စနစ်တွေနဲ့ ကားတွေက အများစုဖြစ်တာကြောင့် ခုခေတ်ယာဉ်မောင်းဟာ စတီယာရင်ခွေလှည့်တတ်ရုံနဲ့ ကားပေါ်တက်ထိုင်ပြီး မောင်းနိုင်နေပါပြီ။ ကားကို ရှေ့တိုးနောက်ဆုတ်လုပ်လို့ ရနေပါပြီ။

(ဆက်လက်ဖော်ပြပါမည်)

ဒီကရီကို အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
ပုသိမ်ခရိုင်တရားရုံးတော်
၂၀၁၁ခုနှစ်၊ တရားမကြီးမှုအမှတ်-(၆၀)နှင့်ဆက်သွယ်သည့်
၂၀၁၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-(၂၉)
ဦးကျော်မိုး၊ ဦးသိန်းစိုး နှင့် မြန်မာ့တီထွင်သူများ (သမဝါယမအသင်းလီမိတက်)
(ဒီကရီအနိုင်ရသူ) (တရားရှုံး)
မြန်မာ့တီထွင်သူများ သမဝါယမအသင်းလီမိတက် (Myanmar Inventor Cooperative Society Ltd) MICS(ရုံးလိပ်စာ-၂၄ F/D သန့်စင်လမ်းသွယ်၊ ကျိုက်ဝိုင်း၊ မရမ်းကုန်းမြို့နယ်) [စက်ရုံလိပ်စာ-3D လှိုင်မြစ်ကမ်း၊ လှိုင်သာယာစက်မှုဇုန်(၁)၊ အပိုင်း(၆)] ဦးစိုးတင့်အောင်(ဥက္ကဋ္ဌ)၊ ဦးမြင့်ကျော်ဦး(အဖွဲ့၀င်)၊ ဒေါ်မြင့်မြင့်ဆွေ(အဖွဲ့၀င်)၊ MICS ဒါရိုက်တာအဖွဲ့ သိစေရမည်။
၂၀၁၁ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၀တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဦးကျော်မိုးပါ(၂)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့် ဖြစ်စေ၊ ၂၀၁၅ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက် (၁၃၇၇ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။
၂၀၁၅ခုနှစ်၊ ဩဂုတ် ၂၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။
(တင်မောင်လတ်)
ခရိုင်တရားသူကြီး
ပုသိမ်ခရိုင်တရားရုံး

ဒီကရီကို အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
ပုသိမ်ခရိုင်တရားရုံးတော်
၂၀၁၁ခုနှစ်၊ တရားမကြီးမှုအမှတ်-(၅၉)နှင့်ဆက်သွယ်သည့်
၂၀၁၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-(၃၁)
ဦးမောင်သူ နှင့် မြန်မာ့တီထွင်သူများ (သမဝါယမအသင်းလီမိတက်)
(ဒီကရီအနိုင်ရသူ) (တရားရှုံး)
မြန်မာ့တီထွင်သူများ သမဝါယမအသင်းလီမိတက် (Myanmar Inventor Cooperative Society Ltd) MICS(ရုံးလိပ်စာ-၂၄ F/D သန့်စင်လမ်းသွယ်၊ ကျိုက်ဝိုင်း၊ မရမ်းကုန်းမြို့နယ်) [စက်ရုံလိပ်စာ-3D လှိုင်မြစ်ကမ်း၊ လှိုင်သာယာစက်မှုဇုန်(၁)၊ အပိုင်း(၆)] ဦးစိုးတင့်အောင်(ဥက္ကဋ္ဌ)၊ ဦးမြင့်ကျော်ဦး(အဖွဲ့၀င်)၊ ဒေါ်မြင့်မြင့်ဆွေ(အဖွဲ့၀င်)၊ MICS ဒါရိုက်တာအဖွဲ့ သိစေရမည်။
၂၀၁၁ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၉တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးမောင်သူက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၁၅ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက် (၁၃၇၇ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။
၂၀၁၅ခုနှစ်၊ ဩဂုတ်(၂၇)ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။
(တင်မောင်လတ်)
ခရိုင်တရားသူကြီး
ပုသိမ်ခရိုင်တရားရုံး

သစ္စာမေတ္တာ တိုင်းရင်းဆေးကုခန်း
လိပ်ခေါင်းဝေဒနာရှင်များအတွက် သတင်းကောင်း
သစ္စာမေတ္တာ ဆေးကုခန်းမှ နှစ်ရှည်လများခံစားနေရတဲ့လိပ်ခေါင်းရောဂါကို ဆရာကြီးဦးတင်ရွှေကိုယ်တိုင်ကုသပေးနေပါပြီ။ဆေးထည့်ရာတွင် -
✦ ပူခြင်း၊စပ်ခြင်း၊ဆေးဖြင့်စားဆေးတင်ခြင်း၊လှီးဖြတ်ခြင်း၊အနာဖြစ်ခြင်းလုံးဝမရှိ။
✦ ခရီးသွားမပျက်၊ အလုပ်အကိုင်မပျက် နေရာ၊ ဒေသမရွေး ဆေးလိမ်း၊ ဆေးသောက်ရုံဖြင့် သင့်လိပ်ခေါင်းရောဂါပိန်ချုပ်ပြီး(ကြွက်ကျခြင်းပဲ့ထွက်ခြင်း လုံးဝမရှိ)မှုလအခြေအတိုင်း ပြန်ဖြစ်စေရမည်။
(ဝရင်ဂျီနာ၊ နှာခေါင်းထိပ်ခတ်နာ၊ ရင်သားအကျိတ်၊ အစုအကျိတ်၊ ဆီးရောဂါ၊ အနာပေါက်၊ အချိုသည်း၊ မီးယပ်ကွက်ရောဂါ၊ သားအိမ်ရောဂါ၊ အစာအိမ်ရောဂါ)
အမှတ်(၃၄)၊ ရန်ပြေ (၁၈)လမ်းထိပ်၊ (၃) ရပ်ကွက်၊ သာကေတမြို့နယ်။

အခန်းဆက်ဝတ္ထုရှည်



# ကမ္ဘာကုန်ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

*ရသစာပေသည် စာဖတ်ပရိသတ်များအား ညှို့ယူဖမ်းစားနိုင်၏။ ထိုစာပေကို ရသမြောက်အောင် ရေးဖွဲ့နိုင်ရန်မှာ စာရေးသူ၏ စာဖတ်ပရိသတ်အပေါ်ထားရှိသော စေတနာမှာ အရေးပါ၏။ ဆရာတက္ကသိုလ်ဘုန်းနိုင် မှာ စာဖတ်သူများအပေါ် အကျိုးအမြတ်မပါ။ ဆန္ဒစွဲမရှိ၊ ရိုးသားစွာဖြင့်ဘဝနှင့် ခံစားမှုတစ်ထပ်တည်းကျအောင် ရေးသားနိုင်သော စေတနာရှိ၏။ ထို့ကြောင့် ဆရာ၏ ရသစာပေများမှာ စာဖတ်ပရိသတ်များကြားဝယ် ယနေ့ထက်တိုင် တောက်ပနေဆဲဖြစ်၏။ ဆရာ၏ စာပေတွင် လူတို့၏ စရိုက်၊ လူတို့၏ ဘဝအမှန်တို့ကို သူတို့ဖြတ်သန်းရာခေတ်ကာလ အခြေအနေများနှင့် ထင်ဟပ်ဖော်ပြရာတွင် အရောင်အသွေးမရှိဘဲ ပကတိ အခြေအနေပေါ်လွင်အောင်ရေးဖွဲ့ထား၏။ ထို့ကြောင့်ခံစားမှုများနှင့်အတူ ဘဝအတွေးအခေါ်များလည်းရ၏။ အသိအမြင်များလည်း တိုး၏။ ခေတ်သမိုင်းကိုလည်း ထင်ဟပ်ရှုမြင်နိုင်၏။ ဤသည်ကား စာရေးသူ၏ စေတနာ အရင်းခံဖြစ်၏။ ယခု 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' တွင်လည်း စာဖတ်ပရိသတ်များ ဤသို့ ရှုမြင်ခံစားနိုင်မည်ဟု ယုံကြည်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

"မမနွယ်က မောင့်ကိုဘာစိုက်ကြည့်နေတာလဲ"

"ဩော်. . မောင့်ကို သဘောကျလို့ပါ၊ စင်စစ်တော့ မောင်ဘာမှ မပြောင်းလဲသေးဘူး၊ အားလုံးရှေးတုန်းက အတိုင်းပဲ"

မလေးနွယ်ဘာဆိုလိုကြောင်း သက်ခိုင်နားလည်သည်။ နားလည်သောကြောင့်လည်း စကားကို ပိတ်ပြောပြန်သည်။

"မမနွယ်လည်း ဘာမှမပြောင်းလဲပါဘူး၊ အားလုံး ရှေးတုန်းကအတိုင်းပဲ၊ ပြောင်းလဲခြင်းဟာ သဘာဝလို့ဆိုပေမယ့် တစ်ခါတလေတော့လည်း မောင်ထင်တယ်၊ တချို့ကိစ္စတွေမှာ အားလုံးဟာ ရှေးတုန်းကအတိုင်း ရှေးနည်းအတူ ဖြစ်နေတာဟာ ကောင်းသလိုလိုပဲ၊ အဲဒါကတော့ မောင့်အထင်လေ၊ မှားမလား. . မှန်မလား မသိဘူး"

စကားအဆုံး၌ သက်ခိုင်ကရယ်သည်။ ပင့်သက်ရှိုက်မိသူကား မလေးနွယ်သာလျှင်ဖြစ်၏။

ထိုည. . . ညစာကို သက်ခိုင်သည် မလေးနွယ်တို့၏ အိမ်၌စားသည်။ သက်ခိုင်သာမက ကိုဘမြိုင်လည်းစားသည်။

လူတစ်ကိုယ်၌ အားနည်းချက်တစ်ခုစီ ရှိမြဲဖြစ်၏ ။ သက်ခိုင်၏ အားနည်းချက်တစ်ခုမှာ လူစိမ်းသူစိမ်းများနှင့် ထမင်းမစားရဲခြင်းပင်ဖြစ်သည်။ ဘတ္တလာ၊ စားပွဲထိုးတို့ စောင့်ကြပ်ပြုစုရသော တရားဝန်ကြီး၏ ထမင်းစားဝိုင်းတွင်ဖြစ်သောကြောင့်လည်း အနေရအထိုင်ရကျပ်နေ၏။ ဇွန်း၊ ခက်ရင်းတို့နှင့် စားရသည်မှာမူ ကျောင်းဆောင်၌ အကျင့်ရနေသောကြောင့် မခက်ခဲလှ။

စားပွဲ၏ နှစ်ဖက်သောထိပ်၌ ဦးထင်ကျော်နှင့် ဒေါ်အေးသန့်တို့က အသီးသီးနေရာယူထား၏။ စားပွဲတစ်ဖက်တွင်မူ ကိုဘမြိုင်ထိုင်သည်။ ကိုဘမြိုင်နှင့် မျက်နှာချင်းဆိုင်ဘက်တွင် သက်ခိုင်နှင့်မလေးနွယ်တို့က တွဲလျက်ထိုင်ကြရ၏။

ရွှေကျင်ဂိုဏ်းကျောင်းတိုက်မှ ကိုရင်တစ်ဦးပမာ ဆိတ်ဆိတ်ငြိမ်ငြိမ်နှင့်ကန္တော့ချပ်စားနေသော သက်ခိုင်၏ ပန်းကန်တွင်းသို့ မလေးနွယ်သည် ကောင်းနိုးရာရာ ဟင်းများကိုရွေးချယ်ပြီး မပြတ်အောင်ထည့်ပေးနေသည်။

ကိုဘမြိုင်၏ အမူအရာကမူ လွတ်လပ်နေ၏။ သူသည် ဧည့်သည်တစ်ယောက်ထက် အိမ်သားတစ်ဦးအသွင် ပေါ်နေသည်။ ထမင်းစားရင်း ရယ်စရာမောစရာလေးများကိုလည်း ပြောပြ၏။ သက်ခိုင်အတွက် မလေးနွယ်ထည့်ပေးလိုသော ဟင်း၏ ပန်းကန်သည် လှမ်းနေသော် သူကယူပေး၏။ သက်ခိုင်ကိုလည်း ဂရုပြုအရေးထားကာ စကားလှမ်းပြောသေး၏။ ကိုဘမြိုင်ကို လူမှုတာဝန်ကျေ၍ ယဉ်ကျေးသိမ်မွေ့သူအဖြစ်သက်ခိုင် လေးစားမိသွား၏။

ထမင်းစားဝိုင်းတွင် ကိုဘမြိုင်နှင့် ဦးထင်ကျော်တို့ ပြောကြသောစကားရပ်များကို ထောက်၍ ကိုဘမြိုင်သည် ဥပဒေဘွဲ့တစ်ခုယူရန် အင်္ဂလန်ပြည်သို့ ထွက်ခွာသွားနီးမှန်း သက်ခိုင်နားလည်မိ၏။ ဘယ်ရစ္စတာဘွဲ့၊ အယ်(လ်)အယ်(လ်)ဘီဘွဲ့၊ အယ်(လ်)အယ်(လ်)ဒီဘွဲ့အကြောင်းများ ဆွေးနွေးကြသည်ကိုမူ သက်ခိုင်လိုက်မမီ။ သို့ရာတွင် ကိုဘမြိုင်၏ စကားတစ်ရပ်မှာမူ သက်ခိုင်၏ နား၌ စွဲသွားသည်။

"ပြန်လာရင် ကျွန်တော် ဝတ်လုံတော့ ဆက်မလိုက်ချင်ဘူး ဦး၊ အခု ဝတ်လုံတို့၊ ရှေ့နေတို့ဆိုတာက အမှုမှန်ရေး မမှန်ရေးထက် အမှုနိုင်ရေးမနိုင်ရေးက အဓိကဖြစ်နေတယ်။ ဒါကိုတော့ ဦး အသိဆုံးပါပဲလေ၊ ကျွန်တော်တော့ ဝတ်လုံလောကကို စိတ်ပျက်မိတယ်၊ တက္ကသိုလ်မှာ ဥပဒေပါမောက္ခ၊ ကထိကလောက်ပဲ လုပ်ချင်တယ်၊ အဲဒီမှာကတော့ ကိုယ့်အမြင် ကိုယ် ပြောပြနိုင်မယ် ထင်တယ်"

"မောင်ဘမြိုင်ရဲ့ စိတ်ထားကို ဦး သာဓုခေါ်ပါတယ်၊ လုပ်ပေါ့လေ၊ အနာဂတ်က မောင်ဘမြိုင်တို့ လူငယ်တွေ လက်ထဲမှာ ရှိပါတယ်၊ အဲဒီအချိန်ကျရင်တော့ ဥပဒေတွေလည်း ပြောင်းကုန်လိမ့်မယ် ထင်တယ်၊ ဥပဒေတွေ မပြောင်းရင်တော့ မောင်ဘမြိုင်လည်း ဘာမှ လုပ်နိုင်မှာ မဟုတ်ဘူး၊ ဦးတို့ခေတ်ကတော့ ဆိုးခဲ့တယ်၊ လူ့အခြေခံခွင့် အရေးအရ မှန်မှန်းသိရက်နဲ့ တည်ဆဲဥပဒေကြောင့်၊ တခြားတော့ မကြည့်နဲ့၊ ဦး မကွေးမှာ တရားသူကြီး လုပ်ရစဉ်က ဦးရဲ့ညီ၊ မောင်သက်ခိုင်တို့ အဖေကို ချုပ်ထားဖို့ ရမန်ကို ဦးကိုယ်တိုင် ပေးခဲ့ရတယ်ကွဲ့"

ကိုဘမြိုင်သည် အံ့ဩစွာနှင့် ဦးထင်ကျော်ကို တစ်လှည့်၊ သက်ခိုင်ကိုတစ်လှည့် ကြည့်သည်။

"နေဦး. . . ဦး၊ ဒါဖြင့် ကိုသက်ခိုင်က သခင်စိုးခိုင်ရဲ့ သားပေါ့၊ ဟုတ်လား---

"ဟုတ်တယ်လေ၊ သခင်ဖိုလှကြီးတို့ . . . သခင် ခင်ဇော်တို့ . . . သခင်စိုးခိုင်တို့ဟာ တို့ရေနံမြေမှာတော့ နာမည်ကျော်တွေပေါ့၊ သခင်စိုးခိုင်ကတော့ ဦးရဲ့ညီမ သက်သက်ရဲ့ ယောကျ်ားပဲ"

ကိုဘမြိုင်က သက်ခိုင်ကို လှမ်းကြည့်သည်။ သက်ခိုင်က ခေါင်းငုံ့၍ ငြိမ်သက်စွာပင် ထမင်းစားနေ၏။

"ဟုတ်လား. . . ကိုသက်ခိုင်၊ ခင်ဗျားက သခင်စိုးခိုင်ရဲ့ သားကို၊ အခု သခင်စိုးခိုင် ဘယ်မှာလဲ"

ထမင်းစားဝိုင်းသည် ရုတ်တရက် တိတ်ဆိတ်သွား၏။ ဦးထင်ကျော်၊ ဒေါ်အေးသန့်နှင့် မလေးနွယ်တို့က စိတ်မကောင်းစွာနှင့် သက်ခိုင်ကို ငြိမ်ကြည့်နေကြ၏။

သက်ခိုင်သည် ဖြည်းညင်းစွာနှင့် ခေါင်းဖော်၏။ သူသည် အလွန်လျှင်တည်ငြိမ်သော မျက်နှာထား. . . လေသံတို့နှင့် ဖြေသည်။

"ဖေဖေဟာ-----တော်လှန်ရေးမှာ ကျဆုံးသွားခဲ့ပါပြီ အစ်ကိုဘမြိုင်၊ ဒါပေမဲ့ စောစောက ဥပဒေနဲ့ ပတ်သက်ပြီး အစ်ကိုဘမြိုင် ပြောတဲ့စကားကို ဖေဖေသာ ကြားနိုင်ရင် သိပ်ဝမ်းသာမှာပဲ၊ ဖေဖေက မကြားနိုင်တော့ ဖေဖေကိုယ်စား ကျွန်တော်ကပဲ ဝမ်းသာလိုက်ပါတယ် အစ်ကိုဘမြိုင်၊ တစ်ခုပဲရှိတယ်၊ စောစောက ဦးကြီး ပြောသလိုပဲ ဥပဒေတွေက လိုက်မပြောင်းရင်တော့ ဘယ်သူမှ ဘာမှ တတ်နိုင်ကြမှာ မဟုတ်ဘူး"

မလေးနွယ်က ကိုဘမြိုင်ကို တစ်လှည့်၊ သက်ခိုင်ကို တစ်လှည့်ကြည့်သည်။ ကိုဘမြိုင်၏အသွင်မှာ အေးဆေး၍ တည်ကြည်သည်။ သက်ခိုင်ကတည်ငြိမ်၍ အေးချမ်းသည်။ အမည်မသိသော ဝေဒနာနှင့် မလေးနွယ်၏ ရင်မှာသာ ဖိုရ၏။

ကိုဘမြိုင်က ကျေနပ်နှစ်ခြိုက်စွာ ပြုံးပြီး ဆို၏။

"ကိုသက်ခိုင် ပြောတာ သိပ်မှန်တယ်၊ အင်းလေ. . . ကျွန်တော်တို့ ခေတ်ကို စောင့်ကြည့်ရမှာပဲ၊ ခေတ်ပြောင်းရင်တော့ အားလုံးပြောင်းရမှာပဲ၊ ရွှေညာမောင် ဆိုခဲ့တဲ့ ဟိုသီချင်းလိုပဲ၊ နွယ်ရေ. . . သီချင်း နာမည်က ဘာတဲ့လဲ"

"ခေတ်ပြောင်းချိန်. . . တဲ့ အစ်ကိုဘမြိုင်"

ဟုတ်တယ်၊ ခေတ်ပြောင်းချိန်. . တို့ဗမာ ပြည်ဇာတာ စန်းမှာတက်လန်းလာခဲ့ပြီ၊ ပြီးတော့ ဘာဆိုလည်း မသိဘူး၊ မေ့သွားပြီ၊ အဲ. . . ဟိုသင်း၊ စာဆိုတွေနဲ့အညီ၊ မမေ့နိုင်ပြီ. . . ခေတ်ဆန်းချိန် ရောက်လုနီးပါပြီ"

တစ်ပိုင်းတစ်စ ရသမျှ သီချင်းကို ကိုဘမြိုင်က သံနေသံထားနှင့်ဆိုပြသောကြောင့် အားလုံးရယ်မောပြီး ထမင်းဝိုင်းမှာ ပြန်လည်စိုပြည်သွား၏။

သက်ခိုင်က အရင်ဆုံး ထမင်းစားပြီးသည်။

ထမင်းစားစဉ်၌ သက်ခိုင်သည် အပေါ်ဝတ်အင်္ကျီကို ချွတ်ထား၏။

ရှပ်အင်္ကျီလက်များကိုလည်း မ. တင်ထား၏။

သက်ခိုင်၏ ဘယ်ဘက် လက်ကောက်ဝတ်၌ လက်ပတ်နာရီ မရှိ။

ညာဘက်လက်ဖျံတွင်မူကား. . .

မလေးနွယ် ငှဲ့ပေးသော ရေဖန်ခွက်ကို သက်ခိုင်က ညာလက်နှင့်လှမ်းယူသည်။ သက်ခိုင်၏ လက်ဖျံမှ အမာရွတ်များကို မလေးနွယ်မြင်သွား၏။

မလေးနွယ်က ရုတ်တရက်အော်၏။

"ကြည့်စမ်း မောင် . . . အဲဒါ မမနွယ်ကို ကိုက်မယ့်ခွေးကို မောင်ဝင်ကာကွယ်တာမို့ ရခဲ့တဲ့ဒဏ်က အမာရွတ်တွေ မဟုတ်လား"

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**

ဆရာဝေ့ခ်ွး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ)
အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။
ဘွဲ့ကြို၊ ဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
စက်တင်ဘာ (၂/၃/၅)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
Speaking နှင့် ၄ မှ ၈ တန်းထိ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ခုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

BETTER WORLD ဗလာစာအုပ်
ရေစေးသင့်စေသ ပြန်လည်ထူထောင်ရေး တွင်စာအုပ် လှူဒါန်း လိုသော အဖွဲ့အစည်းများအတွက်
BETTER WORLD ဗလာစာအုပ်လုပ်ငန်းမှ
အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေပါပြီ ။
ရန်ကုန်ရုံးချုပ် - ph - 01-296235, 09-73011600, 09-73219201, 09- 793743250
မန္တလေးရုံးခွဲ - ph - 02-61857, 09-6807383

အောင်ချက်ကောင်း၊စည်းကမ်းကောင်း၊စာသင်ကောင်းသော ကောင်းခြင်းများနှင့်ပြည့်စုံပြီး၊ ရန်ကုန်တိုင်းဒေသကြီး၊အင်းစိန်မြို့နယ်ရှိကျောင်းများအားလုံးတွင်
၈-တန်းအောင်ချက်ပထမ၊ ၁၀-တန်းအောင်ချက် အင်းစိန်ကိုယ်ပိုင်ကျောင်းများအားလုံးတွင် ပထမ ရရှိခဲ့သော
PRIVATE HIGH SCHOOL TS U THAN SEIN
ဆရာ ဦးသန်းစိန် ပညာ/ရှV နှင့်
ဆရာမ ဒေါ်ဇင်နီမြင့် (အင်္ဂလိပ်စာ) တို့
[M.A(English),Dip in ELT(YU)]
ကိုယ်တိုင်အုပ်ချုပ်သင်ကြားသော...
ကိုယ်ပိုင်အထက်တန်းကျောင်း
(သူငယ်တန်းမှတက္ကသိုလ်ဝင်တန်း)
၂၀၁၆-၁၇ ပညာသင်နှစ်အတွက် စတင်လက်ခံနေပြီ။
၂၀၁၅-၂၀၁၆ ယခုပညာသင်နှစ်အတွက် လူပြည့်သွားပါပြီ။
တန်းခွဲသစ်များအတွက် မူလယ်ထက် ဆရာ/ဆရာမနှင့် Guide များ
၃၀-၉-၂၀၁၅ နောက်ဆုံးထား လျှောက်ထားနိုင်သည်။
ဆရာ ဦးသန်းစိန်ကိုယ်ပိုင်အထက်တန်းကျောင်း
ပြည်တော်သာမှတ်တိုင်ရှေ့တည့်တည့်၊ ရွာမကွေ့၊ ရွာမအရှေ့ရပ်ကွက်၊အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
ကျောင်းခွဲ - (၇၄) ဗားဂရာမီးပွိုင့်အနီး၊ဗိုလ်ဥတ္တမလမ်းထိပ်၊ဘောဂရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။
Phone: 095190862,09450014699,09263889212, 09263889213,09263889214,09263889215,
09263889216, 09263889217,0973016839, 09420273846 e-mail: zinnimyint@gmail.com

# ဘားအံမြို့တွင် အိမ်ခန်း ၂၅၆၀ဆောက်လုပ်မည်

**ဘားအံ စက်တင်ဘာ ၄**
ကရင်ပြည်နယ် ဘားအံမြို့တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုဘဝမြှင့်တင်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းသစ်ပေါ်ပေါက်စေရေး၊ မိသားစု နေထိုင်မှုအတွက် အိမ်ရာများရှိစေရေးရည်ရွယ်ချက်များ ဖြင့် ဘားအံစက်မှုဇုန်အနီးအိမ်ရာစီမံကိန်းတွင်အိမ်ခန်းပေါင်း ၂၅၆၀ တည်ဆောက်မည်ဖြစ်ကြောင်း မိတ်ဆက်ရှင်းလင်းပွဲကို ဩဂုတ် ၃၁ရက်က ဇွဲကပင်ခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ကရင်ပြည်နယ်ခေတ္တဝန်ကြီးချုပ် ဦးစောဝင်းထိန်က အဖွင့်အမှာစကားပြောကြားရာတွင် အိမ်ရာစီမံကိန်းတည်ဆောက်ခြင်းကြောင့် ကျေးလက်နှင့်မြို့ပြများ ပါမကျန် ပြည်သူများ နေထိုင်ရေးအဆင်ပြေမည့်အပြင်လက်ရှိလည်ပတ်နေပြီဖြစ်သော ဘားအံစက်မှုဇုန်အနီးတွင်ရှိသောကြောင့် ပြည်သူများ၏ လူမှုစီးပွားဘဝအတွက် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိနိုင်မည်ဖြစ်၍ အထောက်အကူပြုနိုင်မည်ဟု ထင်မြင်ယူဆကြောင်း ပြောကြားခဲ့သည်။

အဆိုပါရောင်းချမည့် အိမ်ရာများကို ဘားအံ စက်မှုဇုန်အနီးရှိ မြေဧက ၂၀ပေါ်တွင်တိုက်ခန်းပေါင်း ၂၅၆၀ ကို နှစ်နှစ်ကာလအတွင်းတည်ဆောက်မည်ဖြစ်ပြီး တိုက်ခန်းတစ်ခန်းလျှင် တန်းဖိုးကျပ် ၁၀၈ သိန်းနှင့် နှစ် ၃၀ အရစ်ကျငွေချေစနစ်ဖြင့်တစ်လလျှင်ကျပ်သုံးသောင်းလစဉ် ပေးသွင်းရမည်ဖြစ်ကြောင်းနှင့်လက်ငင်း စနစ်ဖြင့် ဝယ်ယူပါကတစ်ခန်းလျှင် ကျပ်သိန်း ၈၀ ဖြစ်ပြီး အရစ်ကျစနစ်တွင်တစ်ဆင့်ပြန်လည်ရောင်းချလိုသူများအတွက် တစ်လုံးတစ်ခဲပေးချေပြီးမှ ရောင်းချခွင့်ရမည်ဖြစ်ကြောင်းတာဝန်ရှိသူများထံမှ သိရသည်။

**နေမျိုးလွင် (ပြန်/ဆက်)**

# စပါးစိုက်ချိန် စိုက်ပျိုးစရိတ်ချေးငွေမရရှိသေး၍ လယ်သမားများအခက်တွေ့

**ရွှေဘို စက်တင်ဘာ ၄**
စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်၌ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ကျေးရွာအုပ်စုလိုက် စိုက်ပျိုးစရိတ်ချေးငွေများ ရာခိုင်နှုန်းပြည့်နီးပါး ထုတ်ချေးပြီးသော်လည်း ကျေးရွာအုပ်စုတစ်ခုတွင် စက်တင်ဘာလဆန်းအထိ မိုးစပါးစိုက်ပျိုးပြီးစီးလုနီးပါးဖြစ်သော်လည်း စိုက်ပျိုးစရိတ်ချေးငွေလုံးဝမရရှိသေး၍ လယ်သမားများ စိုက်ပျိုးစရိတ် အခက်တွေ့နေကြောင်း လယ်သမားများကပြောသည်။

အဆိုပါဒေသခံ လယ်သမားတစ်ဦးဖြစ်သူ ကန်သစ်ကျေးရွာမှ ဦးမျိုးလင်းက "မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ကျေးရွာအုပ်စုအလိုက် စိုက်ပျိုးစရိတ်ချေးငွေတွေ ရာခိုင်နှုန်းပြည့်နီးပါး ထုတ်ချေးပြီးသွားပြီလို့ သိရပါတယ်။ ကျွန်တော်တို့ ကျေးရွာအုပ်စုနဲ့ တခြားကျေးရွာအုပ်စုတစ်စု၊ နှစ်စုလောက်သာ စိုက်ပျိုးစရိတ်ချေးငွေ လုံးဝမရရှိသေးပါဘူး။အခုစက်တင်ဘာလဆန်းအထိ မိုးစပါး စိုက်ပျိုးပြီးစီးလုနီးမှာ စိုက်ပျိုးစရိတ်ချေးငွေလုံးဝမရရှိသေးလို့ လယ်သမားစိုက်ပျိုးစရိတ်အခက်တွေ့နေပါတယ်။ ဒါကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများက လယ်သမားတွေ စိုက်ပျိုးစရိတ်အခက်တွေ့နေမှုကိုကူညီဖြေရှင်းပေးစေလိုပါတယ်"ဟု ပြောသည်။

အထက်ပါကျေးရွာအုပ်စု စိုက်ပျိုးစရိတ်ချေးငွေ လုံးဝမရရှိသေးမှုနှင့်ပတ်သက်၍ ခင်ဦးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ ဆက်သွယ်မေးမြန်းကြည့်ရာ တာဝန်ရှိသူတစ်ဦးက " ဒီအုပ်စုက စိုက်ပျိုးစရိတ်ချေးငွေကို အုပ်စုလုံးကျွတ် တာဝန်ကျေအောင် ပြန်လည်ပေးဆပ်ခြင်း မရှိသေးပါဘူး။ ဒါပေမယ့် တာဝန်ကျေတဲ့ လယ်သမားတွေ မနစ်နာစေဖို့ တာဝန်ကျေတဲ့ လယ်သမားတွေရဲ့ ငွေချေးအမှုတွဲနဲ့ တင်ပြတောင်းခံမယ်ဆိုရင် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးနေပါတယ်။

"တာဝန်သိစွာနဲ့ စိုက်ပျိုးစရိတ်ချေးငွေတွေ ပြန်လည်ပေးဆပ်ကြတဲ့ လယ်သမားတွေကို နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ အမြန်ဆုံး ထုတ်ချေးလျက်ရှိပါတယ်။ ကျေးရွာအုပ်စုတစ်စုလုံးမှာ တာဝန်ကျေတဲ့ ကျေးရွာအုပ်စုတွေကို ဦးစားပေးပြီး စိုက်ပျိုးစရိတ်ချေးငွေတွေကို ထုတ်ချေးလျက်ရှိပါတယ်။

"ကျွန်မတို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနဲ့ ဗဟိုဘဏ်တို့ရဲ့ ညွှန်ကြားချက်အတိုင်း စိုက်/ဘဏ်ဥပဒေနဲ့အညီ ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်မတို့မြို့နယ်၌ စိုက်ပျိုးစရိတ်ချေးငွေ အရပ်ရပ်မှာ အကြွေးကျန် စုစုပေါင်း ငွေကျပ်သိန်းပေါင်း ၁၉၂၅၆ သိန်း ရရန်ရှိနေလို့ လယ်သမားကလည်း တာဝန်သိတတ်မှု လိုအပ်နေပါတယ်" ဟု ပြောပြသည်။

**ရောင်နီတင်ဝင်း**

# မြစ်ရေကြီးခြင်းသတိပေးချက်များပြည်သူများသိရှိရန် ကြေညာချက်ထုတ်ပြန်

**မော်လိုက် စက်တင်ဘာ ၄**
စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ် မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနတို့ ပူးပေါင်း၍ စက်တင်ဘာ ၁ ရက် ညနေ ၄ နာရီခွဲက မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ နေပြည်တော်မှ ထုတ်ပြန်ပေးသည့် မြစ်ရေကြီးမှု သတိ ပေးချက်များအား ပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိစေရန် (၁၂ x ၄)ပေ မြေစိုက်ဘုတ်၊ အလူမီနီယံ မြေစိုက်ဘုတ်၊ ရုံးတွင်းနံရံပြဘုတ်နှင့် လူစည်ကားသည့် လက်ဘက်ရည်ဆိုင်စသည့် နေရာလေးခုတွင် သတိပေးချက်များ ထုတ်ပြန်ကြေညာပေးခဲ့သည်။

ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌလမ်းညွှန်မှုဖြင့် ခရိုင်/မြို့နယ် ဌာနဆိုင်ရာများမှကလည်း ချင်းတွင်းမြစ်ကမ်းပါးတစ်လျှောက်ကို စက်လှေများဖြင့် သွားရောက်ကာ ချင်းတွင်းမြစ်ရေသတိပေးချက်များအား အသံချဲ့စက်များဖြင့်လိုက်လံသတိပေး နှိုးဆော်ခဲ့သည်။

စက်တင်ဘာ ၂ ရက် နံနက်ပိုင်း တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့၏ စိုးရိမ်ရေမှတ်အောက် ၁၂၀၈ စင်တီမီတာသို့ ရောက်ရှိနေကြောင်းနှင့် မိုးရေချိန်မှာ ၃ဒသမ ၀၇လက်မရှိကြောင်း မြို့နယ်မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနမှ တာဝန်ခံတစ်ဦးကပြောသည်။

**မော်လိုက်သားလေး**



# ကျောင်းများတွင် သွားတိုက်တံနှင့် သွားတိုက်ဆေးများလှူ

**စစ်တွေ စက်တင်ဘာ ၄**
စစ်တွေမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဒုတိယတန်းကျောင်းသား၊ ကျောင်းသူလေးများအား စနစ်တကျ သွားတိုက်တတ်စေရန် လေ့ကျင့်ပေးရေးအတွက် စစ်တွေမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး (ငြိမ်း) ဒေါက်တာကျော့သာစိန်နှင့် အလှူရှင်များက ငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ သွားတိုက်တံ၊ သွားတိုက်ဆေးဘူးများကို ဩဂုတ် ၃၁ ရက် မွန်းလွဲ ၁ နာရီတွင် စစ်တွေမြို့နယ် ပညာရေးမှူးရုံး၌မြို့နယ် ပညာရေးမှူး ဦးသန်းကျော်ထံ ပေးအပ်လှူဒါန်းခဲ့သည်။

**ဇော်နိုင်ထွန်း (IPRD)**

# ညောင်တုန်းစွန်တနီးကျေးရွာရှိရေဘေးသင့်များအားလှူဒါန်း

**ညောင်တုန်း စက်တင်ဘာ ၄**
ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်ရှိ စွန်တနီးကျေးရွာအုပ်စု စွန်တနီးကျေးရွာရှိ ရေဘေးသင့်အိမ်ထောင်စု ၂၁၄ စုအတွက် အစားအသောက်၊ အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများကို ပထမနဂါးငွေ့တန်းကုမ္ပဏီလီမိတက်၊ မြန်တိုးခရီးသွားကုမ္ပဏီလီမိတက် မိသားစုများနှင့် စေတနာရှင်များက ရေဘေးသင့်အိမ်ထောင်စုများရှိရာသို့ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ လှူဒါန်းပစ္စည်းများမှာ ဆန်၊ ဆီ၊ ရေသန့်ဘူး၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာ၊ ဆေးဝါးများ၊ အဝတ်အထည်များနှင့် သံဃာတော်များအတွက် သင်္ကန်းများဖြစ်ပြီး စုစုပေါင်းတန်ဖိုး ကျပ်သိန်း ၁၀၀ ကျော်ဖိုး ဖြစ်သည်။

**ကြေးမုံ**




## ငှားရန်ရှိသည်

လှိုင်မြို့နယ်၊ ခပေါင်းလမ်းရှိ RC နှစ်ထပ်တိုက်(I)လုံးနှင့် RC တစ်ထပ်တိုက်(II)လုံး ငှားရန်ရှိပါသည်။
- မြေဧက(၀. ၃)ဧကနှင့် အဆောက်အအုံအကျယ်အဝန်း(7200)Sqft ရှိပါသည်။
- Master Bed Room (၈)ခန်း(အဆင့်မြင့်ပြင်ဆင်ပြီး)
- Aircon (၁၄)လုံး၊
- ဖုန်း၊ ရေ၊ မီး(မီးစက်အပါ)

(ရုံးခန်းဖွင့်ရန်၊ နိုင်ငံခြားသားများနေထိုင်ခြင်းနှင့် ရုံးခန်းတွဲဖွင့်ရန်အတွက် အလွန် ကောင်းမွန်သောနေရာဖြစ်ပါသည်။)

ဆက်သွယ်ရန်
**Ph:09-8302000, 09-8302888, 09-8303888**

## English Speaking

UK ပြန် ဆရာတစ်ဦးသည် English စကားပြောကို အခြေခံမှစ၍ ကောင်းစွာပြောဆိုနိုင်သည်အထိ အိမ်အရောက်လိုက်သင်ပေးပါသည်။ ဆရာဂျင်မီ
**Ph:09-5170895, 09-791301312**

☎:01512443, 0973017656, 093238086




ရွှေဘိုပေါ် ဆန်းမွှေး
ကောင်းကောင်းလေး
ရပါပြီ
သန့်ခင်ပြုံး / အရောက်ပို့

## SEVEN ဝ

မြေကွက်ရောင်းဝယ်ရေး

SEVEN ဝ

Ph: 09 - 33 333 511, 09-33 333 514, 09-33 333 644

**အမည်ပြောင်း**
အထက(၂)နေပြည်တော် နဝမတန်း(A)၌ ပညာသင်ကြားနေသော အဖ ဦးတင်မင်း၏ သမီး မဆုမြတ်နိုးအား မထွန်းအိန္ဒြာလင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။
မထွန်းအိန္ဒြာလင်း

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မော်လမြိုင်မြို့၊ လှိုင်နယ်မြေ၊ အေးသာယာရပ်၊ အမှတ်(၁၃၁)နေ ဖခင် ဦးဝင်းနိုင်ဦး [၁၀/ပမန(နိုင်)၀၆၂၅၂၇]၊ မိခင် ဒေါ်ကြည်ကြည်နိုင်[၁၀/ပမန(နိုင်)၀၆၂၅၂၆]တို့၏သား မောင်ထွန်းမြင့်အောင်[၁၀/မလမ(နိုင်)၂၃၀၉၆၆]ကိုင်ဆောင်ထားသူသည် မိဘများ ဆိုဆုံးမစကားနားမထောင်ခြင်း၊ အကြိမ်ကြိမ် မိဘစိတ်ဆင်းရဲအောင် ပြုလုပ်သဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းမည် မဟုတ်ကြောင်း။

**(ဖခင်)ဦးဝင်းနိုင်ဦး၊ (မိခင်)ဒေါ်ကြည်ကြည်နိုင်**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တည်ဆောက်ရေးလုပ်ငန်းများရှိ စက်ယန္တရားများတွင် အသုံးပြုရန်လိုအပ်သော အောက်ပါစက်အရန် ပစ္စည်းများကို အမေရိကန်ဒေါ်လာဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | Country of Origin | မှတ်ချက် |
|---|---|---|---|---|
| ၁။ | Spare Parts for CIFA Batching Plant | 1Lot | Italy | CIF(Yangon) |
| ၂။ | Spare Parts for Excavator | 1Lot | Japan | CIF (Yangon) |

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၇-၉-၂၀၁၅ ရက်
၃။ တင်ဒါပိတ်မည့်ရက် - ၆-၁၀-၂၀၁၅ ရက်
၄။ တင်ဒါပိတ်မည့်အချိန် - ၁၆း၀၀ နာရီ
၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန တည်ဆောက်ရေးပစ္စည်းများ စိစစ်ရွေးချယ်ဝယ်ယူရေးအဖွဲ့
စက်မှုဌာနခွဲ၊ လမ်းဦးစီးဌာန၊ ရုံးအမှတ်(၁၁)ဝင်း၊ နေပြည်တော်။
ဖုန်း-၀၆၇-၄၀၇၀၇၆၊ ၀၉-၈၆၁၁၆၂၉၊ ၀၉-၄၃၁၈၆၂၅၁၊ ၀၉-၈၆၃၆၁၈၅

## Amazing Time Travels & Tours

အမှတ် ၁၃၉၊ ဒုတိယထပ်၊ ... ရန်ကုန်
ဖုန်း 012304785 ၊ 0973211907
0973120852 ၊ 09 43064845

ဗုဒ္ဓဂယာ အဆင့်မြင့်ခရီး(ဟိုတယ်တည်းခို) (နိုဝင်ဘာတွင် အဆင့်မြင့် ရက် ခရီးစဉ် ရှိပါသည်)
သာဝတ္ထိ+နန်ယုဂဒ္ဓနာ+အဝိဗဟိဓ ဂုဓာန+ နယုးဒေလီ၊ တပ်ချုံမဟာ **15.10.2015**
*ညစဉ် ဟိုတယ်တွင် သီးသန့် တည်းခိုရမည်။ ရေချိုးခန်းအိမ်သာတန်းစီစရာမလို၊ အဆင့်မြင့်စားသောက်ဆိုင်၊ ဟိုတယ်များတွင် ကျွေးမွေးပါမည်။*(ရက်တစ်သိန်း ပေးသွင်းယုံဖြင့် စာရင်းသွင်းနိုင်ပါပြီ။ ၁၀.၁၀.၁၅ မတိုင်မီ စာရင်းသွင်းသူများအတွက် အထူးနှုန်း ရှိပါသည်)


ဝါကျွတ် ခရီးစဉ်များ။ 4*Hotel All included

| | | | | | |
|---|---|---|---|---|---|
| ကိုရီးယား (ဂျူး - ဆိုလ်း) | ၆ရက် | 1500 USD | စင်ကာပူ၊ မလေးရှား | ၆ရက် | 890 USD |
| ပြင်သစ်၊ဆွီဇာလန်၊အီတလီ | ၁၀ရက် | 3900USD | ဘူတန် | ၆ရက် | 2300 USD |
| ချက်၊ဟန်ဂေရီ၊ပိုလန် | ၉ရက် | 3500 USD | ဒူဘိုင်း ၊ အဘူဒါဘီ | ၆ရက် | 2125 USD |

## ထူးချွန် ပထဝီဝင် အခြေခံပညာအဋ္ဌမတန်း
မြေပုံအဆင့်ဆင့်ရေးဆွဲနည်းလမ်းညွှန်
ဓမ္မဓိဋ္ဌာန်နှင့် စံပြအဖြေများ
မြေပုံများကို လက်ရေးမူအတိုင်းရေးဆွဲထားပါသည်။

ပြည့်ဝကျော် စာပေ
အမှတ်(၄၅၆)၊ ရွှေဘုံသာလမ်း (အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ၀၁-၃၈၅၁၇၉၊ ၀၉-၇၃၀၂၅၉၂၉

## ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော
MECHINICAL CAR PARKING




အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။

City Mart Ocean YKKO Since 1988

SCRATCH & WIN!




City Mart Supermarket နှင့် Ocean Supercenter မှာ ကျပ် ၂၀၀၀၀ ဖိုး နှင့်အထက် စျေးဝယ်ပြီး YKKO ရဲ့ ခြစ်ကတ်စမ်းမဲ အစီအစဉ်မှာ ပါဝင်ဆင်နွှဲကြရအောင်!

PROMOTION ကာလ
3 - 30 SEPT 2015

သခိုင်း City Mart (ရန်ကုန်)
တောင်ဒဂုံ City Mart (ရန်ကုန်)
၁၉ လမ်း City Mart (မန္တလေး)
ဥတ္တရသီရိ Ocean (နေပြည်တော်)

ပထမဦးဆုံး မြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏ အရည်အသွေးပြည့်မီကြောင်းထောက်ခံချက်ရရှိထားသည့်

## နေရာတိုင်းဆောင်ထား

- အရောက်ပို့
- တပ်ဆင်
- ရှင်းပြ

Rain Flower

3 Years




ကြည့်မြင်တိုင်
ဖုန်း -၀၉-၇၃၁၀၀၈၉၀
-၀၉-၇၃၁၀၀၈၉၁
မြောက်ဥက္ကလာပ
ဖုန်း -၀၉-၇၃၁၅၄၆၇၀
၉-မိုင်၊ ပြည်လမ်း
ဖုန်း -၀၉-၄၃၀၄၉၃၅၆
ပေါက်တောဝ၊ အင်းစိန်
ဖုန်း -၀၁-၆၄၃၇၅၈
-၀၉-၇၃၁၂၆၀၅၇
-၀၉-၃၁၄၇၁၆၅၄
နေပြည်တော်
ဖုန်း -၀၉-၄၉၂၀၈၈၈၀
-၀၉-၃၁၁၃၆၂၆၁
မန္တလေး
ဖုန်း -၀၉-၄၂၀၀၈၈၄၂၂
-၀၉-၆၅၀၀၄၁၃

ဆရာဖေမြင့်၊ ဒေါက်တာခင်မောင်ညို တို့၏အမှာစာနှင့်
## နီမင်းဆွေ ၏ တံတားထိုးပါ အုတ်တံတိုင်းမကာပါနဲ့
The Daily ELEVEN နေ့စဉ်သတင်းစာတွင် အပတ်စဉ်ဖော်ပြပါရှိခဲ့သော
အတွေးရသ ရုပ်ရှင်ဆောင်းပါးများ

ထွက်ပြီ။

တန်ဖိုး- ၃၀၀၀

ဖြန့်ချိရေး - လင်းလွန်းခင် စာပေ
ဖုန်း - ၀၉-၂၂၀ ၁၇၃၀၊ ၀၉-၂၅၄ ၅၅၀၈၆၃၊ ၀၉-၄၂၀ ၂၅၉၃၇၂။


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၄/တောင်၊ မြေကွက်အမှတ်-၇၉၇/ခ၊ မြေကွက်တည်နေရာအမှတ်(၇၉၇/ခ)၊ အောင်သစ္စာ(၅)လမ်း၊ ၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ၁။ဦးစိန်ဝမ်း(CF-၀၆၈၀၈၈)၊ ၂။ဒေါ်သန်းမြင့်[၁၂/သကတ(နိုင်)၀၇၆၁၆၃]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် တစ်ဦးဖြစ်သူ ဒေါ်သန်းမြင့်(ဇနီး)ကွယ်လွန်သဖြင့် ကျန် အမည်ပေါက်ခင်ပွန်းဖြစ်သူ ဦးစိန်ဝမ်း(CF-၀၆၈၀၈၈)မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၄/တောင်၊ မြေကွက်အမှတ်-၇၉၈/က-ခ၊ မြေကွက်တည်နေရာအမှတ်(၇၉၈/က-ခ)၊ အောင်သစ္စာ(၅)လမ်း၊ ၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ၁။ ဦးစိန်ဝမ်း(CF-၀၆၈၀၈၈) ၂။ ဒေါ်သန်းမြင့်[၁၂/သကတ(နိုင်)၀၇၆၁၆၃]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် တစ်ဦးဖြစ်သူ ဒေါ်သန်းမြင့်(ဇနီး) ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် ခင်ပွန်းဖြစ်သူ ဦးစိန်ဝမ်း(CF-၀၆၈၀၈၈)မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ကျောက်တော်မြို့နယ်၊ သရက်တပင်ကျေးရွာ အထက၊ တက္ကသိုလ်ဝင်တန်း(C)မှ မောင်ဝင်းမိုးဟိန်း၏ဖခင်အမည်မှန်မှာ ဦးမောင်အုံးမြင့်[၁၁/ကတန(နိုင်)၀၅၈၇၃၄] ဖြစ်ပါကြောင်း။

# SUPER RICH MAN

We Sell Quality Products ရေကူးကန်ဆောက်လုပ်ရေးနှင့် ရေကူးကန်ပစ္စည်းအရောင်းခန်းမ




Email : richmanpool@gmail.com
Website : www.superrichmanpools.com
Facebook : www.facebook.com/superrichman
Showroom : အမှတ် (၂၉ / ဘီ) ၊ တောင်မြင်းပြိုင်ကွင်းလမ်း ၊ တာမွေ ။
☎ ၀၁-၄၀၁၅၁၈ ၊ ၀၁-၈၆၀၄၀၆၄ ၊ ၀၉-၇၃၁၅၇၁၀၄ ၊ ၀၉-၄၂၂၂၀၅၅၀၂ ၊ ၀၉-၂၆၁၄၄၇၀၂၉



ကျိန်းသေပေါက်အောင်မြင်စေရမည့်
**ကိုကောက်ရိုပ်** အဝေးသင်ဝိဇ္ဇာ
စာမေးပွဲပြင်ဆင်မှုသင်တန်းများ
စက်တင်ဘာ(၆)ရက်နေ့ တနင်္ဂနွေတွင်ဖွင့်မည်
တနင်္ဂနွေတစ်ရက်တည်း နံနက်(၇)နာရီခွဲမှ (၁၁)နာရီခွဲအထိ သင်တန်းကြေး (၄၀၀၀၀)ကျပ်
အနီကပ်တက်ရန် ၅ရက်အလိုတွင်နေ့စဉ်ရက်ဆက်ထပ်မံသင်ကြားသည်
အမှတ်(၂၉၄)၊ တတိယထပ်၊ ကျိုက္ကဆံလမ်း၊ တာမွေယာယီဈေးရှေ့၊ ပလိထိပ်မှတ်တိုင်၊ **0931340284**



အနီးဆုံးဖြစ်တဲ့ ကိုရီးယားအလုပ်ခွင် Professional
ကျွမ်းကျင်သင်တန်းကျောင်း Better Tomorrow
**EPS-TOPIK**
(ကိုရီးယားဘာသာစကားအရည်အချင်း စစ်စာမေးပွဲ)
ပညာအရည်အချင်းမလိုတဲ့
သင်လည်းကိုရီးယားမှာ ပိုက်ဆံရှာဖို့ သွားကြစို့
* လစာ(၁၈)သိန်းဝန်းကျင် ရရှိနိုင်သော အာမခံချက်
* မြန်မာစကား ကျွမ်းကျင်စွာ ပြောနိုင်သော ကိုရီးယားလူမျိုး ဆရာ Kim ကိုယ်တိုင်ရဲ့ သင်ကြားပို့ချချက်များ
* ကိုရီးယားဘာသာစကားကို လုံးဝမတတ်သူများအတွက် အခြေခံမှစ၍ စာမေးပွဲ အောင်မြင်သည်အထိ တာဝန်ယူသင်ကြားပေးနေပါသည်။
* တန်းခွဲသစ်များ (၇-၉-၂၀၁၅) ရက်နောက်ဆုံးထား၍လက်ခံပေးနေပါသည်
တွေဝေမနေဘဲ အရင်ဆုံးဖုန်းဆက်ပြီး
တိုင်ပင်ဆွေးနွေးကြည့်ပါ။
လိပ်စာ - အမှတ် (B/30) ပထမထပ်၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း
ဖုန်း - ၀၁ ၅၁၂၈၀၄ ၊ ၀၉-၃၀၀၉၃၅၉၂ ၊ ၀၉-၇၉၅၈၃၂၀၀
ပူဇွန်တောင်ဖုန်း - ၀၁-၃၉၃၅၀၂ ၊ ၀၉-၅၁၅၀၅၈၂ ၊



The 2nd International Processing & Packaging Exhibition for Myanmar
ဒုတိယအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ထုတ်လုပ်ခြင်း နှင့် ထုပ်ပိုးခြင်းဆိုင်ရာပြပွဲ

Total Processing & Packaging Solutions
Food Drink Pharma



PROPAK MYANMAR 2015
Including: National Conference on Food Industries Development
24-26 SEPTEMBER 2015
Myanmar Event Park (MEP), Yangon, Myanmar
Visit
The 2nd international processing and packaging technology trade event for Myanmar's food, drink and pharmaceutical industries
Including:
- 170 Exhibitors from 18 countries
- 4 International Pavilions from China, Singapore Taiwan and Thailand
- Industry Conferences & Seminars

Visitor pre-registration at
www.propakmyanmar.com
Information Hotline Contact: U Htet Wai Zaw, Tel: +95-1 513 515-519
Email: marketing@informationmatrix.com
Supported by: MFPEA, MIA, FoSTA
Organised by: BES, Allworld, Bangkok Exhibition Services Ltd.



ဗိတိုရိယ ဆေးရုံ
Victoria Hospital

High Tech ENT Head & Neck Surgery
ONE STOP SOLUTION

မလေးရှားနိုင်ငံမှ
နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်း
အထူးကုပါမောက္ခဆရာဝန်ကြီး၏ ခွဲစိတ်ကုသပေးမည့် စက်တင်ဘာလအစီအစဉ်

- အသံဝင်ခြင်းနှင့် အသံကြိုးတွင် အသီးထသောရောဂါများကို Laser ဖြင့် ခွဲစိတ်ကုသပေးခြင်း။
- နားလေးရောဂါများကို Cochlear Implant နှင့် Bone Conduction Implant များ ခွဲစိတ်တပ်ဆင်ပေးခြင်း။
- နှာခေါင်းရောဂါများကို တီဗွီမှန်ပြောင်းဖြင့် အကျစိတ်ခွဲစိတ်ကုသပေးခြင်း။

(၁၈.၉.၂၀၁၅)တစ်ရက်တည်းသာပြင်ပလူနာကြည့်ရှုပေးမည်ဖြစ်ပါသည်။
လူဦးရေအကန့်အသတ်ရှိပါသည်။

ကြိုတင်စိစစ်မှုများပြုလုပ်ရန် လိုအပ်ပါသဖြင့်
(စက်တင်ဘာလ ၁၄ ရက်) မတိုင်မီ စာရင်းပေးသွင်းရမည်ဖြစ်ပါသည်။

အမှတ် (၆၈)၊ တော်ဝင်လမ်း၊ (၉)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
Website : www.victoriahospitalmyanmar.com
Facebook : www.facebook.com/WitoriyaGeneralHospital
နား၊ နှာခေါင်း၊ လည်ချောင်းဌာန +95 1 9666141 Ext : 7065

## ဆိုင်သစ်ဖွင့်ပွဲ မင်္ဂလာဝမ်းမြောက်လွှာ

မြန်မာ့ရတနာလောကကြီး၏ အကြီးကျယ်ဆုံး အခမ်းနားဆုံး ကမ္ဘာ့အဆင့် Forever Gems By ရွှေနန်းတော် J ewellery Centre ၏ အသစ်ထပ်မံဖွင့်လှစ်လိုက်သော Myanmar Plaza (Vietnam HAGL Group)၏ ဆိုင်သစ်ဖွင့်ပွဲအား လှိုက်လှဲဝမ်းမြောက်စွာဖြင့် ကြိုဆိုဂုဏ်ပြုအပ်ပါကြောင်း။

ဒေါ်သန်းသန်းဝင်း၊ ဦးဖြိုးအောင်-ဒေါ်စန်းစန်းအေး
ဦးသောင်းမြင့်-ဒေါ်ခင်ခင်



## ဖြူးဆရာတော်ကြီး၏တပည့်ကြီး ဖြူးမဟာစည်ဆရာတော် ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရ၏ အထူးတရားပွဲ

ဖြူးမဟာစည်သာသနာ့ရိပ်သာများနှင့် ရတနာစိန်စည် ပရိယတ္တိစာသင်တိုက်တို့၏ ပဓာနနာယက၊ ဆရာတော် ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရ(နိုင်ငံတော် ဓမ္မကထိကဗဟုဇနဟိတဓရ)ပြည်တွင်း၊ ပြည်ပ မဟာစည်နာယက၊ ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ M.A,Ph.D၊ သာသနာပြုနယ်လှည့်ဓမ္မကထိကအရှင်သူမြတ်သည် ၃၀-၈-၂၀၁၅ဖြူးချောင်းစီမံကိန်းဝင်း ဆည်မြောင်းဌာန၊ ဖြူးမြို့နယ်၊ ၇-၉-၂၀၁၅ အိမ်တော်ရာဘုရားဝင်း၊ မန္တလေးမြို့၊ ၁၃-၉-၂၀၁၅ ဘန်ဘွေးကုန်းရွာ၊ အုတ်တွင်းမြို့နယ်၊ ၂၁-၉-၂၀၁၅ မနုဟာဘုရားပွဲ၊ မြင်းကမ္ဘာရွာ၊ ပုဂံမြို့၊ ၂၈-၉-၂၀၁၅ စန်းမြသီတာမဟာစည်သာသနာ့ရိပ်သာ၊ မုံရွာမြို့၊ ၆-၁၀-၂၀၁၅ ကျိုက္ကဆံဘုရားဓမ္မာရုံ၊ ရန်ကုန်မြို့၊ ၁၃-၁၀-၂၀၁၅ ဓမ္မရက္ခိတဖြူးမဟာစည် သာသနာ့ရိပ်သာ၊ ရန်ကုန်မြို့၊ ၂၁-၁၀-၂၀၁၅ ခေမာသီဝံမဟာစည်ပရိယတ္တိစာသင်တိုက်၊ ရွာတန်းရှည်ရွာ၊ ဖြူးမြို့နယ်၊ ၂၈-၁၀-၂၀၁၅ မဟာစည်သာသနာ့ရိပ်သာ၊ ဖြူးမြို့တို့၌ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဟောကြားချီးမြှင့်ပေးမည်ဖြစ်ပါသည်။ ဆရာတော်၏ တရားပွဲများကို ပင့်လျှောက်လိုပါက-

**ဖုန်း-၀၉-၅၃၉၀၄၁၇၊ ၀၁-၅၃၀၀၆၈၊ ၀၁-၅၃၀၁၁၃၊ ၀၅၄-၄၀၇၇၁၊ ၀၅၄-၄၀၀၁၂၊ ၀၉-၅၀၅၆၁၀၇ ၀၉-၂၅၀၂၁၄၉၇၇၊ ၀၉-၂၅၁၆၉၉၆၇၉ သို့ဆက်သွယ်ပင့်လျှောက်နိုင်ပါသည်။**



### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ မြန်မာယန်စီကြေးနီကုမ္ပဏီလီမိတက်၏ ဒုန်းတောဂုဏ်တော၊ဆည်ထန်းတောကြီး၊ရေကြည်ပင်နှင့်ရွာသာကျေးရွာများတွင် တိုးချဲ့လျှပ်စစ်မီးလိုင်းများ တည်ဆောက်လုပ်ရန်အတွက် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါခေါ်သွင်းနိုင်ပါသည်။

၂။ တင်ဒါရောင်းချမည့်ရက် -(၇-၉-၂၀၁၅) ရက်မှစတင်ပြီးငွေစာရင်းဌာနတွင်ဝယ်ယူနိုင်ပါသည်။
(တင်ဒါတင်သွင်းမည့်စာရွက်တန်ဖိုး -၅၀၀၀ဝိ- ကျပ် )

၃။ တင်ဒါတင်သွင်းရမည့်ရက် - (၁၄-၉-၂၀၁၅) ရက် ညနေ ၄း၀၀ နာရီအထိနောက်ဆုံး။
(တင်ဒါတင်သွင်းမည့် အချက်အလက်များကို အင်္ဂလိပ်ဘာသာဖြင့်ရေးသားတင်သွင်းရမည်။)

၄။ အိတ်ဖွင့်တင်ဒါတင်သွင်းရ မည့်နေရာ - မြန်မာယန်စီ ကြေးနီကုမ္ပဏီလီမိတက်၊ ဆားလင်းကြီးမြို့နယ်

၅။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ အသေးစိတ်သိရှိလိုပါက Supply ဌာန၊မြန်မာယန်စီကြေးနီကုမ္ပဏီလီမိတက် ၊
ဆားလင်းကြီးမြို့နယ်၊ Phone :09-795280304
Email: supply@yangtse.com.mm သို့တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးကော်မတီ
မြန်မာယန်စီ ကြေးနီကုမ္ပဏီလီမိတက်



အိုးမွှားယန်းအင်း
ပညာရေးဝန် ဆောင်မှုလုပ်ငန်း
09-73009869
09-73013432
09-73028433

ပထမနှစ်မှနောက်ဆုံးနှစ်ထိ
အဝေးသင်
စီးပွားရေး နှင့် ဝိဇ္ဇာတွဲမေဂျာစုံ
တန်းခွဲများအားလုံးကျောင်းအပ်လက်ခံပြီ။ (၉)လပိုင်း လဆန်းစမည်။





အချိန်အခါကောင်းရွေးပြီးမဲဆန္ဒပေးရမှာလား...

8 ရက် ပြဿဒါးနဲ့ ဗေဒင်ဆရာရဲ့ မဲ 1 ပြား

ဝင်းဖော် (သစ်တော)

ပစ္စည်း၊ ဥစ္စာဓန အလိမ်ခံရတာထက် .....
ယုံကြည်မှုကို အလိမ်ခံရတာ ရင်နာဖို့ ကောင်းတယ် .....

ဂျာနယ်တွေ၊ သတင်းစာတွေဟာ မိမိတို့ကြိုက်နှစ်သက်တဲ့ နိုင်ငံရေးသမားတွေနဲ့ မိမိလိုလားတဲ့ ပါတီကို မျက်နှာသာပေး ဖော်ပြနေတာဟာ ပြည်သူလူထုရဲ့ သဘောထားကို မိမိသဘောထားနဲ့ အစားထိုး ဖော်ပြနေတဲ့ စာနယ်ဇင်း အကျင့်ဆိုးပဲ

မရမ်းတလင်းစာပေ၊ အမှတ် (၁၄) ကျောက်ရေတွင်းလမ်း၊ ကျောက်မြောင်း။ ဖုန်း - 01-543297 ၊ 09 7300 2965



Building a Brighter FUTURE
Since 2007
VALUESTAR
EDUCATION CENTRE

• Human Resource Management
တနင်္ဂနွေနေ့ (နံနက် ၇း၀၀ မှ ၉း၀၀ ထိ) ၁၃.၉.၂၀၁၅ စမည်။

• Financial Management
ကြာသပတေးနေ့ (ညနေ ၆း၀၀ မှ ၈း၀၀ ထိ) ၁၀.၉.၂၀၁၅ စမည်။

09-5043580, 5200547, 09-450001145










**သီတာဂူရွှေမြည်ဟိန်း ကျေးဒါနဆေးရုံ စက်တင်ဘာလ ၁၂-၁၃၊ (၅၁)ကြိမ်မြောက် မျက်စိခွဲစိတ်ကုသခြင်းအလှူဒါနမင်္ဂလာ**

ဩဂုတ်လ(၁၅)ရက် (၅၀)ကြိမ်အထိ မျက်စိဝေဒနာရှင် ဦးရေ(၆၄၃၀)ပြည့် အလင်းဒါနပြုလုပ်ပြီးဖြစ်ပါသည်။ စက်တင်ဘာလ (၁၂၊ ၁၃)ရက်တွင် ၅၁-ကြိမ်မြောက် မျက်စိခွဲစိတ် အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင်(၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀၀/-ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူက ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - **သီတဂူ ရွှေမြည်ဟိန်း ကျေးဒါနဆေးရုံ၊ ရွှေမြည်ဟိန်းကျောင်း မြည်သာယာ၊ ရန်ကင်း၊** (ကျိုက္ကဆံစေတီပါဝင်။ တာမွေလေး။ သံလမ်းအနီး) ဖုန်း- ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉ ရွှေဝိုင်တိုင်ကမ္ဘာ့ဘဏ် အခွင့်စစေသော... (AccountNo.00750100701690301) ဘဏ်စာရင်းသို့ နိုးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

## "မွေးနေ့ဆုတောင်းလွှာ"

မိုးကောင်းကင်ရင်ခွင်တွင်း၌မိသားစုကိုနွေးထွေးချမ်းမြေ့အောင်မေတ္တာတရားတို့နှင့်ခြုံလွှမ်းပေးထားပါသော

"ကောင်းကင်မေမေ ဒေါ်ခင်ထွေးရီ"

(FOREVER STORE - ဗိုလ်ချုပ်ဈေး နှင့် ဝင်းသီတဂူမိသားစု) ၏

(၇.၉.၂၀၁၅) တနင်္လာနေ့ရက်တွင်ကျရောက်မည့် (၅၂) နှစ်ပြည့်မွေးနေ့ရက်မြတ်မှသည်

နောင်နှစ်တစ်ရာတိုင်ချမ်းမြေ့ပျော်ရွှင်စွာဖြင့် လူမျိုး၊ ဘာသာ၊သာသနာ အကျိုးတို့အတွက် ဆတက်ထမ်းပိုးတိုး၍

ဒါန ကုသိုလ် ကောင်းမှု တို့ကိုစိတ်ဆန္ဒရှိသမျှပြုလုပ်လှူဒါန်းနိုင်ပြီး

ရည်သန်သည့် မြတ်နိဗ္ဗာန်သို့တက်လှမ်းနိုင်ပါစေကြောင်းမေတ္တာပို့ဆုတောင်းပေးအပ်ပါသည်။

your beloved precious mother

နေဝင်းလှိုင်၊ ထက်အောင်လှိုင်ဝင်း (I S M)

"ဝင်းစေတနာဖေါင်ဒေးရှင်း နှင့်ဝင်းသီတဂူမိသားစု"

WIN SAYTANAR FOUNDATION & WIN SITAGU FAMILY.

MIC Myanmar Imperial College



မြန်မာနိုင်ငံသားတို့အတွက် အောင်မြင်မှုတို့စုဝေးရာ

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများအတွက်

HND
Diploma in Business
Diploma in Advertising & Branding
Diploma in Hospitality & Tourism

BA
BA (Hons) Business & Management
BA (Hons) Marketing Management
BA (Hons) Tourism Management

မြန်မာနိုင်ငံ၏ အနာဂတ်စီးပွားရေးလုပ်ငန်းရှင်များအတွက်

MBA Master of Business Administration

DBA Doctor of Business Administration

September Intake!

09 732 10001 / 09 4211 00222

အမှတ် (၁) ဈေးမြောက်လမ်း၊ (ဦးဝိစာရအဝိုင်းအနီး)၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။


Grand Opening
သိန်းပေါင်း (1500) ကျော် ချီးမြှင့်ပေးမည့်
Lucky Draw Program
Forever Gems
by ရွှေနန်းတော်
MYANMAR PLAZA
@Myanmar Plaza (HAGL Group)
6-9-2015
(တနင်္ဂနွေနေ့)စတင်ဖွင့်လှစ်ပါပြီ
၂၀၁၅စက်တင်ဘာ (6) ရက်နေ့ မှ အောက်တိုဘာ (4) ရက်နေ့အထိ
Grand Lucky Draw Program
(၁) Toyota Corolla brand new ကား (၁) စီး
(၂) ၁၅ ကျပ်သား ရွှေဆွဲကြိုး (၁) ကုံး
(၃) ၁၀ ကျပ်သား ရွှေဆွဲကြိုး (၁) ကုံး
(၄) ၇ ကျပ်သား ရွှေဆွဲကြိုး (၁) ကုံး
(၅) ၅ ကျပ်သား ရွှေဆွဲကြိုး (၁) ကုံး
(၆) 52" LED TV (၂) လုံး
(၇) i phone 6+ (၅) လုံး ချီးမြှင့်ပေးမည်၊
အောက်တိုဘာ(၄)ရက်နေ့တွင် ကံထူးရှင် ရွေးချယ်ပေးပါမည်၊
ချက်ချင်းပေါက် ချက်ချင်းယူ မလာမပါ ကံစမ်းမဲ
(၁) ၅ ကျပ်သား ရွှေဆွဲကြိုး (၁) ကုံး
(၂) ၃ ကျပ်သား ရွှေဆွဲကြိုး (၃) ကုံး
(၃) ၂ ကျပ်သား ရွှေဆွဲကြိုး (၅) ကုံး
(၄) ၁ ကျပ်သား ရွှေဆွဲကြိုး (၁၀) ကုံး
(၅) ၅ မူးသားနှင့် ၄ ပဲသား ရွှေဆွဲကြိုး (၅၀) ကုံး
(၆) ၃ ပဲ၊ ၂ ပဲ နှင့် ၁ ပဲသား ရွှေလက်စွပ် (၃၀၀) ကွင်းနှင့်
4-9-2015 မှ 4-10-2015
နေ့စဉ်ကံထူးရှင်များကို ရွေးချယ်ချီးမြှင့်ပေးပါမည်
5% to 25% off
စုစုပေါင်း ရွှေသားကံစမ်းမဲ (၄၀၀) ဝန်းကျင်နှင့် တခြားအမိုးတန် ပစ္စည်းများ
6-9-2015 : နံနက် (၉ : ၃၀) အခမ်းအနား ဖွင့်လှစ်ခြင်း၊
ရန်အောင်၊ နိုင်းနိုင်း၊ ပြေတီဦး၊ နေတိုး၊ စိုင်းစိုင်းခမ်းလှိုင်၊ အောင်ရဲလင်း၊ ဇေရဲထက်၊
ထွန်းအိန္ဒြာဗို၊ စိုးမြတ်သူဇာ၊ ခိုင်သင်းကြည်၊ သက်မွန်မြင့်၊ ဝတ်မှုန်ရွှေရည်၊ ဖွေးဖွေး၊ ပိုင်းစုခိုင်သိန်း
6-9-2015 & 7-9-2015 : နိုင်ငံကျော်အနုပညာရှင်များမှ အမှတ်တရဓါတ်ပုံရိုက်ကူးခြင်းနှင့်လက်မှတ်ရေးထိုးခြင်း
*Rဇာနည်၊ တန်နီမြိုး၊ ဝေလ၊ ထွန်းအိန္ဒြာဗို၊ ပြုံးပြုံးကျော်သိန်း၊ ချမ်းချမ်း၊ပိုင်းစုခိုင်သိန်း၊နီနီခင်ဇော် တို့မှဖျော်ဖြေခြင်း*
(G-05A) မြေညီထပ်၊ Myanmar Plaza(HAGL)
Sedona Hotel အနီး၊ (ယခင်စက်မှု (၁) ဝန်ကြီးဌာန)ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့။

## *Special Grand Opening Sales 5%off*
## *18K White Gold Designs*



## t x;0r;en;alu ujci;

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

a':wilrli

**အသက်(၈၉)နှစ်**

ပဲခူးမြို့နယ်၊ ကင်းပိုင်ကျုံရွာနေ (ဦးမောင်ပု)၏ဇနီး၊ ဒေါက်တာဦးဝင်းကို(နှလုံးအထူးကုသမားတော်ကြီး၊ နှလုံးကုသဌာန၊ မြောက်ဥက္ကလာပဆေးရုံကြီး)-ဒေါက်တာဒေါ်ဝါဝါခင်(မျက်စိအထူးကုသမားတော်ကြီး)တို့၏မိခင်သည် ၃၁-၈-၂၀၁၅ ရက်မွန်းလွဲ ၂း၁၅ နာရီတွင် နေအိမ်၌ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် အထူးဝမ်းနည်းကြေကွဲရပါသည်။

**နေရှင်နယ် နှလုံးနှင့်အဆုတ်ရောဂါအထူးကု ဆေးခန်းဝန်ထမ်းမိသားစု**

**အမှတ်(၉၉)၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့**

## (1)vjyn vr;qw tr(a0jci;
## armia tmi vi;vu (14)Ep

**ဒေဝင် မသန်စွမ်းသက်ငယ်များပြုစုရာရိပ်မြုံ**

**(၅-၈-၂၀၁၅) - (၅-၉-၂၀၁၅)**

လူတိုင်းတစ်နေ့ ကြုံရမယ်ဆိုတာ သိပါတယ်။ ဒါပေမယ့်သားရယ် သားလေးကို အမေလွမ်းလိုက်တာ။ ရှေ့လျှောက် သားရေလို့ခေါ်လိုက်တိုင်း ဗျာ လို့ ထူးတဲ့ အသံလေး အမေမကြားရတော့ဘူး။ သားကို နေ့စဉ်သတိရလျက် မိသားစုအားလုံးက ပြုလုပ်ပေးတဲ့ကုသိုလ်အစုစုကို သားလေးသာဓုခေါ်နိုင်ပြီး နောင်ဘဝအဆက်ဆက် အသက်ရှည်ကျန်းမာသောဘဝကိုရရှိပါစေ ဆုတောင်းပေးရင်း. . .

သားလေးရေ အမျှ. . . အမျှ. . . အမျှ. . .

**ကျန်ရစ်သူ အမေ ဒေါ်လှလှအေး မိသားစု**

## 0r;en;alu ujci;
## 0;oe;atmi(uslrai;)

**အသက်(၈၃)နှစ်**

ကိုဇော်မင်းဦး၊ မသင်းသင်းမော်၊ ကိုကိုမောင်-ချိုချိုအောင် တို့၏ကျေးဇူးရှင်ဖခင်ကြီး ဦးသိန်းအောင်သည် ၃-၉-၂၀၁၅ ရက် နံနက် ၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ကိုမင်းမင်း-မစပယ်မြင့်ဦး**

**ကိုယောင်းယောင်း-မဌေးဌေးဆင့်**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

# t x;aus;Z;wi&jci;

## b&m;? &[e;? or? ausmi; '?, umrbu;

# a':aomi;lun

## (i;;o i;acmi;)

## t o u(၈၃)Ep

၂၇-၈-၂၀၁၅ ရက်တွင် ကွယ်လွန်သွားခဲ့သော ဒေါ်သောင်းကြည် အသက်(၈၃)နှစ် နာမကျန်းဖြစ်နေချိန်၌ ကုသပေးပါသော အာရှတော်ဝင်အထူးကုဆေးရုံမှ ဆရာဝန်ကြီးများနှင့် ဝန်ထမ်းများ၊ ဈာပနကိစ္စတို့တွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော Max Myanmar Holding Co.,Ltd. ၏ ကုမ္ပဏီခွဲအသီးသီးမှ ဝန်ထမ်းများအားလည်းကောင်း၊ ဧရာဝတီဘဏ်မှ ဝန်ထမ်းများအားလည်းကောင်း၊ ရေကြည်-ကျုံပျော် ဆန်စပါးအသင်းမှ ဝန်ထမ်းများအားလည်းကောင်း၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ သက်န်းပရိက္ခရာများ၊ လှူဖွယ်ပစ္စည်းများ ပေးပို့လှူဒါန်းကြသူများ၊ သတင်းစာများထဲတွင် ဝမ်းနည်းကြောင်း ထည့်သွင်းပေးပို့ကြသူများ၊ ရပ်ဝေးရပ်နီးမှ ဖုန်းဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း နှစ်သိမ့်အားပေးကြသူများ၊ လာရောက်ကူညီအားပေးနှစ်သိမ့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ အစစအရာရာ လိုလေသေးမရှိအောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါသော မိတ်ဆွေများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

# aus;Z;t x;wi&jci;

## a':jrijri& (64)Ep (yor)? w;e, m;y½? b&iaemi

ပုသိမ်မြို့နေ (ဦးကင်မလင်း-ဒေါ်ကျင်ရီ)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဦးစိန်ကီ-ဒေါ်ကျင်ဘိ)တို့၏သမီးချွေးမ၊ မခိုင်ဇာလွင်၊ မောင်ခင်ကို- ဒေါက်တာ ခိုင်ဆုမွန်(ခေတ္တ-UK)၊ မခိုင်ယုလွင်(ခေတ္တ-USA)တို့၏ချစ်လှစွာသောမိခင်၊ ဦးသိန်းလွင်(တိုးနယားပွဲရုံ၊ ဘုရင့်နောင်) (Sr.Executive Director အာရှတော်ဝင်ဆေးရုံ)၏ ချစ်လှစွာသောဇနီး ဒေါ်မြင့်မြင့်ရီ (၆၄)နှစ်သည် ၂၉-၈-၂၀၁၅ ရက် နံနက် ၈ နာရီတွင် ရုတ်တရက် ကွယ်လွန်သွားခဲ့ပါသည်။

ကွယ်လွန်သူ ဒေါ်မြင့်မြင့်ရီ၏ နာရေးကိစ္စအဝဝတွင် ကိုယ်တိုင်အခမ်းအနားပြင်ဆင်ပေးပါသော ဦးစွန်တိတ်-ဒေါ်လွမ်(တော်ဝင်အထူးကုဆေးခန်း၊ အာရှတော်ဝင်ဆေးရုံ)အားလည်းကောင်း၊ ကိုယ်တိုင်လာရောက်၍ အားပေးနှစ်သိမ့်ကူညီကြသည့် အာရှတော်ဝင် ဒါရိုက်တာအဖွဲ့ဝင်များနှင့် မိသားစုဝန်ထမ်းများ၊ အထူးကုဆရာဝန်ကြီးများ၊ ကုမ္ပဏီအသီးသီးမှ ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ဘုရင့်နောင်မှ ပွဲရုံလုပ်ငန်းရှင်များ၊ အဝယ်တော်များ၊ မြန်မာနိုင်ငံဆားလုပ်ငန်းရှင်များအသင်းမှမိတ်ဆွေများ၊ IBPC မှ (U Aik Htun & Members)များအားလည်းကောင်း၊ ရန်ကုန်တန်မျိုးနွယ် စွန့်တေ့ဘုရားကျောင်း၊ အင်းချွန်တောင်ဘုံရုံ၊ ပုသိမ်အင်းချွန်တောင်ဘုံရုံ၊ ဖောပင်(တန်)ဘုရားကျောင်းအားလည်းကောင်း၊ ပုသိမ်ကောလိပ် ၁၉၇၇ ခုနှစ် သင်္ချာဌာန- ဆရာ/ဆရာမကြီးများနှင့် ကျောင်းနေဖက်သူငယ်ချင်းများအားလည်းကောင်း၊ ပုသိမ်မြို့နယ်အသင်း(ရန်ကုန်)၊ အထက(၆)ပုသိမ် ကျောင်းသား/သူဟောင်းများ၊ ၁၉၇၉-၁၉၈၃ ပုသိမ်ကောလိပ် ရူပဗေဒ ကျောင်းသား/သူဟောင်းများအားလည်းကောင်း၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ အမေရိကန်နိုင်ငံမှ လူကိုယ်တိုင်လာရောက်ကူညီအားပေးသော သူငယ်ချင်းများအားလည်းကောင်း၊ လူကိုယ်တိုင် မလာရောက်နိုင်သော်လည်း ပြည်တွင်း ပြည်ပမှနေ၍ ဖုန်း၊ သတင်းစာဖြင့်ဝမ်းနည်းကြောင်း နှစ်သိမ့်အားပေးကြသူများ၊ လွမ်းသူ့ပန်းခြင်း၊ ပန်းခွေနှင့် ရက်လည်ဆွမ်းသွတ်တရားနာအတွက် လှူဖွယ်ပစ္စည်းများပေးပို့လှူဒါန်းကြသူများအားလည်းကောင်း၊ ကွယ်လွန်ချိန်မှစ၍ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးသည်အထိ ကိုယ်ရောစိတ်ပါ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော အာရှတော်ဝင်ဆေးရုံ၊ တိုးနယားပွဲရုံ၊ အောင်အောင်ပွဲရုံ၊ တိုးနယားဆားစက်မှ မိသားစုဝန်ထမ်းများနှင့်တကွ အခြားကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးအထူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

Hot Line No-0930500100

# ဒေသခံများ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေမည့် မအူပင်မြို့နယ် ပဲတပွတ်တံတား ဖွင့်လှစ်



**ရန်ကုန် စက်တင်ဘာ ၄**

ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန်နှင့် မအူပင်မြို့နှင့် ရန်ကုန်မြို့သို့ ကုန်စည်များအဆင်ပြေချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နှင့် သုံးခွကျွန်းဒေသကို ဆက်သွယ်ထားသည့် ပဲတပွတ်တံတား ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက အဆိုပါတံတားအနီးရှိ ယာယီမဏ္ဍပ်၌ ကျင်းပသည်။

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်က ဧရာဝတီတိုင်းဒေသကြီးသည် မြစ်ချောင်းအင်းအိုင်ပေါများသည့် ဒေသဖြစ်သည့်အတွက် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို လမ်း၊တံတားများက အထောက်အပံ့ပေးပါကြောင်း၊ ယခင်က တံတားကြီး/ငယ်နည်းပါးသည့်အတွက် တစ်မြို့နှင့်တစ်မြို့ သွားလာရန် လွန်စွာ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❋

## ရေဘေးသင့်ဒေသများသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မီးစက်များ ပေးအပ်လှူဒါန်း



**ပုသိမ် စက်တင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရေဘေးသင့်ဒေသများတွင် အသုံးပြုရန် လှူဒါန်းသော *3KV* မီးစက် အစုံ ၁၀၀ ကို တပ်မတော်သုံး *SINO TRUK* ယာဉ်လေးစီးဖြင့် ပုသိမ်မြို့သို့ စက်တင်ဘာ ၄ ရက် မွန်းလွဲပိုင်းက ရောက်ရှိလာသည်။

အဆိုပါရောက်ရှိလာသော မီးစက်များအား အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တေဇကျော်၊ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာလှိုင်၊ လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးစောမြသိန်းနှင့် တာဝန်ရှိသူများက ပစ္စည်းများ စနစ်တကျလက်ခံနေမှုများ၊ အမိုးအကာအောက်ရောက်ရှိရေးနှင့် ရေဘေးသင့်ဒေသများသို့ အချိန်မီ ရောက်ရှိရေးကို စနစ်တကျ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❋


ယနေ့ မာတိကာ

မောင်းသူမဲ့လေယာဉ်
စာမျက်နှာ - ၂

ရန်ကုန်တိုင်းဒေသကြီး၌ ယှဉ်ပြိုင်မည့် ရွေးကောက်ပွဲဝင် ကိုယ်စားလှယ်လောင်းများစာရင်း ထုတ်ပြန်မည်
စာမျက်နှာ - ၃

ကမ္ဘာတစ်ဝန်း စစ်ရေးပဋိပက္ခများကြောင့် ကလေးသူငယ် ၁၃ သန်းကျော် ကျောင်းမတက်နိုင်
စာမျက်နှာ - ၄

ရေဘေးသင့်ဒေသများတွင် ကူးစက်ရောဂါကပ်အသွင်ဖြစ်ပွားမှု မရှိ
စာမျက်နှာ - ၇


## ဟုမ္မလင်း၊ ဖောင်းပြင်၊ မော်လိုက်၊ ကလေးဝ၊ မင်းကင်း၊ ခန္တီးနှင့် ငါးသိုင်းချောင်းမြို့တို့ စိုးရိမ်ရေမှတ်အထက် ကျော်လွန်နေ

**နေပြည်တော် စက်တင်ဘာ ၄**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ငါးပေခန့်၊ ဖောင်းပြင်မြို့တွင် လေးပေခွဲခန့်၊ မော်လိုက်မြို့တွင် ငါးပေခွဲခန့်၊ ကလေးဝမြို့တွင် နှစ်ပေခန့်၊ မင်းကင်းမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့တို့၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ဟုမ္မလင်းမြို့တွင် ပေဝက်ခန့်၊ နောက်နှစ်ရက်အတွင်း ဖောင်းပြင်မြို့တွင် သုံးပေခွဲခန့်နှင့် မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မင်းကင်းမြို့တို့တွင် ငါးပေခန့်စီ ဆက်လက် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❒

## အင်ဒိုနီးရှားနိုင်ငံ အန်ဘွန်ကျွန်းမှ မြန်မာရေလုပ်သားများအား စင်းလုံးငှားလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ပို့ဆောင်နိုင်ရေး စီစဉ်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၄**

အင်ဒိုနီးရှားနိုင်ငံ၌ လူကုန်ကူးခံရပြီး ရောက်ရှိနေသည့် မြန်မာရေလုပ်သား စုစုပေါင်း ၅၁၄ ဦးကို ၂၀၁၅ ခုနှစ် မေလနှင့် ဇွန်လအတွင်း စင်းလုံးငှားလေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့ပြီး ဖြစ်သည်။

ထပ်မံ၍ အင်ဒိုနီးရှားနိုင်ငံ အန်ဘွန်ကျွန်းတွင် ထိန်းသိမ်းခံထားရသည့် မြန်မာရေလုပ်သားများအနက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ နိုင်ငံသားစိစစ်ပြီးသည့် ရေလုပ်သား ၁၀၀ ခန့်ကို စက်တင်ဘာ ၅ ရက်တွင် အန်ဘွန်ကျွန်းမှ မြန်မာနိုင်ငံသို့ စင်းလုံးငှားလေယာဉ်ဖြင့် ပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဆောင်သော သံရုံးကိုယ်စားလှယ်အဖွဲ့သည် အန်ဘွန်ကျွန်း၌ အခြေပြု၍ ရေလုပ်သားများ၏ လုပ်ခလစာအပြည့်အဝရရှိရေးအတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိရာ ပြန်လည်ခေါ်ယူမည့် ရေလုပ်သားများအနက်မှ ရေလုပ်သား ၈၀ ၏ လစာအပေါ် သဘောတူညီချက်ရရှိပြီး ကျန်ရေလုပ်သားများ၏ လစာများရရှိရေးအတွက် ဆက်လက်ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**






themirror.npt@gmail.com
www.facebook.com/themirrordaily